
www.burmeseclassic.com

သစ္စာမွန် စာပေ

အချစ်နဲ့စွန့်စားခန်း လုံးချင်းဝတ္ထုသန့်သန့်

# ရွှေဘဝင်

ပဒ္ဒလက် မြိုင်



www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေခြင်း | - | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | (၅၀၀)ကျပ် |
| ထုတ်ဝေသူ | - | ဦးသက်လွင်(သစ္စာမွန်စာပေ)(၀၀၇၇၃)<br>အမှတ်(၁၈)၊ မလွှကုန်းလမ်း<br>ကျောက်မြောင်း၊ တာမွေ။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ | - | ဦးသက်လွင်(၀၀၆၅၁)<br>သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ်(၁၀၆)၊<br>တာမွေလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ကွန်ပျူတာ | - | ဝန်းအိမ် |
| ဖြန့်ချိရေး | - | သစ္စာမွန်စာပေ |
| အတွင်းသရုပ် | - | ကိုအောင်ကျော် |
| စာအုပ်ချုပ် | - | သစ္စာမွန် |

၈၉၅.၈၃

ရွှေဘဝင်

ပန္နလက်မြိုင်/ရွှေဘဝင်။ - ရန်ကုန်

သစ္စာမွန်စာပေ၊ ၂၀၁၈။

၂၁၈ - စာ၊ ၁၂×၁၈ စင်တီ။

(၁) ပန္နလက်မြိုင်

www.burmeseclassic.com

www.burmeseclassic.com

သစ္စာမွန်စာပေတိုက်

၂၀၁၊ ဒုတိယထပ်၊ (၃၂)လမ်းအထက်

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၁ - ၅၄၁၄၂၁

www.burmeseclassic.com

www.burmeseclassic.com

# အခွင့်

ကျွန်မတို့နှစ်ယောက် ကားဂိတ်သို့ရောက်တော့ နေ့စဉ် ပုံမှန် ထွက်နေကျ အဝေးပြေးကားမှာ ထွက်သွားပြီဖြစ်သည်။ နယ်စပ် မြို့ကလေးဖြစ်သောကြောင့် တစ်ရက်လျှင် ကားနှစ်စီး သာပုံမှန် ပြေးဆွဲသည်။

"ဟူး ..ဘယ်လိုလုပ်ကြမလဲ ကြွေ..."

သူငယ်ချင်းဖြစ်သူ လဲ့လဲ့သင်း၏ အမေးစကားကို ကျွန်မ ဘယ်လို အဖြေစကားဆိုရမည်ကို မသိအောင်ဖြစ်ခဲ့ရပြီး နယ်မြေ အခြေအနေနှင့် ပတ်သက်ပြီး ကျွန်မတို့ ဘာတစ်ခု တလေမှ မသိရိုး အမှန်။



www.burmeseclassic.com

www.burmeseclassic.com

# အဖွင့်

ကျွန်မတို့နှစ်ယောက် ကားဂိတ်သို့ရောက်တော့ နေ့စဉ် ပုံမှန်ထွက်နေကျ အဝေးပြေးကားမှာ ထွက်သွားပြီဖြစ်သည်။ နယ်စပ်မြို့ကလေးဖြစ်သောကြောင့် တစ်ရက်လျှင် ကားနှစ်စီး သာပုံမှန်ပြေးဆွဲသည်။

"ဟူး ..ဘယ်လိုလုပ်ကြမလဲ ကြွေ..."

သူငယ်ချင်းဖြစ်သူ လဲ့လဲ့သင်း၏ အမေးစကားကို ကျွန်မဘယ်လို အဖြေစကားဆိုရမည်ကို မသိအောင်ဖြစ်ခဲ့ရပြီး နယ်မြေအခြေအနေနှင့် ပတ်သက်ပြီး ကျွန်မတို့ ဘာတစ်ခု တစ်ခုမှမသိရှိ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်နိုင်ငံတွင် အလုပ်ကောင်းကောင်းရပြီး လစာကောင်းတယ်ဆိုသည့် အလုပ်ပွဲစား လူပွဲစားများ၏ပြောစကားများကို ယုံစားပြီးလိုက်လာခဲ့မိသော ကျွန်မ၏ အမှားကြောင့်ခုလို ဒုက္ခနှင့် ရင်ဆိုင်ကြုံတွေ့နေရခြင်း ပင်ဖြစ်သည်။

လှဲ့လှဲ့သင်းနှင့် ကျွန်မ ကြွေရီမင်းသူ တို့မှာ တစ်ဖက် နိုင်ငံစားသောက်ဆိုင်တစ်ခုတွင် အတူတူလုပ်ကိုင်ရင်း ခင်မင်ခဲ့ကြသူတွေဖြစ်သည်။

ဘဝတူ ဒုက္ခတူ နိုင်ငံတူများဖြစ်ကြ၍ ကျောချင်းကပ်ပြီးထွက်လာကြခြင်းဖြစ်သည်။

"ကြွေ သူတို့လိုက်လာကြရင် ဘယ်လိုလုပ်မလဲ"

"လှဲ့..ရာ ကိုယ့်နိုင်ငံမြေပေါ်ကို ခြေနင်းနေပြီပဲဟာ. ဘာမှကြောက်စရာ မလိုတော့ဘူး. သူတို့လည်း ဒီဘက်ကို ကူးရဲတဲ့ သတ္တိမရှိပါဘူး။ ငါစိုးရိမ်တာက ခရီးဘယ်လို ဆက်ရမလဲဆိုတာပဲ။ ကိုသိုက်ပြောလိုက်သလိုဆိုရင် ဒီကားဂိတ်က ကားနေ့တိုင်းရှိတယ်ဆိုပေမယ့် ငါတို့ဒီညဘယ်မှာ အိပ်မလဲ ပြောက်ပြီး ငါတို့က



www.burmeseclassic.com

www.burmeseclassic.com



နီးကလေးတွေဖြစ်နေတော့ ပိုဆိုးတာပေါ့ ငါတော့ ဒီနေ့ပဲ ပြန်ချင်တယ်"

"တည်းခိုခန်းတွေမှာ သွားပြီးတည်းရင်ရော..."

"လှဲ ငါတို့ (၂)ယောက်ပါလာတဲ့ငွေနဲ့ တည်းခိုခန်းမှာတည်းဖို့ စိတ်မကူးနဲ့ ဒီမှာရှိတဲ့ တည်းခိုခန်းခတွေက ဈေးကဲ အရမ်းမြင့်တယ်။ ပြီးတော့ ငါတို့မှာ ရှိတဲ့ငွေက စားစရိတ်နဲ့ ကားခရယ် ချောက်ပြီး မန္တလေးထိ ခရီးဆက်ရဦးမှာဟ"

"အေးဟယ် ငါတို့ဘဝကလည်း နုံချာလိုက်တာဟာ၊ ရှိတဲ့ငွေအလည်း မန္တလေးရောက်တဲ့အထိ မနည်းချွေတာသုံးရမှာ"

"ဒီနေရာက မှောင်ခိုကြားခံနယ်ဖြစ်တော့ စီးပွားရေး သမားတွေက ထင်သလိုလုပ်နေကြတာပါ။လူတိုင်း နိုင်ငံခြား ငွေသုံးနိုင်တာမှ မဟုတ်တာ လူ့အခြေအနေကို ကြည့်ပြီး တောင်းတာလို့ ဆိုသိုက်ပြောဖူးတယ်"

ကိုသိုက်ဆိုသည်မှာ ကျွန်မတို့ နှစ်ယောက်ကို တစ်ဖက်နိုင်ငံကနေ ခေါ်ထုတ်ပေးခဲ့သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုသိုက်ပါ ပါလာရင် သိပ်ကောင်းမှာပဲနော်"

"သူက လိုက်လို့ မဖြစ်သေးဘူးလေ့… သူ့ချစ်သူကို ခေါ်ထုတ်ဖို့ ကြိုးစားရဦးမယ်…"

"သူ့ချစ်သူ ဆိုတာ မျိုးသီတာ မဟုတ်လား"

"အင်း ဟုတ်တယ်… သူတို့စက်ရုံက ထောင်ကြီးလိုပဲဟ… အလုပ်ထဲကို ရောက်သွားပြီဆိုရင် (၃)လ လောက်မှ အပြင်ကို တစ်ရက်ထွက်ခွင့်ရတာဟ· ဒါကြောင့် ကိုသိုက် စောင့်ရဦးမှာ…"

ကျွန်မတို့နှင့် ကိုသိုက်မှာ စားသောက်ဆိုင်တွင် သိကျွမ်းခဲ့သူတွေဖြစ်ပေမယ့် ကျွန်မတို့ အပေါ်မှာတော့အစ်ကို တစ်ယောက်လို စောင့်ရှောက်ခဲ့သူ…

"ကြွေရေ… ရပ်နေလို့တော့ ဘာမှမဖြစ်လာဘူး တစ်ခုခုတော့ ကြံဦးမှပဲ အရေးထဲ ဗိုက်ကဆာလာပြီ"

လဲ့လဲ့သင်းပြောသလို ကျွန်မလည်း ဗိုက်ထဲမှာ ဟာနေ လေပြီ ကျွန်မတို့စတင်ထွက်လာခဲ့သည်မှာ ဒီနေ့နှင့်ဆို (၂)ရက် ပင်ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ကြပေမယ့် ထမင်းတစ်နပ်သာ စားခဲ့ပြီး ကျန်အနပ်များမှာ ထမင်း မစားရဘဲ တွေ့ကရာစားပြီး ရေသောက်ခဲ့ရသဖြင့် ဗိုက်က ခံနိုင်ရည်သိပ်ပြီးမရှိလှတော့…

"တစ်ခုခု စားရင်းနဲ့ စဉ်းစားကြတာပေါ့ဟာ"

စားသောက်ဆိုင်များကို တွေ့နေရပေမယ့် ဝင်ပြီးစားရမှာကို ခပ်တွန့်တွန့်… ကျွန်မတို့ကြောက်သည်မှာ အစားအသောက် ဈေးနှုန်းကိုဖြစ်၏။ ပြန်ရမည့် ခရီးစဉ်က အရှည်ကြီးဖြစ်ပြီး လမ်းတွင်ငွေပြတ်သွားလို့ မဖြစ်နိုင်ပေ။

"ဟိုမှာ… လမ်းဘေးစားသောက်ဆိုင် ကလေးသိမ်းတောင် သိမ်းဖို့ပြင်နေပြီ"

" မြန်မြန်သွားကြရအောင်"

ထမင်းဆိုင်ကလေးဆီသို့ ခပ်သွက်သွက်လျှောက်လာပြီး

"အဒေါ် သိမ်းတော့မလို့လား"

"အေးကွယ်… ဒီအချိန်က ထမင်းရောင်းချိန်ကုန်သွားပြီ လေ… ဘယ်သူမှစားကြမှာ မဟုတ်ဘူး အပြင်ထွက်ပြီး ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သူမှ စားရဲမှာမှမဟုတ်တာ”

“ရှင်… ဟို ဘာဖြစ်လို့လဲအဒေါ်”

“သမီးတို့က ဒီနယ်မြေကို ခုမှရောက်တာနဲ့တူတယ်”

“ဟုတ်ပါတယ်… အဒေါ်”

“ဒီအကြောင်း မပြောခင် သမီးတို့ ထမင်းစားကြမလို့လား”

“ဟုတ်ကဲ့…”

“ဆိုင်မှာတော့ ထိုင်ပြီးစားလို့တော့ မရဘူးကွယ့် အိမ်ထဲကို ဝင်ပြီး စားကြ…ဟုတ်လား”

“အဒေါ် အခုဝင်ပြောသလို စီစဉ်ပေးပါ”

“ဒါဆို အိမ်ထဲဝင်ကြကွယ် လူဂျာရေ ဒီကမင်းမမတွေကို စားပွဲပြင်လိုက်ပါကွယ်”

အဒေါ်ကြီး စားပွဲထိုးကောင်လေးကိုလှမ်းပြောလိုက်ပြီး…

“ဟင်းကတော့ ဆိတ်သားဟင်းတစ်မျိုးပဲ ကျန်တော့တယ်”

“ဘာနဲ့ဖြစ်ဖြစ် စားလို့ရရင်ဖြစ်ပါတယ်”

ကျွန်မတို့နှစ်ယောက် အိမ်ကလေးပေါ်မှာ ထမင်းစား နေကြ



www.burmeseclassic.com

www.burmeseclassic.com



ရင်း..

"ဒေါ်လေး ခုနကစကားလေးကို ဆက်ပါဦး ဘာဖြစ်လို့ အပြင်ကို မထွက်ရဲကြတာလဲ..."

"ခု သမီးတို့ ရောက်နေတဲ့ နေရာဟာ မူးယစ်ဆေး ဝါးမှောင်ခို သမားတွေ ခြေရှုပ်တဲ့နေရာလေ... ဒါကို ပြည်သူ့ရဲတပ်ဖွဲ့တွေနဲ့ နယ်ခံပြည်သူ့စစ်တွေက လိုက်လံရှင်းလင်း ဖမ်းဆီးနေတာဆိုတော့ တစ်ခါတစ်ခါပစ်ခတ်မှုတွေရှိနေတယ်...ပြီးတော့ ညနေ (၆း၀၀)နာရီဆို အပြင်မထွက်ရဲတော့ဘူး... ဒီမှာလုပ်ကိုင်စား သောက်ရတာ မလွယ်လှပါဘူးကွယ်၊ စကားမစပ် သမီးတို့ ဘယ် ကိုသွားမလို့လဲ..."

"ကျွန်မတို့ (၂)ယောက်က မန္တလေးကို ပြန်ကြရမယ့် သူတွေပါ အဒေါ်..."

ကျွန်မသည် ကျွန်မတို့အကြောင်းကို မကွယ်မဝှက်ဘဲ အကြောင်းစုံရှင်းပြလိုက်လေသည်။

"သမီးတို့တော့ ဒုက္ခပဲ... ဒီနယ်မြေမှာ အခု ဘယ်တည်းခို



www.burmeseclassic.com

www.burmeseclassic.com



ခန်းမှ မဖွင့်ရတော့ဘူး။ ပြီးတော့ အိမ်တွေကိုလည်း မှာထားတာ က ညွှန်သည်ဆိုရင်ခွေမျိုးရင်းချာကလွဲလို့ တခြား ဘယ်သူ့ကိုမှ လက်မခံရဘူးတဲ့ကွယ်"

ကျွန်မတို့ နှစ်ယောက်မှာ ထမင်းတောင်ဆက်ပြီး စားချင်စိတ်မရှိတော့လောက်အောင် စိတ်ညစ်သွားသည်။ကယ်တင်ရှင်ကင်းဝေးသော ဘဝကို ရောက်နေလေပြီ။

"ဒေါ်ချောရေ… ဒေါ်ချော"

"ဟဲ့… မင်းမင်း ဘာလုပ်မလို့လဲ"

"ထမင်းဟင်း လက်ကျန်လေးတောင် မရှိတော့ဘူးလားဗျာ ဗိုက်ဆာလာလို့"

"အေး တစ်ယောက်စာတော့ ရသေးတယ်"

မင်းမင်းဆိုသော လူလည်း ကျွန်မတို့လိုပဲ အိမ်ပေါ်တက်ပြီး ကျွန်မတို့ ဝိုင်းတွင်ထိုင်ပြီးစားသောက်နေသည်။

"နင့်ကားရော"

"ဝှက်ထားရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ့်ကြောင့် နင်ကမပြန်သေးဘဲ ဒီအချိန်ထိ သောင်တင်နေရတာလဲ"

"လူ(၂)ယောက် ဟိုဘက်ကနေ ရောက်လာမယ်ဆိုလို့စောင့်နေရတာ ခုထိရောက်မလာသေးဘူး"

"ကျုပ်တဲ့ လူတွေရော မင်းမင်း"

"ကားထဲမှာ နေခိုင်းထားရတာပေါ့၊ တစ်ခုခုဖြစ်နေပြီလားမသိဘူး၊ ဒီမှာက အခြေအနေမကောင်းဘူး၊ နောက်တစ်နာရီစောင့်လို့မှ မလာရင်တော့ မောင်းထွက်ရမှာပဲ ဒေါ်ချောရေ... တိုယ့်ဘက်က တာဝန်ကျေပြီ"

"မင်းမင်း နင် ဒီကလေးမလေးတွေကို တစ်ခုလောက် ကူညီပါလား"

"ကျွန်တော် ဘာကူညီရမှာလဲ၊ ဒေါ်ချော"

"သူတို့က မန္တလေးဘက်ကို ပြန်ကြမှာလေ... မင်းကားနဲ့ခေါ်သွားလို့မရဘူးလား"

"ဒေါ်ချောရယ် ကျွန်တော့်ကားက ဖားအံရောက်ရင် ဂိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပြီလေ။ ဘယ်လိုလုပ်ပြီး မန္တလေးကို ပို့နိုင်မှာလည်း ပြီးတော့ လမ်းကတခြားစီပဲ"

"ငါသိပါတယ်၊ ဖားအံရောက်မှ သူတို့ခရီးဆက်မှာ ပေါ့ကွယ် ဒီကနေထွက်ဖို့က အရေးကြီးတယ်"

"ဒေါ်ချောသိတဲ့အတိုင်း ကျွန်တော်က ကားထိုင်ပြီး ထိုင်ခုံ လုံပြည့်တာနဲ့ထွက်တာပဲ၊ လူပိုမတင်တော့ဘူး၊... အခုကထိုင်ခုံ ပြည့်နေလို့ပါဗျာ"

"အစ်ကိုရယ် ကျွန်မတို့ တကယ်ကို ဒုက္ခရောက်နေကြလို့ပါ"

ကျွန်မ၏ အသနားခံစကားလေးကြောင့် မင်းမင်းဆိုသူ ခဏမျှ တွေးဝေသွားပြီ...

"ဟိုဘို(၂)ယောက်မလာရင် လိုက်ခဲ့ဗျာ ရောက်လာရင်တော့ မတတ်နိုင်ဘူး"

"ကျွန်မတို့ ဘယ်လိုပဲ လိုက်ရလိုက်ရ လိုက်မှာပါ၊ ဒီနယ်မြေ မှာကဘယ်လိုမှ နေလို့မရတာ အစ်ကိုသိပါတယ်၊ ကူညီပါ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟူး… ကျုပ်က သနားတတ်တာနဲ့တော့ ခက်နေပြီ၊ ဖြစ်ချင်ရာဖြစ် လိုက်ခဲ့ကြဗျာ၊ ဒုက္ခတော့ နည်းနည်းရောက်လိမ့်မယ်နော်"

"ဟုတ်ကဲ့…ရပါတယ်ကျေးဇူးပါပဲ…လှဲလှဲ…လာ… သွားကြမယ်.."

ကျွန်မတို့ ထမင်းဆိုင်မှအဒေါ်ကြီးကို ထမင်းဖိုးရှင်းပေးပြီး ကား ဒရိုင်ဘာ မင်းမင်းခေါ်ဆောင်သည့် နောက်ကို လိုက်ခဲ့ကြတော့သည်။

"ဟေ့…ကားဒရိုင်ဘာ ဘယ်လိုလဲကွာ… အချိန်က မကောင်းတော့ဘူး မင်းကားက မထွက်သေးဘူးလား"

"ခု ထွက်မယ့်ဗျို့၊ ကဲ… ညီမတို့ (၂)ယောက် နောက် (၄)ယောက်တန်းခုံမှာ ဝင်ပြီးထိုင်ကြ"

ကျွန်မတို့ စီးရမည့်ကားလေးမှာ (            )ကား ဖြစ်ပြီး ကားပေါ်တွင် ကျွန်မတို့ (၂)ယောက် အပါအဝင် လူ(၈) ယောက်၊ ဒရိုင်ဘာနဲ့ဆိုရင်တော့ (၉)ယောက် တစ်ဖက်နိုင်ငံမှ အလုပ်လုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မြန်လာကြသူများကို ပို့ဆောင်ပေးနေသောလုပ်ငန်း အေးဂျင့်တစ်ခုမှ တာဆောင်ဖြစ်သည်။ ကျွန်မကားပေါ်ကို ရောက်မှပဲ ကားပေါ်ရှိ လူများကို သတိထားပြီးလေ့လာမိ၏။ ကားနောက်ခန်းတွင် အမျိုးသားကြီး တစ်ဦးနှင့် အသက်(၉)နှစ်ဝန်းကျင် လောက်ရှိသော ကလေးငယ်တစ်ဦးနှင့်ကျွန်မတို့ ရှေ့တွင် အမျိုးသမီး (၂)ဦးနှင့် ယောကျ်ား (၁)ဦးရှိပြီး ကျွန်မတို့ (၂)ယောက်နှင့် အသက်ချင်း သိပ်ပြီး ကွာမည့်ပုံမပေါ်။ ကျွန်မတို့ (၄)ယောက်ခုံမှာတော့ ကျွန်မနှင့် လှဲလှဲသင်းအပြင် ဘေးမှာ ဦးထုပ်ကို မျက်နှာပေါ်တွင် အုပ်ပြီးအိပ်နေသော လူတစ်ယောက်…

"ဝူး…"

ကားလေးမောင်းထွက်တော့မှာ စိတ်ထဲမှာဖြစ်ပေါ်နေသော မွန်းကျပ်မှုတွေကို မှုတ်ထုတ်လိုက်ရတော့သည်။

ကားမှာ တောလမ်းတစ်ခုမှမောင်းနေသောကြောင့် ဘေးဘက်ရှိ မြင်ကွင်းများကိုလည်း သစ်ပင်များနှင့် ချုံပုတ်များမှ လွဲပြီး ဘာမှမတွေ့ရပါ။ တောလမ်းဖြစ်သဖြင့် ကားမှာ ခုန်ပေါက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခြင်းတစ်ကောင်ပြေးသလိုဖြစ်နေ၏။

"ဖောင်း…ဖောင်း"

"ဟာ အကုသိုလ်ဆိုးတွေနဲ့တော့တိုးပြီ"

ကားရှေ့ခပ်လှမ်းလှမ်းတွင် လူ(၃)ယောက် သေနတ်ထောင်

ထားကာ်ပြီး ကားကိုတားနေသည်။

"ဘာကောင်တွေလဲ ငါ့တူ"

"အလကား လူ(၁၀)ယောက်လောက်နဲ့ သေနတ်ကိုင်ပြီး

ခါးပြတိုက်စားနေတဲ့ ကောင်တွေ"

"ဒါဆိုလည်း ရပ်ပေးမနေနဲ့ ဝင်ပြီးသာတိုက်ပစ်လိုက်ပေါ့

ဗျာ.."

"ဗျာ…"

ကျွန်မတို့ဘေးမှလူ အိပ်နေရာမှ ခေါင်းထောင် မကြည့်ဘဲ

လှမ်းပြောလိုက်ခြင်းဖြစ်သည်။

"မင်းမတိုက်ရဲရင် ငါတိုက်ပြမယ်၊ ကားရပ်လိုက် မင်းနဲ့

ငါနေရာချင်းလဲပြီးမောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား… တကယ်ပြောတာလား"

"ဘာလဲ မင်းကို ငါမြှောက်ပေးနေတယ်လို့များထင်နေလို့လား…"

"ဒါဆို လာပြီးမောင်း ကားရပ်လို့မဖြစ်ဘူး၊ ရပ်တာနဲ့ ဒီကောင်တွေက လှမ်းပြီးပစ်မှာ"

"အေး ငါမင်းဆီကို လာခဲ့မယ်"

ထိုလူကျွန်မတို့ နေရာကနေ ရှေ့ခန်းဘက်သို့ ကူးသွားပြီး ဒရိုင်ဘာမင်းမင်းနှင့် လူချင်းလဲလိုက်သည်။

"ကားပေါ်က လူတွေ ခေါင်းတွေငုံ့ပြီး ဘုရားတ,နေကြပါ"

"မောင်ရင်ရယ် ဖြစ်ပါ့မလားကွယ်"

"မဖြစ်နိုင်ဘူးဆိုတာ မဖြစ်ဘူးထင်တဲ့လူတွေဆီမှာပဲ ရှိပါတယ်အန်ကယ်"

ထိုလူက ခပ်အေးအေးပဲ ကားကိုအရှိန်လျှော့ကာမောင်းတာရင်း ခါးပြများနှင့် အနီးဆုံးနေရာသို့ရောက်သည်နှင့်…

"ဝူး…ဝူး"



www.burmeseclassic.com

www.burmeseclassic.com



ကားလီဗာကို အမှတ်မထင်နှင်းပြီး လမ်းကိုပိတ်ရပ်နေသည့်
(၃)ယောက်ဆီသို့ အရှိန်ပြင်းစွာမောင်းဝင်လိုက်သည်။

"ဘုန်း...အား"

(၃)ယောက်ထဲမှ တစ်ယောက်မှာ ဘေးဘက်သို့ခုန်ပြီး ရှောင်
လွှတ်သော်လည်း နောက်ကြည့်မှန်နှင့်ရိုက်မိပြီးလွင့်စဉ်ထွက်သွား
သည်။

"ဖောင်း...ဒိုင်း..ချွင်"

ကားကိုနောက်မှလှမ်းပြီး ပစ်ပေမယ့်လူကိုမထိဘဲကားနောက်
ကြည့်မှန် တစ်ချပ်ကိုထိမှန်ကာကွဲသွားလေသည်။

"ရှူး..."

"တယ်ပြီး အဆင့်မြင့်တဲ့ဓားပြတွေပဲဟေ့ ဟား ဟား ဟား
ငါကယ်နဲ့ကား အားပြိုင်ပွဲလေးနွဲကြရတာပေါ့ကွာ"

ဓါးပြ (၄)ယောက် လမ်းဘေးရှိသစ်တောအုပ်ထဲမှာ ဆိုင်
ကယ်(၂)စီးဖြင့် ကားနောက်သို့ လိုက်လာခဲ့ကြလေသည်။

"ဒိုင်း...ဒိုင်း...ဒိုင်း"

[illegible]

www.burmeseclassic.com

www.burmeseclassic.com



နောက်ကာနေ သေနတ်နှင့်လှမ်းပြီးပစ်ပေမယ့် ကားကို တောင်

ထိမှန်ခြင်းမရှိ။

"ကားတစ်စီးလုံးတောင်မမှန်တဲ့ သေနတ်တွေကို ကိုင်ထား

သလားမသိဘူး ဟား ဟား ဟား…"

ကျွန်မတို့မှာ လိပ်ပြာလွင့်မတတ်ကြောက်လန့်နေပေမယ့် ထိုလူ

ကတော့ ရုပ်ရှင်ဇာတ်ကြမ်းရိုက်နေသလားမှတ်ရသည် ဘာမှ

မဖြစ်သလို…

"ရှေ့က တံတားက ကောင်းသေးလား"

"မကောင်းတော့ဘူး အလယ်မှာသစ်သားတွေက ကျိုးနေပြီ"

"အောက်ခြေပိုင်းတော့ ကောင်းတယ်ပေါ့"

"တံတားတိုင်တွေက မာတယ်၊ တံတားပေါ်ကို ကား ဘီးချပြီး

မောင်းဖို့ကတော့ မလွယ်ဘူး၊ ကျွန်တော်တို့က ချောင်းအရှေ့ဘက်

ကနေဖြတ်ပြီး ကူးနေရတာကြာပြီ"

"မင်းပြောတဲ့ လမ်းကနေ သွားရင် ဘယ်လိုမှလွတ်မှာ မဟုတ်

ဘူးကွ၊ တံတားပေါ်ကပဲဖြတ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ..."

ခါးပြတွေ လက်ချက်နှင့် မသေဘဲ တံတားပေါ်က ပြုတ်ကျပြီး သေရမည့်ဘဝကို ရောက်ပြီလားမသိ။

"မောင်ရင်ရယ် ဖြစ်ပါ့မလားကွယ်"

"အန်ကယ့်ကြည့်ရတာ ခါးပြတွေကို သဒ္ဓါပေါက်နေပြီ နဲ့တူတယ်၊ ကားပေါ်က ဆင်းပြီး ပါလာတာလေးကို လှူဒါန်းလိုက်လေ.. ကားရပ်ပေးရမလား"

"ဟာ မ.... မရပ်နဲ့ မောင်း...မောင်း"

ထိုလူကြီး သူ့ပေါင်ပေါ်မှ လွယ်အိတ်ထဲမှာဘာတွေ ပါသလဲတော့မသိ၊ လွယ်အိတ်ထုပ်ကို လက်နှစ်ဖက်ဖြင့် ရင်ဘတ် ကြားတွင် ပိုက်ကာထားသည်။

"ဘုရား...ဘုရား... ဘုရား"

ကားတစ်စီးမောင်းနိုင်ရုံမျှသာရှိသော တံတားကြီး တစ်ဖက်ခါသို့ ကားကို မောင်းတက်လိုက်ပြီး....

"မျက်လုံးမှိတ်ပြီး ဘဝကူးကောင်းအောင်အရုံပြုထား



www.burmeseclassic.com

www.burmeseclassic.com



ကြပေါ့"

"ရှူး…"

ကျွန်မကိုယ်တိုင် စိတ်ထဲကနေဘုရားတ,လိုက်မိတယ်…

ကားစက်ကိုမြှင့်ပြီး တံတားကို ဖြတ်ကျော်ခဲ့သော ထိုသူ၏

ကားမောင်းကျွမ်းကျင်မှုကို တံတားတစ်ဖက်ဆီသို့ ရောက်မှ

ကျေးဇူးတင် ချီးကျူးမိတော့သည်။ ဆိုင်ကယ်သမား တွေကလည်း

အားကျမခံတံတားပေါ်သို့ ဖြတ်ကူးကြပေမယ့် ကံမကောင်းခဲ့

ကြချေ။

"ဝုန်း…အား…ဝုန်း"

ခါးပြဆိုင်ကယ်(၂)စီးလုံးတံတားပေါ်မှ ပြုတ်ကျသွား

တော့သည်။ ရေထဲတွင် သေသည် ရှင်သည်တော့မပြောတတ်…

"ရှူး…ကျွိ"

ကားကို အချိန်အနည်းငယ်ကြာအောင် ဆက်လက် မောင်းနှင်

လာပြီးနောက် သစ်ပင်ကြီးတစ်ပင် ခြေရင်းတွင်ထိုးရပ်လိုက်ပြီး

"ကဲ…ကားဆရာ ခင်ဗျားကားကို ပြန်ပြီးမောင်းလို့ ရပါပြီ



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘီးတစ်လုံး လေလျော့နေတယ် ဘီးအသစ်လဲ မှရမယ်”

“ကားပေါ်က လူအားလုံး အောက်ကိုခဏဆင်းပြီး နားကြပါဦး၊ ကားဘီးလဲလိုက်ပါဦးမယ်”

ကျွန်မတို့နှစ်ယောက်လည်း တခြားခရီးသည်များနှင့် အတူကားပေါ်မှ အောက်သို့ဆင်းပြီး အညောင်းပြေ လမ်းလျှောက်နေစဉ် ထိုလူမှာအေးအေးလူလူမနေဘဲ ဒရိုင်ဘာနှင့် ဝိုင်းပြီး ကူညီလုပ်ကိုင်ပေးနေသည်။ ကားပေါ်မှာ ပါလာသောတခြား ယောကျ်ားလေး တစ်ယောက်မှာ အဖော်မိန်းကလေး(၂)ဦးနှင့် တွတ်ထိုးပြီး ရယ်မောနေသည်။

“စောစောက သွေးပျက်တဲ့မျက်နှာနဲ့ ခုတော့ ပြက်လုံးတွေနဲ့ သဘောကျနေတယ်… ဟွန်း”

လှဲ့လှဲ့သင်းမှာ ထိုလူကိုကြည့်ပြီး ဒေါသတွေ ထွက်နေသည်။ ဒေါသထွက်မည်ဆိုလည်း ထွက်ချင်စရာ ကောင်းတဲ့လူ‥။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

ကားတစ်စီးထဲတွင် အတူတူလိုက်ပါလာကြပေမယ့် တစ်
ယောက်နှင့်တစ်ယောက် ဖော်ဖော်ရွေရွေစကား ပြောဆိုခြင်း မရှိ
ကြပေ။ တခြားသူတွေမဆိုထားနှင့် ကျွန်မနှင့် လှဲလှဲတောင် စကား
မပြောဖြစ်ခဲ့။ အဲ...နားငြီးဖွယ် ကောင်းလောက်အောင် စကားပြော
လာကြသူများမှာ ကျွန်မတို့ရှေ့ခုံမှ(၃)ဦး... သူတို့ကိုယ်သူတို့
အပျော်ခရီးထွက်လာသည်ဟု မှတ်နေသလား ပင်မသိ..., ပါလာ
သော အစာအစားများစားလိုက် ဘာမဟုတ်သည့် စကားများ
ပြောပြီး ရယ်လိုက်လုပ်နေ၍ အနားရှိလူများမှာ စိတ်ပျက်လာ



www.burmeseclassic.com

www.burmeseclassic.com



ကြသော်လည်း…ကိုယ့်လွတ်လပ်ခွင့်နှင့် ကိုယ်ဆိုတော့ ဘာမှ မပြောဘဲ နားငြီးလည်းငြီးသလိုပဲသည်းခံနေကြရလေသည်။

ကျွန်မတို့ ဘေးမှ ပါလာသောလူမှာ တုံဏှိဘာဝေ မင်းသား… ကားပေါ်ရောက်သည်နှင့် အိပ်ဖို့တစ်ခုပဲစဉ်းစားနေ သလားမသိ။ ကားစပြီး ထွက်ကတည်းက အိပ်ပြီးလိုက်လာ သည်မှာ ခုချိန်ထိပဲ ဆိုရမည်။

ကားကတော့ လမ်းမှာပင် ညနေစောင်းနေလေပြီ…

"မင်းကားက အပြင်လမ်းကောင်းက မောင်းလို့မရဘူးလား ဗျ"

"အန်ကယ်ကရော အပြင်လမ်းကနေသွားလို့ရနိုင်တဲ့ အခြေ အနေမျိုးရှိလို့လား"

ကားဒရိုင်ဘာမင်းမင်း စကားကြောင့် ထိုလူကြီးဘာမှ ဆက်ပြီး မပြောတော့ပါ။ သူ့ဘေးမှ ကလေးငယ်ကို အိပ်နေသည်ကိုနှိုးလိုက် လေသည်။

"ဦးလေးကြီး ဘာလို့နှိုးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းခေါင်းက ငါ့ဘက်ကိုယိမ်းပြီး ကျလာလို့ကွ"

ကားရှေ့ခန်းမှာ လိုက်ပါလာသော လူကြီး၏ အပြုအမူကြောင့် စိတ်ထဲမှာ ကသိကအောက်ဖြစ်သွားသည်။

"အန်ကယ်ရယ် ကလေးအိပ်တာပဲဗျာ ဒီလောက်လေး တော့ သည်းခံပေးပေါ့"

"သည်းမခံနိုင်ဘူးကွာ.. မင်းကားကို အလကားစီးခဲ့တာ မဟုတ်ဘူး၊ ပိုက်ဆံကြေးကြီးကြီးပေးပြီး စီးခဲ့တာ လွတ်လွတ် လပ်လပ်ပဲ စီးချင်တယ်"

"ခု...ဒီကားပေါ်မှာ လိုက်လာတဲ့ သူတွေ အားလုံး ပိုက်ဆံ ပေးစီးကြတဲ့သူတွေချည်းပဲ၊ ဘယ်သူမှအလကားစီးတဲ့ သူမပါဘူး၊ ဘဝတူခရီးသည်ချင်း သည်းခံစိတ်တော့ထားမှပေါ့ ပြီးတော့ အန်ကယ်ကလူကြီးပဲ၊ တစ်ကိုယ်ကောင်းစိတ်မမွေးပါနဲ့ဗျာ"

"ဒီလောက်တောင် လွတ်လွတ်လပ်လပ်စီးချင်ရင် ကားခေါင်မိုး ပေါ်မှာ ကြိုးချည်ပြီး တင်ထားလိုက်ကွာ..."

"ဟေ့ကောင်... မင်းဘာစကားပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လူစကားကို လူလိုပြောတာ လူစိတ်ကင်းမဲ့ရင်တော့ ကျုပ်စကားကို နားလည်မှာမဟုတ်ဘူး"

ကျွန်မတို့အားမှ လူ၏စကားကြောင့်ထိုလူကြီးမျက်နှာ တစ်ခုလုံး နီမြန်းသွားတော့သည်။

"ထပ်ပြီးသတိပေးလိုက်ရဦးမယ်၊ ခြိမ်းခြောက်တာတော့မဟုတ်ဘူးနော်… ခုဖြတ်သွားနေရတဲ့လမ်းက တောလမ်းဆိုတာ သတိမမေ့လိုက်နဲ့ဦး၊ ကျုပ်စကားတွေ အများကြီး မပြောချင်ဘူး၊ တောထဲမှာ အလောင်းတစ်လောင်းဟာ တစ်ညတောင် မခံဘူး… ဟိုကောင်ကဆွဲ·ဒီကောင်ကဆွဲနဲ့အရိုးတောင်ပြန်ရမှာ မဟုတ်ဘူး"

ထိုလူမျက်နှာတည်တည်နှင့်ပြောသလို သူ့ပုံစံမှာ တကယ်ကိုလုပ်တော့မည့်ဟန်မျိုးဖြစ်နေသောကြောင့် လူအတ္တသမားကြီး ကြောက်သွားပုံပေါက်သည်။ စကားပင်မဆိုတော့ ခေါင်းလေးငုံ့ပြီး နေလိုက်လေသည်။

တောထဲတွင်အမှောင်ထုက စတင်ပြီးကြီးစိုးနေပြီဖြစ်သည်။ တောက်လျှောက်ကားမီးထွန်းပြီး မောင်းရသည်မှာ အန္တရာယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ခေါ်သလိုဖြစ်နေသောကြောင့် ကားမီးကို ဖွင့်လိုက်မှိတ်လိုက်နှင့် မောင်းနေရသည်။

"ဟော့လူ… ခင်ဗျား လမ်းမှားနေပြီ"

"ဟာ မဟုတ်နိုင်ပါဘူး ဒီလမ်းကို ကျုပ်မောင်းနေကျပါ"

ကျွန်မဘေးမှလူ၏စကားကို ကားဒရိုင်ဘာ ငြင်းဆိုပြီး ဆက်မောင်းနေသဖြင့် ထိုလူက ဘာမှဆက်မပြောတော့…

"ဟာ…သွားပြီ"

ကားမီးရောင်နှင့် ရှေ့တွင် တံတားပျက်ကြီးကို လှမ်းတွေ့လိုက်ရခြင်းဖြစ်သည်။

"ခင်ဗျားလမ်းမှားတာကို လက်ခံပြီလား"

"ကျွန်တော်လမ်းမှားသွားပြီ၊ ဘယ်လိုဖြစ်တာလဲ မသိတော့ပါဘူးဗျာ"

"ခင်ဗျားက ကားသာမောင်းတာ တောရဲ့အထာကိုမှ မသိတာပဲ။ ဒီမြိုင်ဟာ ပဥ္စလက်မြိုင်ဆိုတာတော့ ခင်ဗျားကြား ဖူးမှာပေါ့နော်…"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့…ကြားဖူးပါတယ်၊ တစ်ခါမှတော့ ခုလိုမျိုး မဖြစ်ဖူး ပါဘူး"

"မဖြစ်ဖူးဘူးဆိုတာ မကြုံဘူးလို့ပေါ့၊ ခုကြုံဘူးပြီ မဟုတ်လား အားကို ချက်ချင်းပြန်ကွေ့လိုက်တော့… နောက်ပြီး မင်းနောက် ထပ်အမှားတစ်ခုကို မလုပ်မိစေနဲ့တော့"

"ဗျာ ဘာဖြစ်လို့လဲ…"

"မင်းခေါင်းကို ကားအပြင်ထွက်ပြီး မိုးပေါ်ကိုကြည့်လိုက်"

ထိုသူပြောသည်အတိုင်း ဒရိုင်ဘာမင်းမင်း ကောင်းကင်ကိုမော့ ကြည့်လိုက်ပြီး…

"ကြည်ကြည်လင်လင်ပါပဲ၊ ကြယ်တွေတောင် ထွက်နေ တယ်"

"မြောက်အရပ်က ကြယ်တွေရွေ့လျားနေတာ တွေ့လား၊ ဒါဟာ မိုးသက်လေပြင်းဖြစ်ပေါ်စေမယ့် အနေအထားတစ်ခုပဲ"

"မဖြစ်နိုင်ပါဘူးဗျာ… ဒီလောက်ကောင်းကင်ကြီး လင်းပြီး မိုးရိပ်မှမတွေ့ရတာ မဖြစ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ရှေ့တန်းမှလူသည် တစ်ဖက်လူ၏စကားကို အကြောက်အကန်ငြင်းနေသဖြင့်…

"ခင်ဗျားနဲ့ ကျုပ်အလောင်းအစားတစ်ခုလောက် လုပ် ချင်တယ်၊ ကိုယ့်ထင်မြင်ချက်ကို ကိုယ်ယုံကြည်တယ်ဆိုရင်ပေါ့"

"သိပ်ပြီး စိန်တာပေါ့"

ကျွန်မတို့ရှေ့ထိုင်ခုံမှလူသည် မိန်းကလေးနှစ်ယောက်ရှေ့မှာ မျက်နှာလုပ်သည့်ဟန်နှင့် တစ်ဖက်လူ၏စိန်ခေါ်မှုကို လက်ခံလိုက်သည်။

"ကြေး ပြောလေ ဟဲ…ဟဲ…"

"ကျုပ်မှာ ငွေက သိပ်မပါဘူး၊ ဒါပေမယ့် လက်စွပ် တစ်ကွင်းတော့ပါတယ်၊ မင်းဈေးမဖြတ်တတ်ရင် မင်းရှေ့က ကျောက်ကုန်သည်ကြီးကို ဈေးဖြတ်ခိုင်းလိုက်"

"ဟာ မင်း …မင်းက ငါ့ကိုသိနေတယ်"

လူ့အတ္တကြီးသည် ထိုလူမှ သူ့အားသိနေခြင်းကို အံ့အားသင့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မှောင်ခိုကျောက်လောကထဲမှာ အမြဲတမ်းခွက်ကျနေတဲ့ ဦးကျော်ဇောကို မသိတဲ့သူကမရှိသလောက်ပါပဲ ဒါတွေ ထားပါ။ ကျုပ်လက်စွပ်လေးဈေးဖြတ်ပေးပါဦး"

ဦးကျော်ဇောမှ ထိုလူ၏လက်စွပ်ကို လှမ်းယူပြီး...

"ဟာ...ပတ္တမြားလက်စွပ်ပဲ ကာလတန်ကြေး သိန်း (၅၀) လောက်တန်တယ်"

"အဲ..."

ထိုသူနဲ့လောင်းကြေးထပ်မည့်သူ မယုံနိုင်အောင်ဖြစ် ပြီးတွန့်သွားသည်။

"မင်းမှာ ငွေဘယ်လောက်ပါသလဲ၊ ငါ့လက်စွပ်ကြေး ရှိတဲ့ထိလောင်းနိုင်တယ်"

"ကျုပ်...ကျုပ်မှာ ဒီလောက်မပါဘူး"

"မင်းမှာပါသလောက်နဲ့ လောင်းမယ်၊ ငါရှုံးသွားရင် ဒီလက်စွပ်ကို မင်းယူသွား...ငါနိုင်ခဲ့ရင် မင်းပိုက်ဆံတွေကို ဒေဘာထဲမှာ လှွင့်ပစ်ခဲ့မယ်... ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com


"လောင်းမယ်ဗျာ… မဒီ ကိုယ့်ပိုက်ဆံအိတ်ပေး"

သူ့ဘေးမှ အမျိုးသမီးထံ ပိုက်ဆံအိတ်ကို လှမ်းတောင်းပြီး

"ဒီထဲမှာ ငွေက (၁၀)သိန်းပါတယ်၊ မယုံရင်စစ်ကြည့်နိုင်တယ်"

"စစ်ကြည့်စရာမလိုပါဘူး၊ တောထဲမှာလွှင့်ပစ်မယ့် ပိုက်ဆံပဲ… မင်းပိုက်ဆံအိတ်ကို မင်းပဲယူထားပါ… လက်စွဲကိုမင်းကိုင်ထား နောက်တစ်နာရီမကျော်စေရဘူး၊ မိုးရောလေပါ ချလိမ့်မယ်"

ထိုလူသူ့ဘက်မှာ ယုံကြည်ချက်ကို ပြောပြီးခပ်အေးအေးပဲ ထိုင်ခုံနောက်မှီဆိုဖာလေးကို ခေါင်းမှီပြီး အိပ်နေလေသည်။ ကျွန်မတို့မှာ လောင်းကြေးပွဲလေးကို စိတ်ဝင်စားစွာနှင့် နာရီကို ပဲကြည့်နေကြသည်။

ကျွန်မစိတ်ထဲမှာ မဆီမဆိုင် ထိုလူ့ဘက်ကနေ အနိုင်ရရန် ဆုတောင်းပေးနေမိသည်။ ကျွန်မရာသီဥတုကို မခန့်မှန်းတတ်ပါ။ ကောင်းကင်အခြေအနေကို မော့ကြည့်တော့လည်း ကြယ်များ


www.burmeseclassic.com

www.burmeseclassic.com



င်းလက်လျက် မိုးရွာသွန်းမည့်အခြေအနေမျိုး မတွေ့ရသဖြင့် တ်ထဲမှာ ထိုလူအတွက် စိုးရိမ်သွားမိသည်။

"ဟင်း…"

ကျွန်မသက်ပြင်းလေးတွေကို ခိုးချရင်း နာရီလေးကို ကြည့် က်ရာ လောင်းကြေးသတ်မှတ်ထားသော အချိန်တစ် နာရီမှာ ည့်ရန် (၁၅)မိနစ်သာလိုတော့သည်။ ကျွန်မအမြင်ကပ်သော ာ အနိုင်ရတော့မည်ဟု အပိုင်တွက်ပြီး ဦးကျော်ဇောနှင့် တ်စွပ်စွဲစကားတောင် ပြောနေကြပြီဖြစ်သည်။

"ဝေါ…ဝေါ… ဖျောက်…ဖျောက်"

"ဟယ်…ဟာ…ဟိုက်"

ကျွန်မနားထဲတွင် လေပြင်းတိုးသံကြီးကြားလိုက်ရပြီး ဘေးမှာ နေရသော သစ်ပင်ကြီးတွေဆီမှ သစ်ရွက်ခတ်သံများကို ကြား ်ရလေသည်။ ထိုလေပြင်းတိုးသံနှင့်အတူမိုးပါ ပြင်းထန်စွာ လိုက်၍ကားမှာ ဆက်မောင်းရန်မဖြစ်နိုင်သဖြင့် ထိုနေရာ၌ ရပ်ထားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝေါ…ကိုမင်း"

"ဘုရားရေ…"

ကျွန်မလိုပဲ ကားပေါ်ပါလာသူအားလုံးအတွက် မယုံနိုင်သော
ဖြစ်စဉ်တစ်ခုပဲဆိုရမည်။ လေရောမိုးပါ၊ သည်းထန်စွာရွာလေ
သည်။ နာရီကိုကြည့်လိုက်ရာ ကန့်သတ်ချိန်တစ်နာရီ မပြည့်
သေးပေ…။

"ဘယ်လိုလဲ ဦးကျော်ဇော ဝမ်းနည်းသွားပြီထင်တယ်၊
လက်စွပ်ကိုအောက်ဈေးနဲ့ ဝယ်မယ့် ခင်ဗျားစိတ်ကူးလေး ပျက်
သွားလို့လေ…"

"မ…မ…ဟုတ်ရပါဘူးကွာ"

"စိန်ခေါ်ပွဲကတော့ ပြီးသွားပြီ ငါ့လက်စွပ်ကို ပြန်ပေးပါဦး
ကွာ… မင်းငွေထဲကဘယ်လောက်ပြန်ယူချင်သေးသလဲ။ ယူထား
လိုက်ပါ။

"ဟို…ဟို… ကျွန်တော်"

လောင်းကြေးရှုံးသွားသူမှာ ငွေအိတ်ကို ပေးမှုမှာကို လက်များ



www.burmeseclassic.com

www.burmeseclassic.com



ရှိုယင်နေသလို စကားသံများမှာလည်း ထစ်ထစ်ငေါ့ငေါ့…

"မင်းပေးရမှာ နှမြောနေပြီထင်တယ်၊ နှမြောမှာပေါ့ကွာ. ရားနိုင်ငံမှာ ဒုက္ခမျိုးစုံခံပြီး လုပ်ကိုင်ရှာဖွေရခဲ့တဲ့ငွေတွေကို ဘုထဲမှာလွှင့်ပစ်ခံရမှာဆိုတော့ စိတ်ထိခိုက်နေမှာပေါ့… ငါ ငွေကို မယူပါဘူး"

"ဗျာ.. တကယ်ပြောနေတာလား အစ်ကို"

"တကယ်ပြောနေတာပါ၊ ဒါပေမယ့် တစ်ခုတော့ မင်းကို မှတ်တရစကားလေးပြောလိုက်မယ်၊ ကိုယ်မသိ ကိုယ်မကျွမ်း င်တဲ့ကိစ္စတွေမှာ လူတွင်ကျယ်မလုပ်နဲ့… ငါနဲ့ တွေ့တာ မင်း အတွက် ကုသိုလ်ကံလေးကောင်းသွားတယ် တခြားတစ်ယောက်နဲ့ ချင်ရေသနံ့ဘူးဖိုးတောင် မကျန်ဘဲ ပြန်သွားရမယ်…"

"ကျွန်တော်မှတ်ထားပါ့မယ် အစ်ကို"

ကျွန်မ ထိုလူမျက်နှာကို မသိမသာလေးခိုးကြည့်ပြီး စိတ်ထဲမှာ ည်းလေးတစ်ခုကို ထိုးလိုက်သည်။ ထိုလူက ပဉ္စလက် ဆ ရာတစ်ဦးပေလားမသိ…။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ကားဆရာ"

"ဗျာ…ပြောပါ…ဆရာ"

ကားဒရိုင်ဘာမင်းမင်းကိုယ်တိုင် ဆက်ဆံရေးပြောင်းလဲသွားသည်

"မင်းကိုပြန်ပြီးဆရာလုပ်ရတာ သိပ်တော့ မဟုတ်သေး

ဘူးကွာ၊ ဒါပေမယ့် ခုမင်းရပ်ထားတဲ့နေရာကနေ တခြားနေရာ

ရွှေ့ဖို့လုပ်တော့…"

"ဗျာ…ဘာဖြစ်လို့လဲ…"

"မင်းကားမီးကိုဖွင့်လိုက်"

"ချောက်"

"ဟိုမှာ တွေ့လား ကုန်းမြင့်ပေါ်က မိုးရေတွေစီးကျပြီးဆင်

နေတာ ဒီနေရာဟာ တောင်ကျရေဆင်းတဲ့ နေရာကွ"

"ခင်..ဗျာ"

ထို့ကြောင့် နေရာရွှေ့ရန် ကားကိုစက်နှိုးလိုက်ရာ စက်နှိုးလို့မ

"ဒုက္ခပါပဲ…"

"ဒုက္ခလုပ်မနေနဲ့ ကားပေါ်ကဆင်းပြီး တွန်းရမယ် ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



သား(၄)ယောက်အားနဲ့ဘာလို့မတွန်းနိုင်ရမှာလဲ”

“ငါ မဆင်းလို့မရဘူးလား”

“သားပါ ဆင်းမယ် ဦးဦး”

“ကလေးမင်းမဆင်းနဲ့ ဦးကျော်ဇော ခင်ဗျားကို ကျုပ် သည်းခံနိုင်တော့ဘူးနော်”

“ဟုတ်သားပဲ ခင်ဗျားက ဒုက္ခိတမှ မဟုတ်တာ၊ ဆင်းဗျာ ဆင်းရင်ဆွဲချမယ်”

ကားဒရိုင်ဘာမင်းမင်း စိတ်တိုသံနှင့်ပြောတော့မှ ဦးကျော်ဇော ကားပေါ်မှ ဆင်းလေသည်။

“ကျွန်မတို့ ဆင်းဖို့လိုအပ်ရင် ပြောပါဆင်းပေးပါ့မယ်”

“ကျုပ်တို့နဲ့ အဆင်မပြေရင်တော့ ဆင်းပေးပေါ့”

ကားကို (၄)ယောက်သား အားစိုက်ပြီး ခပ်ဝေးဝေးသို့ တွန်းကြသည်။

“ဒီနေရာလောက်ဆိုရပြီ၊ ကားပေါ်တက်ပြီး အဝတ်အစား လဲထားကြပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဂီး…ဂါ"

"အမေ့…ဘုရား…ဘုရား… ဘုရား"

"ဟာ…ဟင်?"

တောထဲမှ အနက်ရောင်သတ္တဝါကြီး တစ်ကောင် ကားဘက်

သို့လာနေသည်ကို လျှပ်စီးအရောင်တွေကြားမှာ တွေ့လိုက်ရ

"ဒီကောင်ကြီးအရှုံ့ရာယ်ပေးတော့မယ်"

"ဘာ…ဘာ…ကောင်ကြီးလဲ"

"မျောက်ဝံတစ်ကောင်ပါ၊ ဒါပေမယ့် ဒီမျောက်ဝံက မျက်

လည်လမ်းမှားပြီး ဒီပဥလက်မြိုင်ထဲရောက်နေတာ၊ လူတွေကို

ဒုက္ခပေးနေတဲ့ သတ္တဝါ၊ မီးမကြောက်တဲ့အကောင်"

"အမေ့…"

ထိုသတ္တဝါသည် ကားနောက်မှ နေ၍ကားကို လှုပ်ရမ်း ဖြ

လေသည်။

"ဒုန်း…ဒုန်း…"

မျောက်ဝံကြီးမှာ ကားကိုထုရိုက်ပြီး တံခါးဖွင့်ဖို့ လုပ်



www.burmeseclassic.com

www.burmeseclassic.com



ည်ကို အနီးကပ်တွေ့နေရသော ကျွန်မတို့အားလုံး မျက်နှာ ာသွေးမရှိသလိုဖြစ်နေပေမယ့် ထိုလူမှာတစ်ခုခုကိုစဉ်းစားပြီး…

"ဓါတ်မီး ပါလား"

"ကျွန်မဆီမှာ ပါပါတယ်"

ကျွန်မတွင်အလုပ်လုပ်ရန် ခရီးထွက်လာကတည်းက လိုရမည် ဆောင်ထားသော ဓါတ်မီးကြီးဖြစ်ပြီး မီးလုံး(၈) လုံးအားနဲ့ င်းသော ဓါတ်မီးကြီးဖြစ်သည်။

"ဟိုသတ္တဝါကြီးတောထဲပြန်ဝင်သွားပြီ"

"ပြန်ဝင်သွားတာ မဟုတ်ဘူး ကားမှန်ကိုထုခွဲဖို့ လက်နက် သွားပြီးရှာတာ"

"ရှင်…ဗျာ…ဟင်"

"မင်းကားမှာ ဘာလက်နက်မှ မဆောင်ထားဘူးလား"

"သံတုတ်တစ်ချောင်းတော့ရှိတယ်"

"ငါ့ကိုပေးထား"

"ရှေ့…ရှေ့… ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် ကားဒရိုင်ဘာလှမ်းပေးသော သံတုတ်ကို ကျစ်ကျစ်

ပါအောင်ကိုင်လိုက်ပြီး….

"မင်းတို့ထဲက ငါနဲ့ဘယ်သူအပြင်ထွက်ရဲလဲ"

ကားတစ်စင်းလုံးမှာ တစ်ယောက်မှ အသံမထွက်သဖြင့်…

"ကျွန်မ ရှင်နဲ့ အတူထွက်မယ်"

"မင်းသတ္တိကတော့ လေးစားစရာကောင်းတယ်"

"နေ…နေ… ငါပဲထွက်ပါ့မယ်"

မင်းမင်း‥မနေသာတော့ပဲ ထိုလူနှင့်အတူအပြင်သို့ ထွက်ရ

ပြင်လိုက်လေသည်။

"ဒီကောင်ကြီးထွက်လာတာနဲ့ မျက်နှာကို ဓါတ်မီးနဲ့ ထိုးထား

နောက် မီးကိုမှိတ်မသွားစေနဲ့ ငါအနီးကပ်ပြီး ဝင်ပြီးရိုက်မယ်"

"ဟုတ်… ဟုတ်ကဲ့…"

မင်းမင်းမှာ ကြောက်ကြောက်နှင့် ခေါင်းသာညိတ်ပြီးပြော

ရပေမယ့် တစ်ကိုယ်လုံး တုန်တုန်ယင်ယင်…

"ဟိုမှာ ထွက်လာနေပြီ…"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုက်..."

ထိုလူပြောသလိုပင် မျောက်ဝံကြီးလက်ထဲတွင် ကျောက်ခဲတုံးကြီးကို ကိုင်ပြီး လာနေခြင်းဖြစ်သည်။

"ကျုပ်ပြောထားတာကို မမေ့နဲ့နော်"

"ဟုတ်...ဟုတ်ကဲ့ပါ..."

ကားပေါ်မှ ထိုလူနှင့် မင်းမင်းဆင်းသွားပြီး...

"မီးကိုထိုးလိုက်တော့"

"ချောက်"

"ဂီး...ဂါ...ဂီး...ဂါ"

မျောက်ဝံကြီးမှာ ခါတ်မီးရောင်အောက်တွင် ရှေ့သို့ ဆက်မလှမ်းတော့ပဲ မီးရောင်ကို ရှောင်ထွက်ရန် လုပ်နေလေသည်။ မင်းမင်းမှာ ကြောက်ကြောက်နှင့်ပဲ မျောက်ဝံကြီး၏ မျက်နှာကို သာ ဆက်တိုက်ထိုးထားလိုက်လေသည်။ ကျွန်မတို့ကားပေါ်မှ လူတွေ မျက်တောင်ပင်မခတ်ဘဲကြည့်နေကြသည်။

ထိုလူသည် မျောက်ဝံကြီးခေါးဘက်မှ အပြေးကလေးသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



မျောက်ဝံကြီး၏ လက်မောင်းကို သံတုတ်နှင့် တအားလွှဲ ရိုက်ချလိုက်သည်ကို တွေ့မြင်လိုက်ရသည်။

"ဂီး…ဂါ…ဂွါ"

မျောက်ဝံကြီးမှာ နာကျင်စွာနှင့် အော်ဟစ်ပြီး တောထဲသို့ပြေးဝင်သွားသည်။

ယင်းနောက် ထိုလူနှင့် မင်းမင်းတို့ ကားနားသို့ ပြန် ရောက်လာပြီး….

"ကားဒီနေရာမှာ ဆက်ပြီး ရပ်လို့မရတော့ဘူး ဒီနေရာက ခပ်ဝေးဝေးကို မောင်းသွားရဖြစ်မယ်၊ ဟိုမျောက်မသာကောင်က သူ့အကောင်တွေနဲ့ ပြန်လာမှာ"

"ကားက စက်နိုးလို့မှမရတာ"

"ကြိုးစားပြီး နိုးရမှာပေါ့၊ ငါ့ကို သော့ပေး"

ထိုလူမှာ ဒရိုင်ဘာဆီမှ ကားသော့ယူပြီး စက်နိုးကြည့်ပေမယ့် မရသောကြောင့် ကားစက်ဖုံးကို ဖွင့်ပြီး ဘာတွေ လုပ်နေသလဲ တော့မသိ…



www.burmeseclassic.com

www.burmeseclassic.com



"ကားစက်နိုးကြည့်"

"ဟယ်...ဟိုမှာ မျောက် မျောက်ဝံတွေ"

"ဘုရား...ကယ်တော်မူပါ"

"ဣတိ..ပိ..သော-ဘ-ဂ-ဝါ"

မျောက်အုပ်ကြီးကိုလှမ်းတွေ့လိုက်ရသောကြောင့် ကားပေါ်ရှိလူအားလုံးချောက်ချားသွားကုန်ကြတော့သည်။

"ကားစက်နိုးကြည့်လိုက်"

"ဟုတ်..."

"ဒေါက်..., ဝူး...ဝူး"

"ရပြီ...ရပြီ"

"မောင်းထွက်တော့"

မျောက်အုပ်ကြီးကားနားသို့ ရောက်လုလုတွင် ကားမောင်းထွက်နိုင်ပေမယ့် ထိုလူမှာ ကားပေါ်ကိုမရောက်သေးသဖြင့် ကျွန်မကားတံခါးကိုဖွင့်ပြီး ထိုလူကို ဆွဲတင်ဖို့ လက်ကမ်းပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပြီ…ကျေးဇူးပဲ"

"ရှင့် ကျေးဇူးက ပိုပြီးများပါတယ်"

မျောက်အုပ်သည် ကားနောက်သို့ပြေးလိုက်ကြပေမယ့် မမှီနိုင်သောကြောင့် ကျန်ရစ်ခဲ့ကြတော့သည်။

"ဟို…ဟို ဆရာ ဘယ်ကိုမောင်းရမလဲ"

"ခက်ပြီ…မင်းက ငါတို့ကို ခေါ်ပြီးပို့ရမယ့်သူလေ"

"အပြစ်တင်ရင်လည်းခံရမှာပဲဗျာ၊ ဘယ်ကိုရောက်နေသလဲ ဆိုတာတောင်မသိတော့ပါဘူး၊ ခင်ဗျားကိုပဲ အားကိုးပါရစေတော့"

"ရှေ့နားမှာ ကားတစ်စီးသာသာ တောလမ်းကလေး တစ်ခု တွေ့မယ်၊ ကွေ့ဝင်လိုက်တာနဲ့ ဟိုးဂျပန်ခေတ်ထဲက ဆောက်ခဲ့တဲ့ ဇရပ်ကြီးတစ်ခုကို ရောက်မယ် အဲဒီမှာ နားကြတာပေါ့"

ထိုလူပြောသည့်အတိုင်း မောင်းလာရင်း ကျွန်မတို့ တစ်တွေ ဇရပ်ကြီးတစ်ခုဆီသို့ရောက်ခဲ့ကြတော့သည်။

ပဋ္ဌလက်မြိုင်တောကြီးထဲတွင် ရှာသွန်းနေသော မိုးသက်လေ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းမှာ အားမာန်အပြည့်နှင့်ရှာသွန်းနေဆဲ…

ကျွန်မတို့အားလုံးဇရပ်ပေါ်သို့ ရောက်သောအခါ ချမ်းတုန်နေကြသည်။ ကားပေါ်တွင် ဘယ်သူမှမနေရဲသောကြောင့် ဇရပ်ပေါ်သို့ တစ်ယောက်မကျန် တက်ခဲ့ကြခြင်းဖြစ်သည်။

ကျွန်မရင်ထဲမှာ ကင်ပွန်းတပ်ပေးထားသော မော်ဆရာ ဆိုသူကတော့ ဇရပ်ပေါ်တွင်ခါတ်မီးတစ်လက်နှင့် သစ်တိုသစ်စများကို ရှာဖွေနေသည်။

"ဘုတ်"

မော်ဆရာသည် သူစုပုံပြီးယူလာသော သစ်တိုသစ်ချောင်းများနှင့် မီးဖိုကလေးတစ်ခု ဖိုပေးလေသည်။

ကျွန်မတို့ ကားတွင်မော်ဆရာလို လူတစ်ယောက်ပါလာခြင်းကြောင့်သာ ခုလိုအသက်ရှင်လျက်နှင့်တွေ့ရသည်ဟု ထင်မိပါသည်။ ကားဒရိုင်ဘာနှင့် တခြားယောကျ်ားသားနှစ်ယောက်ကို အားကိုးလို့ကတော့တောထဲမှာ အရိုးတောင်ရှာလို့ရမှာ မဟုတ်…၊

မော်ဆရာသူ့ရေစိုဝတ်ကို ချွတ်ပြီး ရေညှစ်ကာ မီးကင် နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့ကို ကျွန်မသတိထားမိသည်မှာ ခရီးဆောင်အိတ်တောင် မပါတဲ့ပုံပင်… တခြားသူများမှာ အဝတ်အစားတွေ လဲကြပေမယ့် သူကတော့ထပ်ပြီးလဲစရာမပါ…

ရင်ထဲမှာ ကရုဏာသက်မိသလိုပင်…

"ကျွန်မမှာ တီရှပ်အသစ်တွေပါတယ် ရှင်ဝတ်ထားမလား"

"ရပါတယ် အင်္ကျီက မကြာခင်ခြောက်သွားမှာပါ"

"ရှင့်အင်္ကျီက ခြောက်ဖို့က အနည်းဆုံး နှစ်နာရီ လောက်ကြာနိုင်တယ်ယူပြီး ဝတ်ထားပါ၊ ရှင်ကြောင့် ခုလို ကျွန်မတို့အားလုံး ဘေးဒုက္ခကင်းစွာနဲ့ ဒီကိုရောက်ခဲ့ရတာပါ…"

"မင်းစေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့ မင်း တီရှပ်ကို ဝတ်ပါ့မယ် ဈေးကိုင်တာ မာနကြီးတာ မဟုတ်ဘူး… သူများ အဝတ်အစားကို မဝတ်တတ်တာပါ"

"ကျွန်မတီရှပ်က တစ်ခါမှမဝတ်ရသေးပါဘူး"

ကျွန်မ ခရီးဆောင်အိတ်ထဲကနေ တီရှပ်အနက်ပြောင်လေးကို ပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြောင်ဆိုပေမယ့် ပြောင်ကြီးသက်သက်တော့ မဟုတ်ပါဘူး
နိုင်ဘတ်မှာ စာတန်းလေးတစ်ခုတော့ပါ ပါသည်။ ထိုစာတန်း
လေးမှာ…

"LOVE" တဲ့

ကျွန်မသူ့ကိုပေးပြီးကာမှ ကိုယ့်လိပ်ပြာကိုယ်မလုံသလို ဖြစ်
သွားသည်။ မော်ဆရာကတော့ သတိထားမိပုံတော့မပေါ်…

"ကြွေ"

"ဘာလဲ လုံ့"

"နင့်တီရှပ်ကလေးနဲ့ လိုက်တယ်နော်"

မီးဖိုမီးရောင်လေးနှင့် မြင်နေရသော မော်ဆရာနှင့် ကျွန်မ
တီရှပ်အနက်ကလေးမှာ တကယ်ကို လိုက်ဖက်လှပါသည်။

"အိပ်ချင်ရင် စိတ်ချစွာနဲ့အိပ်ကြပါ၊ ကျုပ်စောင့်ပေးပါ့မယ်"

ကျွန်မတို့တစ်တွေ မိုးအေးအေးနှင့် ခြံစရာဆောင်းမရှိသဖြင့်
ခူးကုပ်ကုပ်လေး အိပ်ဖို့ပြင်ပေမယ့် အအေးဒဏ်ကြောင့်
အယ်သူမှအိပ်မပျော်နိုင်ကြပါ။ အိပ်မရမည့်အတူတူ ကျွန်မမော်



www.burmeseclassic.com

www.burmeseclassic.com



ဆရာနှင့် မျက်နှာချင်းဆိုင်ကလေး ထိုင်ပြီး မီးလှုံနေသည်။

"အရမ်းအေးတော့ အိပ်လို့မရဘူးဖြစ်နေတာ"

"မနက်ကားပေါ်ရောက်မှပဲ အတိုးချပြီးအိပ်ပေါ့ဗျာ"

"ကျွန်မက ကြွေရီမင်းသူ၊ သူက ကျွန်မသူငယ်ချင်း လှဲ့လှဲ့သင်းလို့ခေါ်ပါတယ်"

"ဟုတ်ကဲ့ ကျုပ်က ပဥ္စအလင်္ကာပါ"

"ခရီးသွားချင်းမိတ်ဆွေဖြစ်ခွင့်ပေးတာကို ကျေးဇူး တင်ပါ တယ် ကိုပဥ္စအလင်္ကာ"

"ကျုပ်နာမည်ကို အံပြည့်အစုံခေါ်နေရရင် အမော ဖောက် သွားနိုင်တယ်၊ ပဥ္စနဲ့အလင်္ကာကို ခွဲထုတ်ပြီး မင်းပါးစပ်နဲ့ အဆင် ပြေတာကို ခေါ်ပါ"

"ကိုပဥ္စလို့ပဲ ခေါ်ပါရစေ"

"ခေါ်နိုင်ပါတယ်၊ ကြွေရီ··မင်းသူလို့ဆက်မခေါ်တာတော့ မှာပေါ့နော်"

"ရင်းနှီးတဲ့ သင်္ကေတ တစ်ခုပေါ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



မျော်ဆရာလို လူတစ်ယောက်နှင့် မိတ်ဆွေဖြစ်ရခြင်းမှာ ကျွန်မ နှင့် ခရီးသွား အဖော်မိတ်ဆွေကောင်း တစ်ဦးကိုရလိုက် သို့ထင်လိုက်မိပါသည်။

"ဘယ်လိုမှအိပ်လို့မရဘူးဗျာ"

ကားဒရိုင်ဘာ မင်းမင်းလည်း ကျွန်မတို့နှင့်အတူ ဝိုင်းဖွဲ့ပြီး ထိုင်လိုက်၏။ ကျန်လူတွေကတော့ ပေကပ်ပြီး အိပ်နေကြ သည်။

"ကျွန်တော် ဒီအလုပ်ကို လုပ်ကိုင်နေတာ(၃)နှစ်ပြည့်ပြီ၊ သိုတစ်ခါမှမဖြစ်ခဲ့ဖူးပါဘူး"

"ခင်ဗျားက ကားပဲမောင်းတာကို ဒီမြင်းနဲ့ပတ်သက်ပြီး ဘာမှ လောလာဘူးနဲ့တူတယ်"

"ဆရာသမားပြောရင်လည်းခံရမှာပဲ၊ ပဥ္စလက်မြင်းဆိုတာ ကြောင်း ကြားဖူးတာ မကြာသေးဘူးဗျ"

"ဒီမြင်းဟာ ဘယ်လောက်ကြောက်ဖို့ကောင်းသလဲဆိုတော့ ဂျီမာနိုင်ငံကနေ ဂျပန်တပ်ဖွဲ့ တစ်ခုဒီတောကို ဖြတ်ပြီး ဆော်ကြ



www.burmeseclassic.com

www.burmeseclassic.com


တာ ဂျပန်စစ်သားအယောက်(၁၀၀)မှာ (၅)ယောက်ပဲ ဒီတောက
နေထွက်နိုင်ခဲ့တယ်"

"ရှင်…အယ်…ဗျာ"

"ပဥ္စလက်မြိုင်ကြီးရဲ့ အထာကို သိမှနေလို့ရတာ"

"ဘယ်လိုအထာလည်း ဆရာသမားပြောပြပါလား"

"ခင်ဗျားဆက်ပြီးလုပ်ကိုင် စားသောက်မယ်ဆိုရင် တော
ပြောပြထားမယ် ပဥ္စလက်မြိုင်ကြီးဟာ (၃)နှစ် တစ်ခါ တောရဲ့
ပုံစံအသွင်ပြောင်းတတ်တယ်"

"တောရဲ့ပုံစံပြောင်းတယ်ဆိုတာ ဘယ်လိုလဲ"

"ပြောင်းလဲမှု စရိုက်(၂)မျိုးရှိတယ်၊ ပထမ(၃)နှစ်မှာ တောကြီး
ဟာ သာမာန်တောကြီးလိုပဲ ရှိနေတတ်ပြီး (၃)နှစ်ပြည့်တာနဲ့
မှော်ရုံကြီးတစ်ခုပြန်ဖြစ်သွားတယ်၊ တောမှာရှိတဲ့ သစ်ပင်တွေ
တိရစ္ဆာန်တွေအားလုံးဟာ သူတို့အချင်းချင်းရော တောထဲကို
ရောက်လာတဲ့သူတွေကိုပါ အန္တရာယ်ပြုတော့တာပဲ၊ နောက် တစ်ခု
ကတော့ နဂိုတောလမ်းတွေဟာ ပျောက်ပျက်သွားပြီး ပုံစံတူတော


www.burmeseclassic.com

www.burmeseclassic.com



လမ်းတွေနဲ့ဝက်ပါဖြစ်သွားကြတယ်"

"ဟုတ်မယ် ဆရာသမားရေ ကျွန်တော်မောင်းခဲ့တဲ့ လမ်းကို အရင်လမ်းမှတ်ပြီး မောင်းခဲ့တာဗျ၊ ဆရာသမားက ပင်လယ်တော ကြီးအထာကို တော်တော်ကို သိနေတာပဲနော်"

"သိတယ်ဆိုတာလည်း သိအောင်လေ့လာခဲ့လို့ပါ၊ မနက်ကျရင် ကျုပ်တို့တောထဲကပြန်ပြီးထွက်ဖို့ကို အတော်ကြိုးစားရမယ်"

"ဆရာသမားကို အားကိုးပါရစေ"

"အတူတူကြိုးစားပြီး ထွက်ကြတာပေါ့"

ညည့်နက်ပိုင်းသို့ရောက်လာပြီဖြစ်အပြင် မျက်လုံးလေးများ မှေးစက်ပြီး မီးဖိုဘေးတွင် လှဲချလိုက်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂)

"ဟာ...ဟာင်...ဟာယ်"

ကျွန်မတို့နံနက်ခင်းအလင်းရောင်အောက်တွင် လှမ်းပြီးတွေ့လိုက်သော မြင်ကွင်းကြောင့် အံ့ဩခြင်းနှင့် ထိတ်လန့်ခြင်းများ ဖြစ်သွားခဲ့ရသည်။ ကားကြီးကို နွယ်များရစ်ပတ်ပြီးထားသည်ကို တွေ့ရခြင်းကြောင့်ဖြစ်သည်။

ကိုပဥ္စပြောသလိုတကယ်ကို ကြောက်စရာကောင်းသော ပဥ္စလက်တောကြီးပင်...

"ကားနားကို ဘယ်သူမှမသွားကြနဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့တစ်တွေဇရပ်ပေါ်မှ ဘယ်သူမှ မဆင်းရဲကြ....

ကိုပဥ္စကတော့ ဇရပ်အောက်ကို ခြေတစ်လှမ်းချင်း ဆင်းသွားပြီး အခြေအနေကိုကြည့်ပြီး ဇရပ်ပေါ်သို့ ပြန်တက်ခဲ့လေသည်။

"ဆရာသမား...ဘယ်လိုလုပ်မလဲ"

"နွယ်ရှင်တွေ ထိလိုက်တာနဲ့ လူကိုပါအန္တရာယ်ပြုမှာ ခက်တာက ကျုပ်တို့မှာ ဘာလက်နက်မှမပါဘဲ ရှင်းလို့ရမှာ မဟုတ်ဘူး"

ကျွန်မတို့ကြည့်နေစဉ်မှာပဲ နွယ်ရှင်ကြီးများမှာ လှုပ်လှုပ်ရှရှဖြစ်လာသည်ကို အသည်းယားဖွယ်တွေ့မြင်နေရသည်။

"ကိုပဥ္စ ဟို..ဟိုမှာ ပုဆိန်တစ်လက်"

"ဒါ ဘုရားမ,တာပဲ"

ကျွန်မမျက်လုံးမှာ ကတ်သီးကတ်သတ်အတွေးကောင်း ဇရပ်၏ သစ်သားကျိုးများကြားထဲတွင် ပုဆိန်လေးတစ်လက်ကို တွေ့လိုက်ပြီး ပြလိုက်ရသည်။

ကိုပဥ္စသည် ကျွန်မပြသော ပုဆိန်လေးကို သွားယူပြီး လက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



တွင်ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် အောက်သို့ ဆင်းရင်း

"အားလုံးရှင်းလင်းပြီးမှ အောက်ကိုဆင်းကြပါ"

"ကိုပဥ္စလည်း သတိနဲ့ရှင်းဦးနော်"

ကျွန်မရင်ထဲက ဆန္ဒစကားလေးကို မရည်ရွယ်ဘဲ ပြော လိုက်မိ၏။ သူသည်ကျွန်မကို ခေါင်းလေးညိတ်ပြပြီး ဆင်းသွား သည်။

"ဝိုး...ဝိုး"

"အမေ့...ဘုရား...ဘုရား...ဟာ"

နွယ်ရှင်ကြီးများမှာ လူတစ်ယောက်ကြာပွတ်နှင့် ရိုက်နေသည် အလား ကိုပဥ္စကို ရိုက်ပုတ်နေလေသည်။ ကျွန်မတို့ဇရပ်ပေါ် မှကြည့်၍ အသက်ပင်ရှူဖို့မေ့နေကြသည်။ သူသည် ပွတ်ကာ သီကာ လေးရှောင်တိမ်း၍သာနေပြီး ခုထိခုတ်ပိုင်းသေးခြင်းမရှိဘဲ တစ်စုံတစ်ခုရှာဖွေနေသလို....

"ဖြောင်း...အား...သေပြီ"

ကိုပဥ္စ၏နောက်မှနွယ်ရှင်ပင်ကြီးက ရိုက်ချလိုက်သဖြင့်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ထိုက်ကျသွားပေမယ့် သူ့အားနွယ်ပင်ကြီးရစ်ပတ် လို့မရအောင် ညှိမ့်ထွက်ပြီး...

"ကဲ ကွာ..."

"ဒုတ် ... ဝူး...ဝူး...ဒုတ်...ဒုတ်"

ကိုပဥ္စမှ နွယ်ပင်ကြီးအား ပုဆိန်ကိုလက်စုံကိုင်ပြီး အကြိမ်ကြိမ်ခုတ်ပိုင်းလိုက်သဖြင့် နွယ်ပင်ကြီးအပိုင်းပိုင်းပြတ်ပြီး တဆတ်ဆတ်တုန်နေလေသည်။ ထိုနွယ်ပင်ကြီး အပိုင်းပိုင်းပြတ်တောက်သွားတော့မှ ကားကို ရစ်ပတ်ထားသော နွယ်ပင်များ အလိုလိုပြုတ်ကျသွားတော့သည်။

"ဟယ်... အံ့သြစရာပဲနော် ကြွေ"

ကျွန်မမှာ လဲ့လဲ့ကို စကားပင်ပြန်ပြီးမပြောနိုင်လောက်အောင် ခြင်းကွင်းကိုငေးကြည့်နေမိတော့သည်။

"အားလုံးဆင်းလာလို့ရပြီ"

သူလှမ်းပြီးခေါ်လိုက်တော့မှ စိတ်ချစွာနှင့်ဆင်းလာခဲ့ကြသည်။

"ကိုင်ကြည့်လို့ရလား ကိုပဥ္စ"

www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ဘာမှမဖြစ်တော့ဘူး…"

ကျွန်မနွယ်ပင်များကို ကိုင်ကြည့်သောအခါ သားရေပ

ကြီးကိုကိုင်ရသလိုပါပဲ…"

"ဒီက အန်ကယ်ကြီး ဒီနေရာကနေ နောက်ခုံကိုရွှေ့ ပြ

ထိုင်ပေးပါ"

"ဘာလို့လဲကွ"

"ကျွန်တော်တို့ ဒီတောကြီးထဲက ထွက်နိုင်ဖို့အတွက် ဒီဒေ

ဆီရာသမား ဦးမဆောင်ဘဲမရတော့ဘူး"

"မင်းက ကားမောင်းလာပြီး တောလမ်းတောင် မသိဘူ

လားကွ"

"အန်ကယ်ကြီး စကားသိပ်များတာပဲ၊ တောထဲမှာ ထား

ခဲ့ရင်ကောင်းမယ်"

"ဟုတ်တယ် ထားခဲ့ရှင်"

"ရှုပ်တယ် လူပေလူကပ်ကြီး ဒီလောက်လူတွေ အန္တရာယ်ေ

ဒုက္ခတွေကြုံနေရတာ သူကလူ့ခွစာလုပ်ချင်နေသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



တစ်ကားလုံးနှင့်တစ်ယောက် ဖြစ်သွားသော ဦးကျော်ဇော ပဥ္စအလက်ာနှင့် ဇနေရာချင်းလဲလိုက်ရသည်။

"ကားကို စက်ရှိန်မတင်ဘဲ မောင်းနော်"

"စိတ်ချ ဆရာသမားပြောသလိုမောင်းမှာပါ"

"တောက်....ဝူး"

ကားစက်နှိုးပြီး ဇရပ်ကြီးကို ကျောခိုင်းထွက်လာကြတော့သည်။ ကျွန်မတို့ ပဥ္စလက်မြို့ကြီးတွင် ဘာတွေဆက် ရင်ဆိုင်ရမည်ကို မသိတော့...။

ကိုပဥ္စအလက်ာပြောသည့်အတိုင်း မောင်းလာသောကားပေါ်မှ လမ်းရဲ့ဝဲယာနှစ်ဖက်ကိုကြည့်တော့ သစ်ပင်များနှင့် ချုံပုတ်ကြီးများမှာ ကြောက်စရာကောင်းသော မိစ္ဆာတွေက ဘေးချင်းတပ်ပြီးပြေးလိုက်သလိုထင်ရသည်။

"ကြွေရေ ငါ... ငါတို့တော့ ဒီတောကြီးထဲက ထွက်နိုင်ပါ့မလား..."

"ကိုပဥ္စတစ်ယောက်လုံးပါနေတာပဲ ထွက်နိုင်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကားကို ဈေးကြီးကြီးပေးပြီးစီးရတာ မတန်ဘူး၊ တော ထဲကို လေ့လာရေးခရီးထွက်လာတာ ကျနေတာပဲ"

"ခင်ဗျား ပါးစပ်ကိုပိတ်ပြီးလိုက်စမ်းပါ၊ အန္တရာယ်တွေကို အတူတူဘယ်လိုဖြေရှင်းမယ်ဆိုတာ မတွေးဘူး၊ ပါးစပ်က ပေါက်ကရပဲပြောနေတယ် ဒီတစ်ခါခင်ဗျားပြောကြည့် ကျုပ်နဲ့ တွေ့မယ်"

"ကိုမောင်လတ်ရယ် သူ့ပါးစပ်နဲ့သူပြောတာ ပြောပါစေ၊ ကားထဲမှာ ရန်မဖြစ်ပါနဲ့"

မိန်းကလေး(၂)ယောက်နှင့် ပါလာသော ကိုမောင်လတ်ဆိုသူတောင် ဦးကျော်ဇောကို ဒေါသထွက်၍နေသည်။

"ဦးလေးကြီးကလည်း ပါးစပ်ပိတ်ပြီးလိုက်ပါ၊ ခုချိန်မှာ တစ်ဦးနဲ့ တစ်ဦး ညီညီညွတ်ညွတ်နဲ့ ဒီတောကြီးကိုကျော် ဖြတ်ရမှာ..."

မဒီဆိုသူကလည်း ဝင်းပြီးပြောတော့မှ လူ့အတ္တကြီး ပါးစပ်လုံးလုံး ပိတ်သွားတော့သည်။

"ကယ်...ကြ...ပါ"

www.burmeseclassic.com

www.burmeseclassic.com



“ဟင်…ကိုမင်းမင်း ကားရပ်လိုက်”

ကြားလိုက်ရသော အသံနက်ကြီးမှာ ကား၏အရှေ့ ဘက်တော အုပ်ထဲမှ ဖြစ်သည်။

“ကယ်..ကြ..ပါ”

ကိုပဥ္စမှာ ထပ်ပြီးထွက်လာသော အော်သံကို သေချာစွာ နားစွင့်ပြီးမှ…

“ကိုမင်းမင်းဆက်ပြီး မောင်းတော့”

“လူအော်နေတာမဟုတ်ဘူးလား”

“ဒါ…တောရဲ့ အသံ တောင်ချောက်တစ်ခုပဲ၊ နားထဲမှာ လူတစ်ယောက်အော်သံလို့ ထင်ရပေမဲ့ သေသေချာချာ နားထောင်ရင်လူအော်သံမဟုတ်ဘူး၊ သစ်ပင်ကြီးတွေပေါ်မှာ နေတဲ့ မျောက်တွေရဲ့အသံနဲ့ သစ်ပင်တွေရဲ့ ပွဲတင်သံရောပြီး ထွက်လာတာပါ”

အော်သံမှာ ဆက်တိုက်ပေါ်ထွက်လာသော်လည်း ကျွန်မတို့နားထဲတွင် မူလအော်သံမဟုတ်တော့သည်ကို သတိပြုမိလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

ကိုပဥ္စပြောသည့်အတိုင်း မျောက်အော်သံများကို ကွဲ
ပြားပြားကြားရတော့သည်။

"စိတ်ချောက်ချားစရာကြီးပဲဟယ်"

ကျွန်မတို့တစ်တွေအတွက်တော့ အံ့ဖွယ်တောကြီး တစ်ခုထဲ
ရောက်ရှိကြတာအမှန်...

"ဆရာသမားလမ်းမတွေ့တော့ဘူး"

"ရှေ့တည့်တည့်မှာမြင်နေရတဲ့ ချုံပုတ်ကို တိုက်ပြီး မောင်း
ထွက်လိုက်"

"ဗျာ..."

"ဗျာ မနေနဲ့ ခင်ဗျား ဒီဘက်ကိုလာ..."

ကိုပဥ္စနှင့် ကားဒရိုင်ဘာမင်းမင်းတို့ နေရာချင်းလဲ လိုက်ပြ
ကိုပဥ္စမှ ကားမောင်းကာ ချုံပုတ်ကြီးကို ဝင်ပြီး တိုက်ချ
မောင်းထွက်တော့မှ တောလမ်းတစ်ခုကို ရောက်ခဲ့သည်။

"ကိုပဥ္စ" လေး



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ကိုမင်းမင်း…"

"ခင်ဗျား တောစောင့်နတ်မင်းကြီးလား၊ ဒါမှမဟုတ်ရင်

တော ကြီးကို အပိုင်စားရထားတဲ့ သူလား"

"ခင်ဗျားထင်ချင်သလိုသာ ထင်တော့ဗျာ"

တောလမ်းအတိုင်း ဆက်မောင်းလာရင်း…

"ဆရာသမား ကျွန်တော်တို့ကား အဝိုင်းကြီးကို ပတ်ပြီး

င်းနေသလိုပဲ ဒီနေရာကိုပဲ ပြန်ပြန်ပြီးရောက်နေတယ်"

"ဝက်ပါကွေ့တစ်ခုကို ရောက်နေတာ၊ ဆက်မောင်းနေရင်

တ်ဆီပြတ်ပြီး ကားပါတောထဲမှာ ထားခဲ့ရမယ်"

"ဆရာသမားရေ ဒီကားက ကိုယ်ပိုင်မဟုတ်ဘူး… လျော်

ရောလည်းမရှိပါဘူးဗျာ…"

"မလျော်နိုင်ရင် ကားကို ထမ်းပြီး ပြန်ပေါ့ဗျာ"

"ဆရာသမား"

"ကျုပ်နောက်တာပါဗျာ.. တောထဲမှာ ငိုတော့ မငိုပါနဲ့…

အောက်ဆင်းပြီး ကြည့်လိုက်ပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုပဥ္စကားပေါ်မှဆင်းပြီး ပတ်ဝန်းကျင်ကို လေ့လာရင်း

မြေကြီးတွေကို ဆုပ်ကိုင်ကြည့်နေသည်။

"ထွက်ပေါက်တွေ့ပြီ"

"ဟူး တော်သေးတာပေါ့ ဆရာသမားရယ်"

မင်းမင်းသည် ကားကိုနောက်ပြန်ဆုတ်ပြီး လမ်းတွင် တွေ့ခဲ့

ကြသော ချောင်းဘက်ကို မောင်းထွက်ခဲ့သည်။

"ဝူး...ဝေါ"

ကားမှာ စမ်းချောင်းကိုဖြတ်ပြီး မောင်းထွက်သောကြောင့်

ရေများဘေးနှစ်ဖက်သို့ ဖြာထွက်နေသည်။ မင်းမင်းမှာ ကား

လီဘာကို အဆုံးနင်းပြီး မောင်းနေသည်။

"ဝူး...ကျိ...ဝူး..."

တစ်ဖက်ကမ်းသို့ ကားကိုအရှိန်နှင့်မောင်းတက်ပေမယ့် မရ

သဖြင့်....

"အားလုံးဆင်းပြီး ပြိုင်တူတွန်းကြမှဖြစ်မယ်"

ကျွန်မတို့အားလုံး ဘာစကားမှမဆိုကြတော့ပဲ ပြိုင်တူ ကား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ ဆင်းပြီးတွန်းတင်လိုက်ကြပြီး ခဏအကြာ....

"ဝေါ...ဝေါ"

"ဘာသံကြီးလဲ ဆရာသမား"

"ကျုပ်တို့ အသက်ဘေးကနေ စက္ကန့်ပိုင်းလောက်နဲ့ သီသီလေးလွတ်သွားတယ်လို့ မှတ်လိုက်တော့၊ တောင်ကျရေတွေ ဆင်းလာနေပြီ"

စကားပင်မဆုံး တောင်ကျရေများအရှိန်အဟုန်ပြင်းစွာနှင့် ထိုးဆင်းသွားသည်။ တောင်ကျရေနှင့်အတူ သစ်ပင်ကြီးများ မျောပါလာသည်ကို တွေ့မြင်လိုက်ရသည်။

"ဒီရေစီးကြောင်းနဲ့ သာမျောပါသွားလို့ကတော့ အသက် အယ်ကနေ ထွက်သွားမှန်းတောင် သိမှာမဟုတ်ဘူး"

ကျွန်မတို့တစ်တွေ တောင်ကျရေစီးဆင်းသွားသည်ကို ကြည့်ပြီး ရင်မောသွားကြတော့သည်။

"အားလုံးသွားကြမယ်၊ အချိန်ရှိတုန်း လမ်းမှန်ကို ရှာ အောင်ရှာကြရမှာ"



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်သို့အားလုံးပြန်တက်ခဲ့ကြပြီး မောင်းထွက်ခဲ့တော့၏။

"ဒီတောထဲမှာ ထမင်းဆိုင်လေး ဘာအေးတွေ့ရင် ကောင်းမယ်နော်"

"ကိုမောင်လတ်ရယ် ဘယ်သူက ဒီလောက်အန္တရာယ်ကြီးတဲ့ တောကြီးထဲမှာ ထမင်းဆိုင်လာပြီး ဖွင့်မှာလဲ ပေါက်ကရ ကတော့ ပြောတော့မယ်"

"ဗိုက်ထဲမှာ ဆာလာလို့ ပြောကြည့်တာပါ"

ကိုမောင်လတ် တင်မဟုတ် ကျွန်မတို့ပင် ဗိုက်ထဲမှာ ဆာလောင်နေကြပြီး ထမင်းမစားရသည်မှာ တစ်ညနှင့် တစ်မနက် ရှိနေလေပြီ… ကားပေါ်တွင် အသက်အငယ်ဆုံး ချာတိတ်က လေးကိုပင်သနားမိသည်။ ဘယ်သူနဲ့ ပတ်သက်ပြီး ပါလာသလဲ တော့ မသိ… ကျွန်မတို့လည်း စကားမစပ်မိသဖြင့် မမေးမိ…

"ဒီအတိုင်း ဆက်မောင်းနေရင်တော့ ကျုပ်တို့ တောဝက်ပါး ထဲကထွက်လို့ရမှာမဟုတ်ဘူး၊ ရာသီဥတုကလည်းသိပ် မကောင်း ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာသမားဘယ်လို လုပ်ချင်သလဲ၊ အကောင်းဆုံးနည်း ရှိသာ လုပ်ပါ။ ကျွန်တော်တို့ကတော့ ဘာမှကို မလုပ် တတ်ဘူး"

ကိုပဥ္စသူ့ဘောင်းဘီအိတ်ထဲမှ သံလိုက်အိမ်မြှောင်ကလေးကို ထုတ်ပြီး ကြည့်နေသည်။

"ကျုပ်တို့ အရှေ့မြောက်ဘက်ကိုမောင်းနေတာဆိုတော့ ... ဖောက်ပေါက်လမ်းနဲ့ ဆန့်ကျင်ဘက်ကို မောင်းနေပြီး တောနက်ထဲ ... ရောက်ပြီးရင်းရောက်နေတာ"

"ဟင်... ဘယ်လိုပြန်ပြီးထွက်မလဲ ကိုပဥ္စ...."

"တောင်ဘက်ကို ထွက်ရမှာဆိုတော့ ဘယ်လိုမှ ကားကို ... ဘက်ကွေ့ပြီး သွားလို့မရဘူး သွားရမယ့် တောင်ဘက်ကို ... ကြည့်ဦးလေ"

"အယ်..."

ကိုပဥ္စညွှန်ပြလိုက်သော တောင်ဘက်တွင် ချောက်ကြီးများ ... နှင့်လျှောကြီးတွေဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းမင်း…ကားခါတ်ဆီ အခြေအနေကိုကြည့်ဦး…"

ကျွန်မတို့အားလုံး ကားအောက်တွင် ရပ်သူကရပ် ထိုင်သူ

ကထိုင်နှင့် စိတ်ခါတ်များ ကျကုန်ကြလေပြီ…

"ဆရာသမားရေ ဓါတ်ဆီကတော့ တစ်ဝက်နီးပါး လောက်

တော့ ကျန်သေးတယ်"

"ဒါဆိုရင် ခင်ဗျားကားကို တောထဲမှာ မကျန်ခဲ့တော့ ဘူး

ပေါ့ဗျာ· ဒီမှာခဏနားကြတာပေါ့… ကိုမင်းမင်းနဲ့ ကိုမောင်လတ်

ကျုပ်နဲ့လိုက်ခဲ့ကြဦး စားစရာလေးဘာလေး ထွက်ပြီးရှာဖ

ရအောင်"

"ကိုပဥ္စ ကျွန်မတို့ကို ဟိုအဘိုးကြီးနဲ့ စိတ်ချပြီးတော့ အကြ

ကြီးမထားခဲ့နဲ့ဦး၊ ဘာမှအားကိုးလို့ရမယ့် ပုံမပေါက်ဘူး ခုလည်း

ကြည့်ပါလား သူ့လွယ်အိတ်ကြီးကိုဖက်ပြီး ဥစ္စာခြောက်နေတာ"

ကားနှင့်ခပ်လှမ်းလှမ်း သစ်ပင်အောက်တွင် သူ့လွယ်အိတ်ကို

ဖက်ပြီး ဦးကျော်ဇောထိုင်နေသည်။

"မမ သား သား ရှိတယ် မကြောက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွယ် မင်းကိုပဲ အားကိုးရမှာပဲ"

ချာတိတ်ကလေး ကျွန်မနှင့် လှဲလှဲတို့ကြားမှာ ဝင်ထိုင်လိုက်သဖြင့်…

"သား နာမည်က ဘယ်လိုခေါ်သလဲ"

"ကိုရဲပါ မမ"

"ဘယ်လိုလုပ်ပြီး ကားနဲ့ပါလာတာလဲ မင်းမိဘတွေ ရောပါကြဘူးလား"

"ဟင့်အင်း သားမိဘတွေက သားကိုမွေးပြီးကတည်းကသေသွားပြီလို့ပြောတယ်၊ သားက အဒေါ်နဲ့နေရတာပါ၊ အဒေါ်ယောက်ျားက သားကိုထိုင်းဘက်ကို ခေါ်လာပြီး ရေခဲစက်ရုံမှာထားခဲ့တယ်…မမရယ် ထမင်းလည်းဝအောင် မကျွေးဘူး၊ ရိုက်လည်းရိုက်တယ်၊ ဒဏ်မခံနိုင်တဲ့ နောက်ဆုံး သားလည်း ရေခဲစက်ကြီးကနေထွက်ပြေးခဲ့တာပဲ၊ ခြေဦးတည့်ရာပြေးရင်းနဲ့ (၂) ရက်လောက် ထမင်းငတ်ခဲ့တယ်၊ နောက်မခံနိုင်တဲ့အဆုံး တောင်းရမ်းစားသောက်ရတာပါမမ ရယ်…ကျွေးတဲ့သူရှိသလိုပဲ အော်



www.burmeseclassic.com

www.burmeseclassic.com



လွတ်တဲ့သူလည်း တွေ့ရတာပါပဲ…"

ကိုရဲ သူ့ဘဝအကြောင်းလေးကို ပြောပြနေသဖြင့် ကျွန်မ နှင့်လှဲ့လှဲ့မှာ စိတ်မကောင်းစွာနဲ့ နားထောင်နေမိကြသည်။

"နောက်တော့ အန်ကယ်ကြီးတစ်ယောက်ကသားကို ခေါ်သွား ပြီး ဒီဘက်ကမ်းကို ပို့ပေးခဲ့ပြီးကားမောင်းတဲ့ ဦးဦးနဲ့အပ်ပြီး ထည့်လိုက်တာပဲ… သားကို သူ့ညီမဆီမှာနေရမယ်၊ ပြီးတော့ ကျောင်းလည်းတက်ရမယ်ဆိုပြီး ဒီကားနဲ့တင်ပေးလိုက်တာပဲ မမ…"

"အင်း ငါ့မောင် သူတော်ကောင်းနဲ့တွေ့လို့ တော်သေးတာ ပေါ့ကွယ်"

လှဲ့လှဲ့မှာ ကိုရဲ၏ပခုံးလေးကို ဆုပ်ကိုင်ပြီး ကရုဏာ သက်စွာ ပြောလိုက်လေသည်။

"ညီမတို့လည်း ဒီမှာထိုင်မယ်နော်"

"ဪ… အေး ထိုင်ပါကွာ"

ကားတစ်စီးတည်းတွင် အတူတူပါလာကြပြီး ဒုက္ခ၊ အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးကို ရင်ဆိုင်ခဲ့ကြပေမယ့် မောင်လတ်ဆိုသူနှင့်အတူ ပါလာ ကြီး ရင်းရင်းနှီးနှီး စကားမပြောဖြစ်ခဲ့ကြသော မိန်းကလေး(၂)ဦး …

"ကျွန်မ နာမည်က မဒီဦး သူကတော့ နှင်းယုစံ လို့ခေါ်ပါ တယ်မမ"

ကျွန်မတို့အမည်များကိုပါပြောပြမိတ်ဆက်လိုက်ပြီး ခင်မင် ရင်းနှီးမှုလေးတွေကို အစပြုလိုက်တော့သည်။

"ညီမတို့က မလေးဘက်ကနေပြန်လာကြတာပါ၊ ဟိုမှာ အလုပ်လုပ်ရတာ အရမ်းပင်ပန်းပြီးလုပ်ခနည်းတယ် ဆက်လည်း နေသင့်တော့ဘူး၊ ဟိုမှာဆက်ပြီးနေရင် ဘဝစုတ်ပြတ်သွားတော့ မှာ…ဒါကြောင့် ရတဲ့ငွေလေးကိုစုပြီးပြန်လာခဲ့ကြရတာမမ ရေ…"

"ငါတို့လည်း အတူတူပါပဲကွယ်… တစ်ဖက်နိုင်ငံကို အထင်ကြီးပြီး အလုပ်သွားတာ ခန္ဓာကိုယ်မရင်းရရုံတစ်မယ်ပဲ ဒီရေ… ဘဝအတွက်တော့ သင်ခန်းစာကောင်းကောင်းတစ်ခုကို ရလိုက်တာပေါ့ကွာ…"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးနှင့်တစ်ဦး မိမိတို့ကြုံတွေ့ခဲ့ရသော နာကျင်ဖွယ်ကောင်း
သော ဖြစ်ရပ်လေးများကို ပြောနေမိကြသည်။

"အန္တရာယ်တွေကြားထဲက လွတ်မယ်ကြံတုန်း ခုပဥ္စလက်
မြိုင်ရဲ့ အန္တရာယ်ကြားထဲကို ရောက်နေရပြန်ပြီ"

"တော်သေးတာပေါ့ ကားပေါ်မှာ ကိုပဥ္စလို လူတစ်ယောက်
ပါလာလို့ ကျုန်တဲ့သူတွေနဲ့သာဆိုရင် တွေးတောင် မတွေး
စရာပဲ..."

"နင့်မောင်လတ်ကြီးကို အားကိုးပေ့ါ"

"နှင်းယုစံရယ် သူ့ကိုသာအားကိုးရရင် မြန်မာမြေပေါ်တော
ခြေချရမှာ မဟုတ်ဘူး"

"ကိုယ့်ချစ်ချစ်အစွမ်းသတ္တိတွေကို ထုတ်ပြီး ကြွားမနေပါနဲ့"

"တစ်ခါတစ်ခါ သူနဲ့ချစ်သူဖြစ်ရတာကို နောင်တ ရချင်
သလိုတောင် ဖြစ်မိတယ် မမရယ်၊ ဟိုမှာတုန်းက သူ့ကို အားကိုး
မလားမှတ်တယ် နေရာတကာ ကျွန်မပဲအစစ ဦးဆောင်ပြီး
လုပ်ပေးနေရတာ၊ ခုလည်းပြန်ခရီးစဉ်ထွက်ဖို့ဆိုလည်း ကျွန်မစီစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဆို့ ပြန်ဖြစ်တာ သူ့သဘောအတိုင်းသာဆိုရင် တော်တော်နှင့် ပြန်ဖြစ်ဦးမှာမဟုတ်သေးဘူး”

“စပ်စုတာမဟုတ်ဘူးနော်… မဒီတို့က ဟိုရောက်မှ တွေ့ကြတာလား”

“မြန်မာပြည်ကနေစပြီးထွက်ကတည်းက ဆုံခဲ့ကြတာပါ… လေးရောက်တော့ ကလပ်တစ်ခုမှာ အတူတူလုပ်ကိုင်ရင်း အားဆိုးလေးများ ရမလားဆိုပြီး ချစ်သူဖြစ်လိုက်ပါတယ်… ဘုရားသခင်က မျက်လုံးမှောက်သွားသလားတော့မသိပါဘူး မမရယ် သူနဲ့မှ ချစ်သူဖြစ်ခဲ့ရတယ်”

“ဟဲ့ မဒီ…ဒါဆိုလည်း ရှင့်ကို မချစ်နိုင်တော့ဘူးဆိုပြီး ဖြတ်ပစ်လိုက်ပေါ့”

“ဒီလိုကြီးတော့ မလုပ်ချင်ပါဘူးဟယ်…ချစ်လက်စနဲ့ပဲချစ်လိုက်တော့မယ်၊ အဲ ကိုယ်ရပ်ဌာနေရောက်လို့ကတော့ ဒင်း မလွယ်ဘူးမှတ်… ကောင်းကောင်းကို သင်ခန်းစာ ပေးရမယ်”

“ဘယ်လိုသင်ခန်းစာတွေလဲ လုပ်ပါဦး”



www.burmeseclassic.com

www.burmeseclassic.com



"ဒင်းကို ထမင်းချက်၊ ဟင်းချက်၊ အဝတ်လျှော် ပညာတွေ
သင်ပေးပြီးမောင်းရမှာပေါ့"

ကျွန်မတို့ စကားပြောကောင်းနေတုန်းမှာပဲ ကိုပဥ္စတို့ ပြန်ပြီ
ရောက်လာကြသည်။ လက်ထဲမှာလည်း ငှက်ပျောခိုင်များ သဘော
သီးများနှင့်…

"တောထဲမှာ တောတွင်းစာပဲ စားကြပေတော့"

ကျွန်မတို့ ဗိုက်ဆာနေခြင်းကြောင့် ဟန်ပင်မဆောင်နိုင်တော့
ဘဲ စားကြတော့သည်။ ဦးကျော်ဇောကလည်းကျွန်မတို့နှင့်အတူ
ဝင်စားသည်။

"တူ တူ…တူ"

ထိုအချိန်တွင် ကျွန်မတို့တစ်တွေအပေါ်မှာ ငှက်ဖြူလေး
တစ်ကောင်ပျံသွားသည်ကို ကိုပဥ္စကြည့်ပြီး…

"လမ်းစတွေ့ပြီဗျို့ စားသောက်ပြီးရင် ကားပေါ်တက်ပေတော့
သွားကြမယ်၊ ဗိုတဲ့စားစရာတွေ ကားပေါ်သာတင်ခဲ့ကြပေါ့"

ကားပေါ်သို့ အားလုံးတက်ပြီးသည်နှင့် မောင်းပြီး မောင်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့သည်။

"စောစောက ငှက်ဟာလမ်းပြငှက်တစ်ကောင်ပဲ၊ သူ ပျံသွားတဲ့အရပ်ဘက်ကို မှန်းပြီး မောင်းရမှာ..."

ကားကလေးမှာ ကုန်းမြင့်ကုန်းနိမ့်လမ်းများကို မောင်းခဲ့ရာမှ အော်သံတစ်ခုကို ကြားလိုက်ရပြန်သည်။

"ဆရာသမား အော်သံကြားရပြန်ပြီ"

ကိုပဥ္စကားကို ရပ်ပြီး ဆင်းသွားသည်။ ကားနှင့် သိပ်ပြီး မဝေးသော ချောက်ကမ်းပါးပေါ်မှ အောက်ကို ကြည့်ပြီး

"ကိုမင်းမင်းနဲ့ ကိုမောင်လတ်ရေ ကားပေါ်က ကြိုး ခွေယူခဲ့ကြဗျို့"

ကိုပဥ္စ လှမ်းပြီးအော်လိုက်သောကြောင့် မင်းမင်းနှင့်မောင်လတ်တို့လည်း ကြိုးခွေယူပြီး အမြန်သွားကြသည်။ ကျွန်မတို့ လည်းနောက်မှလိုက်ပြီးသွားကြည့်လိုက်သောအခါ...

"ဟယ်..."

လူကြီးတစ်ယောက် ချောက်ကမ်းပါးဘေးရှိသစ်ပင်ကို ကိုင်



www.burmeseclassic.com

www.burmeseclassic.com



လျက် ခြေထောက်နှစ်ချောင်းမှာ တခြားသစ်မြစ်တစ်ခု ပေါ်တွင်ရပ်လျက်ရှိနေသည်ကို တွေ့လိုက်ရ၏။

"ဟိုသစ်ပင်မှာ ကြိုးကိုနိုင်အောင်ချည်ထားလိုက် ကျုပ်အောက်ကိုဆင်းမယ်"

"ကိုပဥ္စ သတိထားနော်"

ကျွန်မလှမ်းပြီးအော်ပြောလိုက်မိသည်။ ဒီတောထဲမှာ သူတစ်ခုခုဖြစ်လို့မဖြစ်ပေ။ ကိုပဥ္စသည် သစ်ကိုင်းများနှင့် နွယ်များမှတစ်ဆင့်အောက်သို့ တွယ်ပြီးဆင်းသွားသည်။ ထိုလူကြီးနားသို့ရောက်မှ လက်ကိုလှမ်းဆွဲပြီး တစ်ဖက်သို့ ကိုင်းကျနေသည့် သစ်ကိုင်းပေါ်သို့ တင်လိုက်သည်။

"ဒီကြိုးကိုမြဲမြဲကိုင်ပြီး တက်သွားပါအန်ကယ်၊ အပေါ်ကဆွဲတင်လိမ့်မယ်.. မင်းမင်းရေ ဆွဲတင်တော့ဟေ့"

ချောက်ကမ်းပါးပေါ်မှ ထိုလူကြီးကို ဆွဲတင်ပြီးမှ ကိုပဥ္စနောက်မှ တက်လိုက်လာခဲ့သည်။

"မောင်ရင်တို့ ကျေးဇူးကို မမေ့ပါဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"တိုက်တိုက်ဆိုင်ဆိုင် ကယ်ခွင့်ရတာပါ၊ အန်ကယ် ကံပါဲဗျာ.. ဘယ်လိုလုပ်ပြီး ဒီနေရာကို ရောက်ခဲ့တာလဲ"

"အန်ကယ့်ကိုသူပုန်အဖွဲ့တစ်ဖွဲ့က ဖမ်းခဲ့ကြတာ အန်ကယ်က ဆရာဝန်ကြီးတစ်ဦးပါ ဦးမြတ်သာလို့ခေါ်တယ်"

"ပြန်ပေးဆွဲလာတာလား"

"ပြန်ပေးဆွဲတာမဟုတ်ဘူး သူတို့ခေါင်းဆောင်ကို ဆေးကုဖို့ခေါ်လာကြရင်း တောထဲမှာ တောခြောက်သလို ဖြစ်သွားပြီး ကြောက်စရာအသံတွေကြောင့် သူတို့အားလုံး ခြေဦးတည့်ရာပြေးကြတာ အန်ကယ်လည်း ပြေးရင်းနဲ့ ဒီ ချောက်ထဲကိုပြုတ်ကျသွားတာပဲကွယ်"

"ဒါ အန်ကယ့်ဆေးအိတ်နဲ့တူတယ်"

"ဟုတ်တာပေါ့ကွယ်"

ကိုပဉ္စဆေးအိတ်ကို လှမ်းပေးလိုက်သည်။

"သစ်ကိုင်းတစ်ခုမှာ ချိတ်နေလို့ဖြုတ်ပြီးယူလာခဲ့တာ အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်တို့နဲ့ တွေ့ရတာ ဘုရားသခင်ရဲ့ကျေးဇူးပါကွာ။ ဒီတောကြီးရဲ့ သတင်းကိုတော့ ကြားဖူးခဲ့တာ ကြာပါပြီ၊ ခုတော့ တကယ်လက်တွေ့တွေ့လိုက်ရတာပဲ၊ ပဥ္စလက်မြိုင် ဆိုတဲ့ အတိုင်း ပဥ္စလက်မှော်တွေနဲ့ ဖန်ဆင်းထားသလိုပါပဲကွယ်"

ထို့နောက် ကိုပဥ္စအလင်္ကာနှင့်အဖွဲ့သည်ဒေါက်တာဦးမြတ်သာကို ကားပေါ်သို့ခေါ်လာတာ ကားလေးကို ပြန်ပြီး မောင်းထွက်ခဲ့ကြလေသည်။

"မောင်ရင်တို့ တစ်တွေလည်း တောခြောက်တာ ခံနေရတာပေါ့"

"ဟုတ်ပါတယ် အန်ကယ်၊ ခုထိထွက်ပေါက်ကို မတွေ့ရသေးဘူး"

"အန်ကယ်ကြားဖူးတာလေး တစ်ခုပြောပြမယ်၊ တောဘယ်လောက်နက်နက်ကိုပဲရောက်ရောက် အချိန်တန်ရင် မူလလမ်းကြောင်းမှန်ကို တောစောင့်နတ်တွေက ပြန်ပြီးပို့ပေးတာပဲတဲ့၊ တစ်ခုတော့ရှိတယ် စိတ်ဓါတ်ခိုင်မာတဲ့သူတွေကိုပဲ ကူညီ စောင့်



www.burmeseclassic.com

www.burmeseclassic.com



ချောက်သတဲ့၊ ဇွဲကောင်းကောင်းနဲ့ ရှာရင်တွေ့ရမှာပေါ့ကွာ…”

ကျွန်မတို့ကားပေါ်တွင် ဒေါက်တာဦးမြတ်သာတစ် ယောက် ထပ်ပြီး တိုးခဲ့လေပြီ….

ပဥ္စလက်မြိုင်အန္တရာယ်ခရီးကြမ်း၏ အဆုံးသတ်ကို တော့ ဆက်ပြီး ရှာဖွေနေဆဲ…။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

ဒေါက်တာဦးမြတ်သာ ဆေးအိတ်ထဲတွင်ပါလာသော ရေဒီယို

မှကြားလိုက်ရသော မိုးလေဝသ သတင်းကြောင့်...

"အခုကြေညာသွားတဲ့ ဒေသက အန်ကယ်တို့ ရောက်နေတဲ့

ဒေသကို ပြောတာပဲကွဲ့"

"ဟုတ်တယ် အန်ကယ်ရေ ကံဆိုးမ,သွားရာ နောက်ကို

မုန်တိုင်းကပါကပ်လိုက်ပြီနဲ့တူပါတယ်၊ နှစ်ဆယ့်လေးနာရီအတွင်း

အရေးပေါ်ကြေညာထားတော့ ငါတို့ ထွက်ပေါက်ကိုတွေ့ရင် ကိစ္စ

မရှိဘူး၊ မတွေ့သေးပဲ မုန်တိုင်းနဲ့တိုးရင် အန္တရာယ်က ကြီးမယ်"

"ကျွန်တော်တို့ ခုရောက်နေတဲ့နေရာက လုံခြုံရေးစိတ်ချရ

ဘူးအန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ် မောင်ပဋ္ဌရေ တောင်တွေကြားဆိုတော့ မြေပြိုပြီး ဒုက္ခပေးနိုင်တယ်၊ မောင်ပဋ္ဌထွက်လမ်း နေရာကို ခန့်မှန်းနိုင်မလား"

"ကျွန်တော်တို့ ခုရောက်နေတဲ့ နေရာဟာ... တောကြီးရဲ့ တောင်ဘက် နဲ့သာဖြူတောင်တန်းဘက်ကို ရောက်နေပြီလို့ထင်တယ်၊ ဒီနေရာဟာ လမ်းမှန်ကိုရောက်ဖို့အတွက် အနီးကပ်ဆုံးနေရာတစ်ခုလို့ဆိုရလိမ့်မယ်၊ သွားဖူးတဲ့သူတွေပြောတဲ့ စကားအရဆိုရင် တစ်ရက်နဲ့ တစ်ညလောက်တော့ သွားရတယ်"

"သူတို့ကရော ကားနဲ့ပဲလား"

"ဟုတ်ကဲ့ ကားနဲ့သွားခဲ့ကြတာပါ"

"ငါတို့က မှန်တိုင်းနဲ့တိုးဦးမှာဆိုတော့ တစ်ခါတည်း သွားလို့ဖြစ်ပါ့မလား"

"ဒါကို စဉ်းစားနေတာ အန်ကယ် သွားရမယ့်ခရီး တောက်လျှောက်ကိုက တောင်ကုန်းကြီးတွေဘေးကနေကပ်ပြီး သွားရမှာဆိုတော့ မုန်တိုင်းကျလာရင် ခိုစရာမရှိဘဲ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ည အိပ်ရမယ့်အတူတူတော့ စိတ်ချရမယ့်နေရာတစ်ခုမှာ မှန်တိုင်းရှောင်ပြီး နေကြရင် မကောင်းဘူးလား"

"ကောင်းတယ် အန်ကယ်"

"ဟာကွာ မှန်တိုင်းက နှစ်ဆယ့်လေးနာရီအတွင်း ဆိုတော့ ဘယ်အချိန်ဆိုတာ မပြောနိုင်ဘဲနဲ့ ရှောင်ရတာ အချိန်ကုန်တယ် ရတဲ့အချိန်ကို ရောက်သလောက်မောင်းပေါ့ကွ"

"ခင်ဗျားကြီး မစောင့်ချင်ရင် လမ်းလျှောက်ပြီးသာ သွားတော့ ကျုပ်တို့ကတော့ ရှောင်ကိုရှောင်ရမယ်၊ သူနဲ့ လိုက်ချင်တဲ့သူ ရှိရင်လိုက်သွား"

"ဘယ်သူမှ မလိုက်ဘူး၊ သွားချင်ရင် သူတစ်ယောက် တည်း သွား သူ့ဘာသာသေချင်တဲ့နေရာမှာ သေသေ…"

တစ်ကားလုံးနှင့် တစ်ယောက်ဆိန့်ကျင်နေသော ဦးကျော်ဇော သုန်မှုန်သော မျက်နှာနှင့် ဘာမှဆက်ပြီး မပြောတော့…

"ကိုပဥ္စ စိတ်ချရမယ့်နေရာကိုသာရှာဗျာ၊ ဒီလူကြီးစကားကို ခေါင်းထဲထည့်မနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကလူများတယ်ဆိုတော့ လုပ်ထားကြပေါ့ကွာ၊ ကျော်ဇောဆိုတဲ့ ကောင်က ခပ်ညံ့ညံ့မဟုတ်ပါဘူး ဆိုတာကို သိရမှာပါ"

"ကိုကျော်ဇော ခင်ဗျား ကျုပ်ထက်ငယ်တယ် ကြီးတယ်ဆိုတာတော့ မသိဘူး၊ ယဉ်ကျေးမှုအရ ကိုကျော်ဇောလို့ပဲခေါ်ချင်တယ်၊ ခုကားပေါ်မှာပါလာတဲ့ သူတွေအားလုံး ကျုပ်အပါအဝင်ပေါ့ဗျာ၊ ကိုယ့်အိမ် ကိုယ့်မိသားစုဆီကို အမြန်ဆုံး ရောက်ချင်နေကြတဲ့ သူတွေချည်းပဲ၊ ခင်ဗျားတစ်ယောက်တည်း ရောက်ချင်တဲ့ဆန္ဒရှိနေတာ မဟုတ်ဘူး၊ ပြီးတော့ ဒီပဉ္စလောဟာမြို့ကြီးထဲကို သွားလာရေးခရီးထွက်လာကြတဲ့ သူတစ်ယောက်မှမပါဘူး၊ ခရီးသွားရင်းမမျှော်လင့်ဘဲ ကြုံနေရတဲ့ အခြေအနေနဲ့ အန္တရာယ်တွေကို ရင်ဆိုင်တဲ့ နေရာမှာ ခင်ဗျားရဲ့ အတ္တတစ်ခုတည်းကို ရှေ့တန်းတင်လို့မရဘူး၊ အရှင်းဆုံးဆိုရရင်တော့ တစ်ယောက်ထက် အများရဲ့ အန္တရာယ်နဲ့ဘေးကင်းရာကို ဦးစားပေးရတာ တရားမျှတတဲ့ ဖြစ်စဉ်ပဲပါ၊ ခင်ဗျားဟာ ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် စိတ်ဝင်စားစရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး၊ အကယ်၍မြို့ပေါ်ကို ရောက်လို့ရှင်းချင်ရင် လူငယ်တွေ ရှင်းစရာတောင်မလိုဘူး ကျုပ်နဲ့ရှင်းလို့ရတယ်၊ နောက်တစ် အားလုံးအတွက် အနှောင့်အယှက်ဖြစ်ခဲ့ရင်တော့ အများဆ ခင်ဗျားကိုဆုံးဖြတ်ချက် တစ်ခုတော့ မဖြစ်မနေ ချရလိမ့်မယ်

အန်ကယ်ဦးမြတ်သာ ပြောသလိုလုပ်ချင်နေသည်မှာ ကြာ ဖြစ်သော်လည်း လူကြီးဖြစ်နေ၍ သည်းခံနေခြင်း ဖြစ်သည် က ပေါ်ရှိလူအားလုံး၏ မကျေနပ်ချက်များသူ့အပေါ် စုပြုံပြီး ရောက် လာနေသည်ကို ရိပ်မိသွားသော ဦးကျော်ဇောမှာ ခပ်ကုတ် ကု ကလေး ဖြစ်သွားလေသည်။

ပဉ္စလက်မြိုင်လို လုံ့သူမရှိသောတောထဲမှာ ဥပဒေ စိုးမိုးခြ မရှိတာကို သဘောပေါက်သွားဟန်ပေါ်သည်။

"မောင်ပဉ္စ လေတိုက်ပုံက သိပ်မဟန်ဘူးနော်"

"အနောက်တောင်ဘက်ကနေ ဖြတ်ပြီး တိုက်နေတာ၊ ပ မိုးစက်ကလေးတွေ ပါလာပြီ အန်ကယ်"

"မုန်တိုင်းတိုက်ပြီနဲ့ တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



လေတိုက်ခတ်မှုမှာ ခပ်ကြမ်းကြမ်းကလေး ဖြစ်လာ၏။

ကိုပဥ္စကားမောင်းရင်း ခိုနား၍ရမည့်နေရာကို ရှာဖွေနေ ...လိုက်ချိန်မပေါင်ပေါ်တွင် ကိုရဲကတော့ မှန်တိုင်းအန္တရာယ်ကို ...မှုနားမလည်သည့် ကလေးပီပီ အိပ်ပျော်နေလေသည်။

"မောင်ပဥ္စ ဟိုတောင်ကုန်းပေါ်က ကျောက်ဂူကို ဘယ်လို ...သောရလဲ"

"ဂူထဲမှာ သားကောင်ကြီးတွေ မရှိရင်တော့ ခိုနား ဖို့ကောင်း ...နေရာပဲ..."

ကားကိုတောင်ကုန်းအောက်ခြေတွင်ရပ်ပြီး ကိုပဥ္စ၊ ကိုမင်းမင်း ...နှင့် ကိုမောင်လတ်တို့ (၃)ဦးတောင်ကုန်းပေါ်သို့ တက်သွားသည်။

ကိုပဥ္စလက်ထဲတွင် ပုဆိန်တစ်လက်ကို ကိုင်ထားပြီး မင်းမင်း ...နှင့်မောင်လတ်တို့နှစ်ယောက်မှာ ဓါတ်မီးကိုယ်စီကိုင် ထားကြ ...သည်။ ဂူပေါက်နားအရောက်တွင်...

"မင်းမင်းနဲ့ မောင်လတ် ဓါတ်မီးကို ထွန်းပြီး မဝင်ခင်ဦး ...ရင်ဆုံးဂူထဲက အခြေအနေကို လေ့လာဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုပဍ္ဍ ပွေပေါက်ဝမှ အထဲကို တစ်လှမ်း (၂)လှမ်း ဝင်ပြီး

အထဲမှအသံကို နားစွင့်လိုက်သည်။

"ဘာသံမှ မကြားရဘူးနော်"

"ပွထဲမှာအကောင်ကြီး တစ်ကောင်ရှိနေတယ်၊ ဘာ ကောင်

လဲတော့ မသိဘူး"

"ဗျာ...ဟာ"

"ခါတ်မီးကို ဖွင့်ဖို့လက်တို့လိုက်တာနဲ့ အကောင်ရဲ့ မျက်လုံး

တည့်တည့်ကို ထိုးထားလိုက်နော်"

"ဟုတ်... ဟုတ်ကဲ့"

ကိုဂဍ္ဍရှေ့ဆုံးမှ ခြေသံလုံစွာနှင့် ပွကြီးထဲ ဝင်လာခဲ့ပြီး...

"မင်းမင်း"

"ချောက်...ဂါ...ဝူး"

"ဝိုး...ဒုတ်"

ဓါတ်မီး၏ လျှပ်တစ်ပြက် အလင်းရောင်ကြောင့် ပွထဲတွင်

အိပ်နေသော တောဝက်ကြီးမှာ ကြောင်ကြည့်ပြီး ထအရပ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ချင်မြန်လှသော ကိုပဥ္စပုဆိန်ပစ်ချက်ကို ရှောင်လွှားချိန်ပင် ရလိုက်ဘဲ ခေါင်းတည့်တည့်သို့ ထိမှန် စိုက်ဝင်သွားသည်။

ချက်ကောင်းကို ထိသွားသဖြင့် တစ်ချက်တည်းနှင့် တောဝက် ကြီး ငြိမ်သွားလေသည်။

"အားပါးပါး နည်းတဲ့ကောင်ကြီးမဟုတ်ပါလား"

"မောင်လတ်အပြင်က လူတွေကို သွားပြီးခေါ်လိုက်တော့ကွာ"

"ဟုတ်ကဲ့..."

ကျွန်မငွထဲကိုရောက်တော့ တောဝက်သေကြီးကို ကြည့်ပြီး ကြောက်လန့်သွားသည်။

"မသတ်ချင်ပါဘူး ဒါပေမယ့် ကိုယ်တို့အားလုံးအတွက် နေရာကအရေးပါနေတာ ဆိုတော့ မလွှဲသာလို့သာ လုပ်လိုက် တာ..."

"မောင်ပဥ္စ ဒီလောက်အကောင်ကြီးပြီး အသက်ပြင်းတဲ့ ကောင်ကို တစ်ချက်တည်းနဲ့ သေအောင်ပစ်နိုင်တာတော့ ချီးကျူး လောက် ပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မျက်လုံးကို ဓါတ်မီးနဲ့ထိုးထားပြီး ဆော်လိုက်ရ
တာပါ၊ ကံကောင်းထောက်မပြီး ခေါင်းသွားမှန်လို့ အနံကထ
ရဲ...နို့မို့ဆို ဒီကောင်ကြီးပက်တာနဲ့ ကျုန်တော်တို့ သုံးယော
လွှယ်မှာ မဟုတ်ဘူး"

"ဒီကောင်ကြီးကို ဘယ်လိုလုပ်မလဲ ကိုပ်ဠ"

"ဘာလုပ်ရမလဲ မင်းမင်းရာ ဒီညအတွက်တော့ တောဝ
ကင်နဲ့ပဲ ညစာ စားကြရမှပေါ့"

"တောဝက်ကို ဖျက်တဲ့ကိစ္စဆို ကိုမောင်လတ်ကို တာဝ
ပေးလိုက်၊ သူကဟိုမှာ ဆိတ်တွေဖျက်တဲ့အလုပ်ကို လုပ်နေကျ"

"ဟိုက ဆိတ် ခုဟာက ဝက် တူမလားဟ"

"မတူလည်း ဖျက်ရမှာပဲ မောင်လတ်ရေ၊ ငါပါဝိုင်း လုပ်ပေ
မှာပါကွ"

ဝူထဲတွင်ရှိသော သစ်ကိုင်းခြောက်တွေကို ကောက်ပြီး မီး
လေးတစ်ခုကို စတင်ပြီး ဖိုလေသည်။

"ဝေါ...ဝုန်း...ဖြောင်း"



www.burmeseclassic.com

www.burmeseclassic.com



ရှုကြီးအပြင်ဘက်တွင် မုန်တိုင်းသံစဉ်တေးသီချင်းများကို
ကွဲမတတ်ကြားနေရ၏။

"ပွတ်ကာ သီကာလေးပဲ ဟော့… ကားသာဆက်ပြီး မောင်း
င် အားလုံးကိစ္စချောဖို့ကတော့ များတယ်"

"ညကိုတော့ ယောက်ျားလေးတွေက အလှည့်ကျ စောင့်ပြီး
ပ်မှဖြစ်မယ် မုန်တိုင်းကြောင့်သားကောင်တွေ ဝင်လာရင်
တ်မယ်"

"မိန်းကလေးတွေပဲ အိပ်နိုင်ပြီး ယောက်ျားလေးတွေ မအိပ်ဘဲ
ာင့်ကြတာပေါ့ကွာ… မောင်ပဥ္စကလွဲပြီး ဘယ်သူကမှ ပါးပါး
ပ်နပ်ရှိတာ မဟုတ်ဘူး"

ကျွန်မ ကိုပဥ္စကို သနားမိသည်။ ခုလိုဘေးဒုက္ခတွေ ကြုံရိုန်မှာ
နေ့ရောညပါသူ့ကိုပဲ အားကိုးနေကြသောကြောင့် ပင်ပန်းနေလေပြီ
ဟုတ်လား…

ကိုပဥ္စမှာ သူ့ကိုယ်သူပင်ပန်းတယ် ဟုထင်ထားပုံမရပေ။
သူ့မျက်နှာပေါ်တွင် အမြဲတမ်းအားမာန်အပြည့်နှင့် တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့အတွက် လေးစားစရာ ကောင်းသော လူတစ်ယောက်
ဖြစ်သလို ယောကျ်ားများနှင့်ပတ်သက်ပြီး အထင်မကြီးတတ်သော
ကျွန်မ၏ စိတ်ကို ရိုက်ချိုးပစ်ခဲ့သူ တစ်ဦးဆိုလျှင်မမှား....။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့ကို အိပ်ဖို့ပြောပေမယ့် ဦးကျော်ဇောကလွဲပြီး ကျွန်တဲ့လူအားလုံး မအိပ်ကြပဲ ဝိုင်းဖွဲ့ပြီး စကားပြောနေကြသည်။

"ပဒ္ဓလက်မြိုင်ကြီးနဲ့ ပတ်သက်ပြီး မောင်ပဒ္ဓ ထူးထူးခြားခြား ဘာတွေကြားဘူးလဲ"

"တောကြီးရဲ့ ချောက်ချားကြောက်စရာကောင်းတဲ့ ကိစ္စတွေပဲ ကြားဘူးပါတယ်၊ ကျွန်တဲ့ထူးထူးခြားခြားတော့ မကြားမိပါဘူး၊ အန်ကယ်ကရော ဘာကြားဘူးလို့လဲ"

"ကြားဘူးတာ မဟုတ်ပါဘူး ကိုယ်တိုင်ကြုံခဲ့ဘူးတာ ရှိတယ်၊ သိပ်ကိုအံ့သြဖို့ကောင်းတာ..."

"ပြောပြပါလားအန်ကယ်..."



www.burmeseclassic.com

www.burmeseclassic.com



"အိပ်မရမယ့်အတူတူတော့ ပြောပြရတာပေါ့ကွာ၊ ဒီလိုဟော့ ဂျပန်နိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့တစ်ဖွဲ့ မြန်မာပြည်ကို ရောက်ခဲ့ကြပြီး ပဠလက်မြို့င်ကြီးထဲက သူတို့စစ်သားတွေကို ရှာဖွေဖို့ အစိုးရဆီက ခွင့်ပြုချက်ယူပြီး ရှာတဲ့အဲဒီအဖွဲ့မှာအန်ကယ့်ကို ဆေးကုသရေးအတွက် လိုက်ပါပေးခဲ့ရတယ်၊ ဂျပန်လူမျိုး(၃)ဦး လမ်းပြမုဆိုးဆလိုင်းတူးနှင့် အရပ်သား(၅)ယောက် အန်ကယ် အပါအဝင် အားလုံး(၁၀)ဦး... ဒီတောထဲကို ဝင်ခဲ့ကြတယ် ခွင့်ပြုချက်နဲ့ သေနတ်တွေတော့ ကိုင်ခွင့်ရတယ်၊ ဝင်ခဲ့တဲ့နေရာက ပဠလက်မြို့င်ကြီးရဲ့ မြောက်ဘက်ပိုင်းကနေဝင်ခဲ့ကြတာ၊ ဂျပန်လူမျိုးတွေမှာ မြေပုံပါပေမယ့် ဒီမြေပုံဟာ ပဠလက်မြို့င်ကြီးရဲ့ လှည့်စားမှုအောက်မှာ တိကျတဲ့နေရာ အမှတ်အသားတွေကို ဘယ်လိုမှရှာမတွေ့ခဲ့ကြဘူး ..."

ဒီလိုနဲ့ တောကြီးထဲမှာ (၃)ရက်မြောက်နေ့ကို ရောက်တော့

......

"မစွတာ ဇူတိုမှာ ကျုပ်တို့တောထဲကပြန်ပြီး ထွက်ဖို့ သင့်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုက အရမ်းကိုဆိုးဝါးနေတယ်''

အန်ကယ်က တောထဲကနေပြန်ပြီး ထွက်ဖို့သူတို့ တာဝန်ခံကို ပြောပေမယ့် မရခဲ့ဘူး•• ဆက်ပြီးရှာဖို့ပဲ စိတ်သန်နေတာနဲ့ အန်ကယ် လက်လျှော့လိုက်တယ်•••(၄)ရက်မြောက်နေ့ကို ရောက်တော့ ဂျပန် (၃)ယောက်ထဲက ဖိုရာဆိုတဲ့လူကို ထူးဆန်းတဲ့ မြွေဖြူတစ်ကောင်အကိုက်ခံရပြီး ခြေထောက် (၂)ဖက်လုံး အကြော တွေ ဆိုင်းသွားတယ်။ အလုပ်သမား (၅)ယောက်ထဲက တစ် ယောက်ကတော့ နွယ်ရှင်တွေရစ်ပတ်ပြီး အလောင်းတောင်ပြန် မရဘူး၊ ဒီအဖြစ်အပျက်တွေကြောင့် ကျန်တဲ့လူတွေ သွေးပျက်သလို ဖြစ်သွားပြီး•••

''ဒုတို့မှာ ခင်ဗျားဆက်ပြီး ခေါင်းမာနေရင် အားလုံး ဒီတော ထဲမှာ ထားခဲ့ရမယ့် အခြေအနေရောက်မယ်နော်''

''ဟုတ်တယ် ဒုတို မင်းဆက်ပြီး ခေါင်းမမာနဲ့တော့ ဖိုရာဟာ အခြေအနေဆိုးဝါးနေပြီ''

(၃)ယောက်ထဲမှာ (၂)ယောက်နဲ့ စိတ်ဓါတ်ကျမှု ကြောင့်ဒုတိုမှာ



www.burmeseclassic.com

www.burmeseclassic.com



သူရဲ့ ရှာဖွေမှုခရီးကို အဆုံးသတ်ပြီး တောထဲ ကနေပြန်ထွက်ဖို့ကို သဘောတူလိုက်သည်။

"ဆလိုင်း ကျုပ်တို့နောက်ပြန်ဆုတ်မယ့် လမ်းကိုအနီးဆုံး နေရာ ကနေသွားဗျာ"

"ဆရာ ကျွန်တော်တို့ တောကျွံပြီး ထွက်လမ်းပျောက်နေပြီ ဆရာ"

"ဘာ...ဟာ"

"ပြီးတော့ ခုနေရာဟာ တောရဲ့ဝက်ပါထဲကို ရောက်နေတယ်"

လက်ထဲကနာရီကိုကြည့်လိုက်ရာ နေ့လည် (၁၂:၀၀) နာရီ မွန်းတည့်ချိန်ဖြစ်ပေမယ့် ရောက်နေသော တောနက်ထဲမှာ မှောင်စပြုနေသည်။

"ဒါ ဘယ်လိုမှ မဖြစ်နိုင်တာပဲ... ကျုပ်ဒီထက်မကကြီးတဲ့တော ကြီးတွေကို ရောက်ဖူးတယ်၊ နေပျောက်သွားတယ်ဆိုတာ အဓိပ္ပါယ် မရှိဘူး မိုးသားတိမ်တိုက်တွေ နေကို ကွယ်နေတာပဲဖြစ်မယ်"

ဓုတိုနာ သူ့မှာပါလာသော ဆက်သွယ်ရေးရေဒီယိုများနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်မှုများ လုပ်ပေမယ့် ဘယ်လိုမှမရ·····

"အလင်္ကာရ စက်ရုတ်တွေ အရေးအကြောင်းဆို ဘာမှ အသုံး မဝင်ဘူး ကဲ···ကွာ"

"ဖူတိုနာ မင်းဒေါ်သကိုသိမ်းထားစမ်း··· မင်းအဖြေကို အရင် ရှာဘဲနဲ့ မင်းဒေါ်သထွက်နေလို့မရဘူးကွ၊ ဆလိုင်း ဘယ်လို လုပ်ရင်ကောင်းမလဲ···"

"အလင်းရောင်ကိုစောင့်ပြီး ထွက်လမ်းကိုရှာချင်တယ် ချုပ်ခံနဲ့ထွက်ရင် အားလုံးဒုက္ခရောက်နိုင်တယ်"

"ဟာ···မင်းပြောတဲ့ အလင်းရောင်ကို မစောင့်နိုင်ဘူး သွား ရောက်ရှိတာကို သွားမယ်"

"ခင်ဗျား သွားခိုင်းတိုင်း မသွားနိုင်ဘူး"

"ဘာဗျ ခင်ဗျားကို တန်ရာတန်ကြေးပေးပြီး ငှားရမ်းလာတာ ကျုပ်အမိန့်အတိုင်းလိုက်နာရမယ်"

"ဒီမှာ ဖူတိုနာ ခင်ဗျားစကားတွေက သိပ်ပြီး လွန်နေပြီ၊ ကျုပ်တို့ ဟာ ခင်ဗျားရဲ့ ကြေးစားအခိုင်းအစေတွေ မဟုတ်ဘူး၊ ဆလိုင်း



www.burmeseclassic.com

www.burmeseclassic.com



အတွက် ခင်ဗျားငှားလာတဲ့ငွေကို ကျုပ်ပြန်ပြီးလျှော်ပေးမယ်"

"ချောက်"

ဇူတိုနာ သူ့ပစ္စတိုကိုမောင်းတင်ပြီး ဆလိုင်းကိုချိန်ရွယ်ထား လိုက်သည်။

"ကျုပ်စကားကို နားမထောင်ရင် ကျုပ်အဆိုးမဆိုနဲ့နော်"

"ဇူတိုနာ မင်းသေနတ်ကို ပြန်ပြီးချလိုက်စမ်း၊ မင်းရူး နေတဲ့ ကောင်ပဲ"

"ဆာကူရာ မင်းပါးစပ်ပိတ်ထားစမ်း၊ ဒီအဖွဲ့မှာငါ ခေါင်းဆောင် ငါ့စကားကို အားလုံးနားထောင်ရမယ်"

"ကဲကွာ...ဖြောင်း...အီး"

ဆာကူရာ...ဇူတိုနာ နားကို ကပ်သွားကာ မျက်နှာကို ရိုက်ချ လိုက်ပြီး သေနတ်ကို လုယူလိုက်ပြီးမှ...

"စိတ်မကောင်းပါဘူး၊ ဇူတိုနာ မင်းကိုဒီလိုမှမလုပ်ရင် အားလုံးဒုက္ခရောက်မယ်၊ မုဆိုးကြီး ဆလိုင်းနဲ့ ဒေါက်တာ မြတ်သာကိုလည်း သူ့ကိုယ်စားတောင်းပန်ပါတယ်၊ ထွက်ပေါက်

www.burmeseclassic.com

www.burmeseclassic.com



လမ်းကို စိတ်တိုင်းကျရှာဖွေပါ”

ဒီလိုနဲ့ အလင်းရောင်ထွက်ချိန်ကိုစောင့်ပြီး ယာယီစခန်းလေးချပြီး စောင့်ခဲ့ကြတယ်…

“ဟာ …ဟိုမှာ ဇူတိုနာထွက်ပြေးပြီ”

“ဒီကောင်တော့ကွာ…”

ဇူတိုနာ နောက်ကို မုဆိုးကြီးဆလိုင်း ဒေါက်တာ မြတ်သာနှင့် ဆာကူရာတို့ပြေးလိုက်ကြရင်း….

“ဝေါ…ဝုန်း… ဟင်…”

တောကြီးရဲ့ ကြောက်မက်ဖွယ်ကောင်းလှသော လေတိုက်သံများနှင့်အတူ ရှေ့ဘက်ကို ဘာမှမမြင်ရအောင် အမှောင်ကျ သွားသည်။ တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်ပြီး သစ်ပင်ကြီးဘေးတွင် ကပ်နေလိုက်ကြသည်။ ဇူတိုနာတစ်ယောက်အယ်ကိုရောက်သွားမှန်းပင်မသိတော့ပါ။

“ဒီမစ္စတာမြတ်သာ ကျုပ်တို့ ဒီအတိုင်းဆက်ပြီး ပြန်လို့ ဖြစ်ပါ့မလား လေတွေကအရမ်းကို ကြမ်းလာပြီ”



www.burmeseclassic.com

www.burmeseclassic.com



"နောက်ကြောင်းကို ပြန်ပြီးဆုတ်မယ်"

"အင်း..."

သစ်ပင်ကြီးကနေ နောက်ကြောင်းကို ပြန်ပြီးဆုတ်လာချိန်တွင်

"ဟာ... ရေ..ရေ တွေ"

"ဝေါ..."

"မစွတာ မြတ်သာ"

"ဆလိုင်း"

"ဆာကူရာ"

တစ်ယောက်နာမည် တစ်ယောက် ခေါ်ရင်း ရေစီးကြောင်းနှင့် မျောပါသွားကြသည်။ အမှောင်ထုထဲမှာ မျှောနေကြသဖြင့် ဘာကိုမှ မမြင်ရသလို မည်သည်နေရာသို့ရောက်နေမှန်းလည်း မသိရပေ။

"ဝုန်း..."

ထိုအချိန်တွင် ခန္ဓာကိုယ်တစ်ခုလုံး ကျင်စက်နှင့် အတို့ခံလိုက်ရသလို အေးစက်လွန်းသည့် ရေပြင်သို့ ကျသွားခဲ့သည်။ ရေထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ထူးခတ်ရင် ကမ်းပေါ်ကိုရောက်ခဲ့ပေမယ့် ဘာတစ်ခုကိုမှ သဲသဲကွဲကွဲ မတွေ့ရပေ…

"ဟူး…"

မော့ဟိုက်မှု ပင်ပန်းနွမ်းနယ်မှုများနှင့်အတူ တစ်ကိုယ်လုံး တိုက်ခံနေသဖြင့် ပက်လက်လှန်ချပြီး အသက်ကို မှန်မှန်ရှူနေလိုက်သည်။ ကိုယ့်ကိုယ်ကိုအသက်မသေသေးပါလားဟူသော အသိနှင့် မျက်လုံးမှိတ်ထားပြီး ဆလိုင်းနှင့် ဆာကူရာတို့ထံမှ အသံကို နားစွင့်နေပေမယ့် ဘာသံကိုမှ မကြားရပေ။

"ရှပ်…ရှပ်…ရှပ်"

"ဟာ…"

မျက်လုံးထဲတွင် မီးအလင်းရောင်နှင့်… ခြေသံကြောင့် လှဲနေရာမှထလိုက်ပေမယ့် ခန္ဓာကိုယ်ကြီးမှာ ကျောက်တုံးကြီး သဖွယ်ဖြစ်နေသည်။

ဘုရား…ဘုရား…ဘုရား ငါကျောက်ရုပ်ဖြစ်သွားပြီလား ခြေထောက်များနှင့် လက်ချောင်းများကို ကွေးဆန့်ကြည့်သော် လည်း



www.burmeseclassic.com

www.burmeseclassic.com



မရ မီးအလင်းရောင်မှာ အနားသို့ရောက်လာပြီး

"ဝုန်"

"ဘုရား..."

"သူ့ကိုထမ်းပြီးခေါ်ခဲ့စမ်း"

"မှန်ပါ့"

သူ့ကိုသစ်တုံးတစ်တုံးလို ပခုံးပေါ်ထမ်းပြီး ခေါ်ဆောင်သွား

လေသည်။ မျက်လုံးထဲမှာ မှောင်မည်းနေသော ကောင်းကင်

ကြီးကလွဲပြီး ဘာမှမမြင်ရပဲ လိုက်ပါခဲ့ရင်း ကျောက်နံရံကြီး

တစ်ခုကို ဆီမီးအလင်းရောင်အောက်တွင် တွေ့လိုက်ရသည်။

"ကျောက်ဖျာပေါ်တင်လိုက်"

ကျောက်ဖျာကြီးပေါ်မှာ ခန္ဓာကိုယ်ကြီး တင်လိုက်ပြီး ပါးစ

ထဲကို ချိုမြမြရေအေးတစ်ခွက် လောင်းထည့်ပြီး စက္ကန့်ပိုင်

လောက်အတွင်းခန္ဓာကိုယ် တစ်ခုလုံးအ်ပူငါတ် ပြန်ရပြီး နဂိုအ

ပြန်ဖြစ်သွားတော့သည်။

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးထဲတွင် မြင်တွေ့လိုက်ရသောမြင်ကွင်းကြောင့်အံ့သြ
သွားသည်။ ဂူကြီးတစ်ခုလုံးတွင် ရွှေရတနာများနှင့် ပြည့်နှက်နေပြီး
ဆံဖြူစင်ကြယ် သူတော်စင်ကြီးနှင့် လူထွားကြီးတစ်ယောက်ကို
တွေ့လိုက်ရသည်။

"လူလေး ဒီရတနာပစ္စည်းတွေကို စိတ်နဲ့တောင် မပြစ်မှားနဲ့
နော့်၊ ဒီရတနာပစ္စည်းတွေဟာ နောင်ပွင့်တော်မူလာမယ့် ဘုရား
အတွက် စေတီတည်ထားပြီး ဌာပနာထည့်မယ့် ရတနာတွေဖြစ်
တယ်။ လူလေးတို့ (၄)ယောက် ဘေးဒုက္ခရောက်ခဲ့လို့သာ
ဆယ်တင်ခဲ့ရတာ… မနက်မိုးသောက်တာနဲ့ ကိုယ်ရပ် ကိုယ့်ဌာနေ
ပြန်ကြတော့ကွယ်… ဟိုဘက်ဂူထဲမှာ လူလေးမိတ်ဆွေတွေရှိ
ပါတယ်"

"ကျေးဇူးကြီးလှပါတယ် အဘ…ကို ကန်တော့ပါရစေ"

"သာဓု…သာဓု…သာဓု ကွယ်"

လူထွားကြီးခေါ်ဆောင်သည့်နောက်ကို လိုက်သွားသောအခါ
ဘေးဘက်ဂူထဲတွင် ထိုင်နေကြသော ဆလိုင်း၊ ဆာကူရာနှင့်ရှုတ်ိုမှာ



www.burmeseclassic.com

www.burmeseclassic.com



တို့ကို တွေ့လိုက်ရသည်။

"သေကံမကုန်သေးလို့ သူတော်ကောင်းနဲ့တွေ့ပြီး အသက်

ခဲ့ကြရတာပဲ၊ ဒီကောင်ကြောင့် ခုလိုဖြစ်ရတာ မင်းကိုဂျပန်ဖြ

ရောက်မှ ရှင်းရမယ်"

ရှုတိုနာ သူ့အပြစ်နှင့်သူမို့ စကားသံတိတ်ပြီး နေသည်။

"ရော့…စားကြဗျာ"

ငှက်ပျောသီး၊ သင်္ဘောသီးနှင့် မစားဘူးသော သစ်သီးများ

စားသောက်ပြီး နွားနို့လိုအရသာမျိုးရှိသည့် အဖြူရောင်အ

တွေကို ရွှေခွက်ကြီး (၄)ခွက်နှင့် လူထွားကြီးလာပြီး ပို့ပေးသ

ယူပြီး သောက်လိုက်ကြသည်။

"တကယ်နို့အရသာပဲနော်"

"ဟုတ်တယ် ဆာကူရာ နွားနို့တော့ မဟုတ်ဘူး"

"တခြားသတ္တဝါတစ်ကောင်ရဲ့ နို့ရော မဖြစ်နိုင်ဘူး လား

"မဖြစ်နိုင်ဘူး သစ်သီးနံ့လေးပါနေသလိုဆိုတော့ သစ်ဥ၊သ

တစ်ခုက အရည်တစ်ခုခုဖြစ်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီ သစ်သီးနို့ရည်လေးကို သောက်လိုက်ရတာ ခွန်အားတွေ ပြီး ပြည့်သွားသလိုပဲနော်"

"ဟုတ်တယ်..."

သူတို့(၃)ယောက် စကားပြောနေပေမယ့် ရှုတိုနာမှာရွှေခွက် များကို သေသေချာချာစွာ ကိုင်ကြည့်နေသည်။

"ရှုတိုနာ"

"ဘာလဲ"

"မင်း ဒီရွှေခွက်တွေပေါ်မှာ လောဘတက်ရင် မင်းကိုငါ ယ်တိုင် သတ်ရလိမ့်မယ်နော်၊ ကျေးဇူးတရားမသိတတ်တဲ့ ာ်ခါတ်ကို မမွေးနဲ့"

"ငါ့က လေ့လာတာပါ"

ရှုတိုနာ ရွှေခွက်ကို ပြန်ချပြီး ခင်းကျင်းပေးထားသော နေရာ းပေါ်မှာ လှဲလိုက်ပြီး သိပ်မကြာမျက်လုံးတွေ လေးလံလာပြီး အမှတွေးချိန်တောင်မရလိုက်တော့ (၄)ယောက်လုံး အိပ်ပျော် ားကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်တို့ နီးလာတော့ သူတော်စင်ကြီးက လိုက် ပို့ပေး

တာပေါ့နော်"

"အန်ကယ်တို့ (၄)ယောက်လုံးသတိပြန်ပြီးရတော့ တော

ကုန်းတစ်ခုပေါ်မှာ ရောက်နေကြတယ် ဘယ်အချိန်က ပို့ထားသ

လဲမသိဘူး၊ ဒီတောင်ကုန်းပေါ်မှာကနေ ဆင်းမယ် ပြင်တုန်း

ရှာဖွေရေး ရဟတ်ယာဉ်တွေနဲ့ တွေ့ပြီး ကယ်တင်သွားကြတာ"

"ဟို... ကျန်တဲ့လူတွေကရော"

"အင်း သူတို့ကိုလည်း ရှာဖွေရေးအဖွဲ့တွေက တွေ့ပြီး ကယ်

တင်နိုင်ခဲ့တယ်"

"အန်ကယ်လို့ ရောက်ခဲ့တဲ့နေရာကို ဘယ်လိုမှ မသိနိုင်ဘူး

ပေါ့နော်..."

"အန်ကယ်မပြောနဲ့ ပဉ္စလက်တောကြီးမှာကျင်လည် ကျက်

စားနေတဲ့ မုဆိုးကြီးဆလိုင်းတောင် အရိပ်အငွေ့တောင် မသိဘူး

ဗိုလ်ခိုဖိုး ဂျပန်လူမျိုး ဇုတိုနာနဲ့ရော ဘာတွေဆက်ပြီး ဖြစ်သေး

အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဘာမှဆက်ပြီးမဖြစ်တော့ပါဘူး၊ ဆာ့ကူရာတစ်ယောက် အတော့ အန်ကယ်တို့ကို တောင်းပန်ပြီး ပြန်သွားခဲ့ကြတယ်”

“အန်ကယ်ကြုံခဲ့တာ ဘယ်လောက်ကြာသွားပြီလဲ”

“(၅)နှစ်လောက်တော့ ကြာသွားပါပြီ... ခုချိန်ထိ အိပ်မက် တစ်ခုလို ထင်မြင်နေတုန်းပဲကွယ်”

“အန်ကယ်က ပင်လက်မြိုင်ကြီးနဲ့ ရေစက်ပါတယ်နော်၊ ခု တစ်ခေါက်ပြန်ပြီး ရောက်ရပြန်ပြီ”

“ဟုတ်ပါ့ကွာ ... သမီးတို့ (၄)ယောက် အိပ်ကြဦး ခရီးစဉ် အခြေအနေက ဘာဆိုဘာ ပြောလို့မရသေးဘူး၊ အားအင်ပြည့် အောင်နေကြ...”

“ဟုတ်ကဲ့ အန်ကယ်...”

ကျွန်မတို့ အိပ်ဖို့ပြင်နေတုန်းပဲရှိသေး ဦးကျော်ဇောမှာ ဟောက် တောင်ဟောက်နေလေပြီ.....။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

ကျွန်မတို့ တစ်တွေအတွက် ပဥ္စလက်မြိုင်ကြီးထဲတွင် အခန်းဆက်ဇာတ်လမ်းကြီး တစ်ပုဒ်ကို က,ရမလိုဖြစ်နေလေပြီ…။

မုန်တိုင်းကြောင့် မိုးကအဆက်မပြတ်ရွာသွန်းနေပြီး ဂူအပြင်ကိုပင် ထွက်လို့မရအောင်ကြုံနေရလေသည်။ ဒီကြားထဲ ဦးကျော်ဇောက ငှက်ဖျားတွေတက်နေသောကြောင့် ဆေး ကုသပေးနေရသေးသည်။

"မောင်ပဥ္စရေ ဘယ်လိုစဉ်းစားထားလဲ… မိုးက ရေရှည်နေရင် ရေသောက်ပြီး အဲဟာရပြတ်ကိန်းဆိုက်တော့မယ်နော်"

"ကျွန်တော် အပြင်ထွက်မယ်"

"ကိုပဥ္စရယ် ဒီလောက်လေတွေ မိုးတွေ ကျနေတာ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ထုပ်ပြီး အပြင်ကိုထွက်မှာလဲ…”

“အပြင်ထွက်ပြီး ရိက္ခာအတွက် မရှာလို့တော့ မရဘူး ကြွေရီ အားလုံးငတ်ပြီး ခရီးမဆက်နိုင်ပဲဖြစ်မယ်”

“ကိုပဋ္ဌသွားမယ်ဆိုရင် ကျွန်တော်ပါ လိုက်မယ်”

“ငါလည်း လိုက်မှာပေါ့”

“မင်းတို့ (၂)ယောက်ထဲက တစ်ယောက်ပဲလိုက် ကွာ”

“မင်းမင်း ခင်ဗျားနေခဲ့ ကျွန်တော်လိုက်သွားမယ်၊ ဝူမှာက သန်သန်မာမာတစ်ယောက်ကတော့ ရှိရမယ်၊ နောက်ဆုံး တစ်ခုခု ဖြစ်ခဲ့ရင်တောင် ခင်ဗျားက ကားမောင်းပြီး ပြန်လို့ရတယ်၊ ကျွန် တော်က ကားမမောင်းတတ်ဘူး”

“ကိုမောင်လတ်ပြောတာ သဘာဝကျတယ်၊ မင်းမင်း နေခဲ့ ဗျူပီနဲ့ ကိုမောင်လတ်အပြင်ကိုထွက်မယ်”

ကိုပဋ္ဌနှင့် မောင်လတ်အပြင်ကို ထွက်သည်ကို ကျွန်မ နှင့်မဒီ ရပ်ကြည့်ပြီး စိုးရိမ်မှုကလေးတွေ ရင်မှာလှိုင်းထလို့ နေသည်။

မဒီကတော့ မောင်လတ်မှာ သူမချစ်သူမို့ စိုးရိမ်သည်မှာ



www.burmeseclassic.com

www.burmeseclassic.com



သဘာဝ ကျပေမယ့် ကျွန်မကဘာကြောင့် စိုးရိမ်နေရသလဲဆိုတာ တော့ ရင်မှာအဖြေမရှိသေးပါ...။

"ကျွန်မကတော့ ကိုမောင်လတ်ကို ခုမှရင်ခုန်ချင်သလို ဖြစ်နေတယ်"

"မဒီရယ် ကိုယ့်ချစ်သူကို ခုမှရင်ခုန်ရတယ်လို့ဟယ်"

"မမကြွေရီရေ မောင်လတ်ဆိုတဲ့သူက ခုမှ ယောကျ်ားဆန် တဲ့အလုပ်တွေကိုလုပ်နေလို့ပါ...၊ ကျေးဇူးတင်ရမယ်ဆိုရင် ကိုပဒ္ဒကြီး ကို ကျေးဇူးတင်ရမယ် သူ့ကြောင့် မောင်လတ်ပြောင်း လဲသွား ရတာ..."

"မမကြွေရီနဲ့ ကိုပဒ္ဒစာတ်လမ်းဘယ်လိုလဲ ဟင်"

"အယ်..."

မဒီအမေးစကားကြောင့် ကျွန်မဘာပြန်ပြောရမှန်း တောင်မသိ ဖြစ်သွားသည်။

"မမ... မေးတာကိုဖြေပါဦး"

"မဒီရေ ငါတို့နှစ်ယောက်မှာ ဘာဇာတ်လမ်းမှမရှိပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ရိုးစင်းတဲ့ခင်မင်မှုလေးတွေနဲ့ ခရီးသွားနေကြတာပါ"

"မမချစ်သူဖြစ်မယ်ဆိုရင် ကိုပဥ္စဟာ ချစ်သူဖြစ် ထိုက်တဲ့ ယောကျ်ားကောင်း တစ်ယောက်နော်၊ နှင်းယုစံက တောင်ကိုပဥ္စကို စိတ်ဝင်စားလို့တဲ့"

"ဟင်…"

ကျွန်မ၏ မသိစိတ်ကလေးမှာ သဝန်တိုသလိုဖြစ် သွားသည်။ ဒါပေမယ့် ကိုပဥ္စနှင့်ကျွန်မဟာ ချစ်သူတွေမှ မဟုတ်ဘဲ….

"ကျွန်မကတောင်ပြောလိုက်သေးတယ်၊ ကိုပဥ္စနဲ့ မမ ကြွေရီ တို့က ချစ်သူတွေဆိုတော့မှာ နှင်းယုစံ ပိုးသေသွားတာ"

"မဟုတ်တာ မဒီရယ်"

"မဟုတ်တာတွေ ဟုတ်တာတွေကြောင့် ပြောလိုက်တာ မဟုတ် ပါဘူး၊ မမနဲ့ကိုပဥ္စတို့ (၂)ဦးက လိုက်ဖက်ညီလို့ ပြောလိုက် တာပါ"

"ခုလိုမြင်တတ်ပေးတာကို ကျေးဇူးတင်ပါတယ်··မမဒီ ရေ··"



www.burmeseclassic.com

www.burmeseclassic.com

“မောင်လတ်ရေ ဒီဘက်ကနေဆင်းရင် သတိထားဟေ့ ဒီကျောက်တုံးတွေက ချော်နေတယ်”

-“ဟုတ်ကဲ့”

မိုးသည်းထန်စွာရွာနေပေမယ့် လေကအကြမ်းကြီး မတိုက်သဖြင့် တော်သေးသည် ဆိုရမည်။ မိုးထဲရေထဲမှာ ဘာသားကောင်မှ မတွေ့နိုင်သည်ကို သဘောပေါက်ပေမယ့် တွေ့လိုတွေ့ငြားနှင့် သစ်သီးဝလံတွေ့ရကောင်းနိုးနိုးဖြင့် ထွက်လာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကုန်းမြင့်ကနေ အောက်ကိုဆင်းရသောလမ်းမှာ ကျောက်တုံး ကျောက်ကမူများကို ခြေကန်ပြီးဆင်းနေရသည်။

“သိပ်ပြီး အောက်ကိုဆင်းလို့တော့ မကောင်းဘူး ပြန်တက်ရတာ ခက်မယ်ကွ၊ ရှေ့အဆင်းနားမှာ ရှာကြံပြီး ရတာနဲ့ ပြန်တက်ကြမယ်”

“ကိုပဥ္စသဘောပဲ”

“ရှူး”

မောင်လတ်ကို အသံမထွက်ရန် အချက်ပေးလိုက်ပြီး ကျောက်တုံးကြီးနှစ်ခုကြားမှ အပေါက်ကလေးနားကို ခြေသံလုံ့စွာနှင့်ကပ်သွားကြသည်။

ကိုပဥ္စကျောက်တုံးနှစ်ခုကြားမှ အပေါက်ကို နားနှင့် ကပ်ပြီး နားထောင်ကာ…

“မောင်လတ်ကြိုးပြင်ထားလိုက်ဟေ့”

“ဟုတ်ကဲ့”

ကိုပဥ္စ ကျောက်ပေါက်ထဲသို့ လက်နှိုက်ပြီး ဆွဲထုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သော်…

"ဂတ်…ဂတ်"

ဘဲနှင့်သဏ္ဍာန်တူသော ငှက်တစ်ကောင်ကို လက်ထဲ မှာတွေ့လိုက်ရသည်။

"ခြေထောက်တွေကို ချည်ထား"

ကျောက်ဝှပေါက်ထဲမှ ငှက်(၅)ကောင်လောက်ကို ဖမ်းမိပြီး အကောင်သေးသေး (၃) ကောင်ကို ပြန်ထည့်ထားလိုက်သည်။

"ကိုပဥ္စ ဒါဘာကောင်တွေလဲ ဘဲနဲ့တော့တူတယ်"

"ဒီငှက်လို့ပဲ ခေါ်ကြတာပေါ့ကွာ…ချည်ထားတာ ခိုင်တယ်နော် မောင်လတ်"

"အသေကိုချည်ထားတာ"

"ဟိုဘက်နားကိုသွားကြရအောင်"

မောင်လတ်ငှက်(၅)ကောင်ကို ကိုင်ပြီး နောက်မှလိုက်ခဲ့တော့သည်။

"မောင်လတ် မင်းဒီကျောက်တုံးကြီးနားမှာနေခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုပဥ္စသည် ဓါးမြှောင်ကို ဆုပ်ကိုင်လိုက်ပြီး သစ်ပင်ကြီးနား သို့ ခပ်သွက်သွက်သွားသည်။

ကိုပဥ္စကပ်သွားသော သစ်ပင်ကြီးလုံးပတ်မှာ လူနှစ်ယောက် ဖက်ထားလောက်ရှိသော သစ်ပင်ကြီးဖြစ်ပြီး ဘေးဘက်ရှိ သစ်ခေါင်းပေါက်ကြီးမှာ ကိုပဥ္စ ခါးဝက်လောက်ရှိသည်။

မောင်လတ်သည် ကိုပဥ္စလှုပ်ရှားမှုကို မျက်တောင်ပင် မခတ်ပဲ ကြည့်နေမိစဉ်...

"ဂါ...ဂီး...ဂါ"

"ဟာ..."

သစ်ခေါင်းကြီးထဲမှ တောကြောင်ကြီးတစ်ကောင် ထွက်လာပြီး ရှိမှုသည်ကို အနီးကပ်ဓါးမြှောင်နှင့် ထိုးချပြီး နောက်တွင်လုံး ထွေးသွားသည်။

"ကိုပဥ္စ..."

မောင်လတ်လှမ်းပြီးသာ ခေါ်လိုက်ပြီး ဘာလုပ်၍ ဘာကိုင်ရ မှန်း မသိဖြစ်ချိန်မှာပဲ တောကြောင်ကြီးကို ကိုပဥ္စ [illegible]ပြီးသတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်နိုင်ပြီးဖြစ်သည်။

"ဟူး… တစ်ချက်ကလေးနောက်ကျသွားရင် ခန္ဓာကို

တစ်ခုလုံး စုတ်ပြတ်သွားမှာ"

"ဟင်… ကိုပဥ္စလက်မောင်းနဲ့ မိုက်မှာသွေးတွေ"

"ဒီကောင်ကြီး လက်သည်းနဲ့ ကုတ်မိသွားတာပါ၊ သွားကြ

အောင် ဒီလောက်ဆို နောက်(၂)ရက်လောက်ကတော့ ဂူထဲ

စားသောက်လို့ရပြီ…"

ကိုပဥ္စ တောကြောင်သေကြီးကို ပခုံးပေါ်ထမ်းပြီး ဂူဆီ

ပြန်ခဲ့ကြသည်။

ကျွန်မ ကိုပဥ္စကို တွေ့ရတော့မှပဲ သက်ပြင်းချနိုင်တော့

"အန်ကယ်ရေ ကိုပဥ္စဒဏ်ရာ ရလာတယ်"

"ဟယ်…"

မောင်လတ်ဆီမှ ကြားလိုက်ရသော စကားကြောင့်

ကိုပဥ္စနားကို သွားပြီးကြည့်မိလိုက်သည်။

"ဒဏ်ရာကများလား ကိုပဥ္စ"



www.burmeseclassic.com

www.burmeseclassic.com



"မများပါဘူး ကြွေရိုးရယ် တောကြောင်လက်သည်းနဲ့ ကုတ်မိ
တာပါ..."

"မောင်ပဥ္စ အဝတ်အစားလဲလိုက် ဆေးထည့်ပြီး ဆေးထိုးတာ
ဘူး၊ တောကြောင်လက်သည်းတွေက အဆိပ်ပြင်းတယ်"

"ဟုတ်ကဲ့... အန်ကယ်"

ကိုပဥ္စ အဝတ်အစားလဲဖို့က သူ့မှာအဝတ်အစားအပို မပါသော
ကြောင့် မောင်လတ်မှ သူ့ဘောင်းဘီကို ထုတ်ပေးပြီး အတင်းဝတ်
ခိုင်း ဝတ်ထားလိုက်သည်။

ကျွန်မတို့တစ်တွေအတွက်တော့ မစားဘူးသော အစားအစာ
များကို စားနေရပြီး လွန်စွာစားကောင်းနေ၏။ ကိုပဥ္စကို ဒေါက်တာ
မြတ်သာဆေးထည့် ဆေးထိုးပေးပြီ၊ အနားယူခိုင်းထားသည်။
ကျွန်မမှာ ပူပန်မှုလေးများစွာနှင့် သူ့ဘေးတွင် ထိုင်လျက်...

✱



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

ဂူထဲတွင် (၃)ရက်ကြာအောင်းနေခဲ့ရပြီးမှ ဂူအပြင်သို့ ထွက်နိုင်ကြတော့သည်။

"ရာသီဥတုကတော့ စိတ်ချသွားရပါပြီ"

ကောင်းကင်ကြီး တစ်ပြင်လုံး ကြည်လင်နေသည်။

"ခရီးပြန်ပြီးထွက်ဖို့အကောင်းဆုံးပဲပေါ့"

ကျွန်မတို့ အားလုံး ကားပေါ်သို့ ပြန်တက်ပြီး ကားစက်ကြိုးစား၍နှိုးပြီး အိမ်အပြန်ခရီးကို စတင်ခဲ့ကြသည်။

မိုးရွာပြီး လေများတိုက်ထားသောကြောင့် လမ်းတွင် သစ်



www.burmeseclassic.com

www.burmeseclassic.com



ျိုးများကို မကြာခဏဆင်းပြီး ဖယ်ရှားရသည်။ ကုန်းမြင့်ကြီး အနေမောင်းဆင်းရသဖြင့် ကားကိုသတိနှင့် မောင်းနေရသည်။

"မင်းမင်း သတိမလစ်နဲ့နော်"

"စိတ်ချပါ ကိုပဥ္စ ဒီလမ်းမှာ တစ်ချက်လေးအမှား မခံဘူးဆို တာ သဘောပေါက်ပါတယ်"

"ရှေ့နားလောက်ဆိုရင် မြေပြန့်ကိုရောက်လောက် ပြီလို့ င်တာပဲ"

ကုန်းမြင့်လမ်းမှာဖြည်းဖြည်း ပြေလာပြီး မြေပြန့်သို့ ရောက် လာသည်။ ကားပေါ်တွင် စကားပြောသံလေးများ တိတ်ဆိတ်ပြီး ိုက်ပါလာကြသည်။

"ကိုပဥ္စ ဓာတ်ဆီအခြေအနေသိပ်မကောင်းတော့ဘူး"

"အဲဒါမှပြဿနာ စစ်စစ်ပဲဟေ့"

"မတတ်နိုင်ဘူးဗျာ၊ ဓါတ်ဆီကုန်တဲ့နေရာမှာ ထိုးရပ်ပြီးထား ချောပဲ နောက်ပြဿနာနောက်မှ ရှင်းမယ်၊ လူ့အသက် ထက်ဘား အရေးမကြီးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါကောင်းရာ ဘာမှကားအတွက် စိတ်ညစ်မနေပါ

ကွာ…မင်းကားက တရားဝင်ကားမှ မဟုတ်တာ လျှော်ရလည်

ဈေးကဒီလောက်မရှိပါဘူး… မင်းမလျှော်နိုင်ရင် ငါစိုက်ပြီး လျှေ

ပေးမယ်"

"ဗျာ…အယ်…ဟင်"

ကြားလိုက်ရသော စကားကြောင့် အားလုံးမယုံနိုင်အောင်ဖြ

သွားကြသည်။ ပြောလိုက်သောသူမှာ လူ့အတ္တသမားကြီး

ကျွန်မတို့ တစ်ကားလုံးမှ ကင်ပွန်းတပ်ထားသော ဦးကျော်

ဖြစ်နေခြင်းကြောင့်ပင်…

"မင်းတို့အားလုံး အံ့ဩနေကြလား ငါ့ရင်ထဲက ခံစားအတိုင်

ပြောလိုက်တာပါကွာ…၊ ခုခရီးမှာ ငါ့ကိုနောင်တရစေတဲ့ သင်ခ

စာတွေ အများကြီးရခဲ့ပါပြီကွာ… မင်းတို့ စိတ်ဓါတ်တွေ

ကြည့်ပြီး ငါ့ကိုယ်ငါရှက်မိပါတယ်။ ဒီအတွက် ငါ့အမှားတွေ

ပြုပြင်တော့မယ်ကွာ"

ဦးကျော်ဇောထံမှ ဝမ်းသာစရာစကားများကို ကြားလို



www.burmeseclassic.com

www.burmeseclassic.com



ပြီဖြစ်သည်။

"ဥစ္စာပစ္စည်းဆိုတာ ကိုယ့်အသက်နဲ့ခန္ဓာလောက် အရေးမကြီး ဘူးဗျာ… ခုကျုပ်တို့တစ်တွေအတွက် အရေးကြီးတာဒီတောကြီး ထဲက ထွက်နိုင်ဖို့ပဲ၊ ကျန်တာတွေဟာ မလိုအပ်ရင် ထားရစ်ခဲ့မှာပဲ"

"ဟုတ်ပါတယ် ကိုမြတ်သာ"

ကားကိုလမ်းတွင်မရပ်တော့ဘဲ မောင်းချလာရင်းနှင့် ညနေ စောင်းလောက်တွင်…

"ဟာ ဟိုမှာရွာကလေး တစ်ရွာ"

"ဟယ် ဟေ…"

ကျွန်မတို့အားလုံးအတွက် မျှော်လင့်ချက်ရောင်ခြည် ကလေး တစ်ခုကိုတွေ့လိုက်ရပြီဖြစ်သည်။ အားလုံးမျက်နှာတွင် ပျော်ရွှင် ခြင်းတွေနှင့် ရွာနားကိုရောက်သည်အထိ လူအရိပ်အယောင်ကို မတွေ့ရသေး။ ထို့ကြောင့်…

"မင်းမင်းကားကိုရပ်လိုက်"

"ဘာဖြစ်လို့လဲ ကိုပဉ္စ"



www.burmeseclassic.com

www.burmeseclassic.com



"ရွာပုံစံကိုကြည့်ရတာ တစ်မျိုးပဲကွ… တစ်ခုခု ထူးခြား
တယ်"

"မောင်ပဉ္စထင်တာမှန်တယ်၊ ခုချိန်ထိ ရွာမှာလူရိပ် လူခြည်
မတွေ့ရတာ၊ အကြောင်းတစ်ခုခုရှိမှာ သေချာပြီကွ"

ကားကိုရွာအတွင်း လမ်းဘေးတွင်ရပ်ထားလိုက်ပြီး….

"မင်းမင်းကားပေါ်မှာ နေခဲ့ ငါနဲ့မောင်လတ်ရွာထဲကို ဝင်ပြီ
လှေလာမယ်"

"ဟုတ်"

ကိုပဉ္စနှင့် မောင်လတ်တို့နှစ်ယောက် ရွာထဲကို ဝင်ပြီး အိမ်များ
ကို ကြည့်ရာ တံခါးပိတ်ထားသည့်အိမ်က ပိတ်ထားသလို ဖွင့်ထား
သည့်အိမ်ကဖွင့်လျက်…။ လူကို မဆိုထားနှင့် အိမ်မွေးတိရစ္ဆာန်
တောင်မတွေ့ရ။

ရွာထဲမှာ အိမ်ခြေ(၃၀)လောက်သာ ရှိပြီး သိပ်ပြီး ကြီးသော
ရွာတော့မဟုတ်။

"ဘယ်လိုဖြစ်တာလဲ ကိုပဉ္စ မှန်တိုင်းကြောင့် ပြေးကုန်

www.burmeseclassic.com

www.burmeseclassic.com



ဘာလားမသိဘူး"

"မပြောတတ်ပါဘူးကွာ…ဟင်း"

ကိုပဠူအိမ်တစ်အိမ်နောက်ဘက်မှ လူရိပ်သဏ္ဍာန် တစ်ခုကို အမှတ်မထင် တွေ့လိုက်ရပြီး…

"မင်း ဒီကနေရပ်ပြီးစောင့်နေဦး"

ကိုပဠူအိမ်၏ အရှေ့ဘက်ကနေပတ်ပြီး ဝင်သွားရာ အိမ်ဘေး ဘက်ကနေ သူတို့အားချောင်းကြည့်နေသော လူတစ်ယောက်ကို နောက်ကနေ တွေ့လိုက်ရသဖြင့်…

"ဟေ့"

"အမေ့…"

ကိုပဠူကြားလိုက်ရသော အသံမှာ မိန်းကလေးတစ်ဦး၏အသံ ဖြစ်သည်။

"ရှင်…ရှင် မန်ကျော်နီ ရဲ့လူတွေလား"

"မင်းပြောတဲ့ မန်ကျော်နီကို သိလည်းမသိပါဘူး… ကြား လည်းမကြားဖူးဘူး ငါတို့က ခရီးသွားတွေပါ လမ်းမှားပြီး ဒီ



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကိုရောက်လာတာ"

"ဟုတ်ရဲ့လားရှင်"

မိန်းကလေးမှာ ကိုပဥ္စ၏ စကားကို သံသယရှိနေဆဲပင်…

"မင်းကိုညာပြောလို့ငါ့အတွက် ဘာမှအကျိုးမရှိပါဘူးကွ… ငါတို့လူတွေ ရွာထိပ်မှာကားနဲ့ ကျွန်ရစ်ခဲ့ကြတယ်။ ရွာထဲမှာ လူတစ်ယောက်မှ မတွေ့လို့ဝင်ပြီး ကြည့်တာ မင်း မယုံရင်လိုက်… ပြီးကြည့်"

"ဒါဆို ရှင်တို့ကလူကောင်းတွေပေါ့နော်"

"လူကောင်း ဒုက္ခသည်တွေပါ ဒါနဲ့မင်းတို့ရွာကလူတွေ… ဘယ်ကိုရောက်နေကြတာလဲ"

"မန်ကျော်နီကိုကြောက်ပြီး ပုန်းနေကြတာပါ"

"မန်ကျော်နီက သူပုန်လား ဓါးပြလား"

"သူပုန်လား ဓါးပြလားတော့ ကျွန်မမသိဘူး ပိုက်ဆံ တောင်း… တယ်၊ ဆန်တောင်းတယ်၊ မိန်းကလေးတွေကို ယူတယ် ပြီးရင်… လူသတ်တယ် ဒါတွေပဲကျွန်မသိတယ်"



www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းသူပီပီ ရိုးရိုးစင်းစင်းပဲ ပြောလိုက်သည်။

"ကျွန်မကို ဖမ်းထားတာလားဟင်"

"မင်းကို ဘာကိစ္စနဲ့ ဖမ်းရမှာလဲကွာ ငါတို့တောင် လမ်းမှားပြီး ဒီကိုရောက်လာလို့ ဘယ်ကနေပြန်ပြီးထွက်ရမယ် ဆိုတာကို မေးချင်လို့"

"ဟင့်အင်း ကျွန်မက ဒီရွာနဲ့တောင်ပေါ် တောထဲကလွဲပြီး ဘာမှမသိဘူး ကျွန်မအဘကိုမေးကြည့်ပါ"

"မင်းအဘက ဘယ်မှာနေလို့လဲ"

"ရှင်တို့မဖမ်းဘူးဆိုရင် ခေါ်သွားမယ်"

"စိတ်ချ မဖမ်းပါဘူးကွာ"

"ကျွန်မ နောက်ကို လိုက်ခဲ့ကြပေါ့"

"မောင်လတ် မင်းကားဆီပြန်ပြီးစောင့်နိုင်းထားဦး၊ ငါ သူနဲ့ လိုက်သွားဦးမယ်"

"ကိုပဥ္စတစ်ယောက်တည်း ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ကွာ သူတို့အခြေအနေကို ငါသဘောပေါက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ စိတ်ချပြီးသာနေ… ကဲ…မိန်းကလေး သွားကြရအောင်”

မိန်းကလေးရှေ့က ခေါ်ဆောင်သွားသည့် နောက်ကို လိုက်ခဲ့ရင်း…ခနိုတောကြီးတစ်ခုထဲသို့ရောက်ခဲ့သည်။

“မလီကော နင်…နင်…လူဆိုးကောင်ကို ခေါ်လာတယ်”

“ဟီလူ သူကလူကောင်းလို့ပြောတယ်၊ ဒုက္ခရောက်လာတဲ့သူတွေတဲ့”

ပဋ္ဌကို လူတစ်ယောက်မြင်သည်နှင့် ကြောက်လန့်သွားသည်။

“ကျွန်တော် လူကောင်းပါ ဟိုလူဆိုးမန်ကျော်နီ နဲ့ မဆိုင်ပါဘူး”

“လူကောင်းဆိုရင် အဘဆီကိုခေါ်ခဲ့”

“အေး…အေး”

ခနိုပင်တွေနောက်တွင် ခပ်ကုတ်ကုတ် တဲလေးတစ်လုံးတွေ့ရပြီး တဲကိုဝင်လိုက်တော့ အသက်(၆၀)ဝန်းကျင် လောက်ရှိသောလူကြီးတစ်ယောက်ကို ဝါးကုလားထိုင်ပေါ်တွင်ထိုင်နေသည်ကိုတွေ့လိုက်ရပြီး ဘေးတွင် ဝါးဖြင့်ပြုလုပ်ထားသော ချိုင်းထောက်ကြီးကို တွေ့ရသဖြင့် ဒုက္ခိတတစ်ဦးဆိုသည်ကို သိနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘ သူက လူကောင်းတစ်ဦးလို့ ပြောတယ်"

"ငါ့မင်းတို့ပြောနေကြတာကို ကြားတယ် ထိုင်ကွာ… ဒီဘက်ကို ရောက်လာတယ်ဆိုတော့ ပဥ္စလက်မြိုင်တောကြီးထဲက ပြန်ထွက်လာကြတာပဲဖြစ်မယ်"

"ဟုတ်ပါတယ် အဘ ကျွန်တော်တို့ လမ်းမှားပြီး ရောက်ခဲ့လာကြတာပါ"

"မင်းတို့ ဒီရွာဘက်ကို ရောက်ခဲ့ကြတာ ကံကောင်းတာပဲ… တခြားနေရာကို ရောက်သွားရင် မလွယ်လှဘူး၊ သူပုန်တွေနဲ့ မတွေ့ရင်တောင် တောကောင်ကြီးတွေရဲ့ သတ်ဖြတ်ခြင်းကို ခံရမှာပြော်… ဒါထက်မင်းတို့ ဘယ်ကို ခရီးဆက်ကြမှာလဲ"

"ကျွန်တော်တို့ ဘားအံကိုသွားမလို့ပါအဘ…"

"အေး… ဘားအံဆိုရင် လမ်းကြောင်းသင့်သားပဲ၊ ဒါပေမယ့် ခရီးကြမ်းပြီး အန္တရာယ်ရှိနိုင်တယ်… မင်းတို့မှာ ဘယ်နှစ်ယောက်ပါလဲကွဲ့"

"ကလေးတစ်ယောက် အပါအဝင် အားလုံး(၁၄)ယောက်ပါ



www.burmeseclassic.com

www.burmeseclassic.com



အဘာ"

"အေးကွယ် ရွာမှာက သူပုန်ကောင်တွေကြောင့် ရွာကိုစွန့်ပြီးပြေးနေရတော့ မင်းတို့ကိုစည့်ခံဖို့က အခက်အခဲရှိတယ်… ငါတောင် ဒုက္ခိတဖြစ်ပြီး ဘယ်မှမပြေးနိုင်တော့လို့ ဒီမှာတောထဲမှာပုန်းနေရတာ၊ ဟီလူ သူတို့ကို ခွန်ပါထူးဆီကို ခေါ်သွားလိုက်၊ ငါကလွှတ်လိုက်တယ်လို့ပြော"

"ဟုတ်ကဲ့"

"ကဲ… ညွှသည် သူနဲ့လိုက်သွားပါကွယ်၊ ခွန်ပါထူး လိုအပ်တာကို ကူညီပေးပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် အဘာ သွားခွင့်ပြုပါဦး"

ဟီလူနောက်ကိုပြန်ပြီးလိုက်လာရာ ရွာဘက်ဆီသို့ ပြန်ထွက်လာခဲ့ပြီး နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဆီသို့ ခေါ်လာသည်။

"ညွှသည် ဒီနားမှာခဏစောင့်"

"အင်း…"

ဟီလူအိမ်ကြီးထဲသို့ ဝင်သွားပြီး သိပ်မကြာ အသက် (၄၀)



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ရှိသော တိုင်းရင်းသားကြီးတစ်ဦးကိုပါ တွေ့လိုက်ရသည်။

"မင်းတို့ရွာထိပ်ကို ရောက်နေကတည်းက ငါသိတယ် မင်းလူတွေကို သွားခေါ်လိုက်"

ပဥ္စကားဆီသို့ ပြန်ခဲ့ပြီး ရွာထဲကို ကားမောင်းဝင်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့ကားကို ဟိုနောက်က ကောက်ရိုးပုံကြီးမှာ ဖုံး
ထားလိုက်ဦး အန္တရာယ်ကြီးတယ်"

ပဥ္စတို့သည် ကားကိုကောက်ရိုးပုံနှင့်ရော၍ လုံခြုံစွာ ပုံဖုံး
ထားပြီးမှ အိမ်ကြီးထဲသို့ ဝင်ခဲ့ကြသည်။ အိမ်ကြီးထဲဆိုပေမယ့်
မြေအောက်ခန်းထဲကို ခေါ်ဆောင်လာခြင်းဖြစ်သည်။ မြေ
အောက်ခန်းကြီးမှာ လူ(၁၀)ယောက်ဟာ လွတ်လွတ်လပ်လပ်
လို့ရသလို လေဝင်ပေါက်တွေနှင့် အလင်းရောင်ကိုပါရသည်။



www.burmeseclassic.com

www.burmeseclassic.com



"စားဖို့ ကိစ္စကိုတော့ မင်းတို့ စိတ်ကြိုက်သာချက် စားကြ
ွာ…ဟိုမှာ အကုန်ရှိတယ်"

"ကြွေရီရေ ချက်ကွာ၊ ချက်တတ်တယ် မဟုတ်လား"

"မိန်းကလေးပဲရှင် ချက်တတ်ရမှာပေါ့"

"မမကြွေရီရေ အိမ်ရှင်မကောင်း ပီသစွာနဲ့ ချက်ပြုလိုက်
င်းပါ"

မိန်းကလေး(၄)ယောက် ချက်ပြုတ်ဖို့ ပြင်ဆင်ကြစဉ် ခွန်ပါထူး
င့် ပဥ္စတို့ စကားဆက်ပြီး ပြောနေကြသည်။

"ဒီကနေပြန်ပြီးထွက်မယ်ဆိုရင် သွားရမယ့်လမ်းက (၂)
မ်းရှိတယ် တစ်လမ်းက ကုန်းလမ်း… တစ်လမ်းက ရေလမ်း၊
ုန်းလမ်းကနေ ကားနဲ့သွားလို့တော့ရတယ်၊ ဒါပေမယ့်
ာ္တရာလမ်း မဟုတ်ဘူး၊ တောလမ်း… ပြီးတော့ တောင်တွေကို
ျော်ဖြတ်ပြီး သွားရမှာ၊ ခရီးကကြမ်းတယ်၊ ဒီကြားထဲ သူပုန်
ောင်တွေနဲ့လမ်းမှာတွေ့ရင် ဒုက္ခပေါ်ဒုက္ခ ဆင့်သွားမယ်"

မင်းမင်းကားကတော့ မဖြစ်မနေ ထားခဲ့ရတော့မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရေလမ်းကတော့ (၂)ရက်ခရီးကို (၄)ရက်နဲ့ သွားရတာထ
လွဲပြီး သွားလို့ကောင်းမယ် မင်းတို့စိတ်ကြိုက်တာကို ရွေးပေါ့ကွာ"

"အစ်ကို ခွန့်ပါထူး ရေလမ်းကသွားရင် ဘယ်လိုပုံစံနဲ့ သွား
မှာလဲဟင်"

"ရေလမ်းက သွားရင်တော့ ဖောင်နဲ့မျှောရမယ်ပေါ့"

"ဒါဆိုဖောင်လုပ်ရဦးမှာပေါ့"

"ငါတို့ဆီမှာ အသင့်လုပ်ထားတဲ့ ဖောင်ကြီးတစ်ခု တော့
တယ် ယှိုမန်ရျော်နီ ရန်ကို ရောင်းပြေးဖို့ အတွက်လုပ်ထားတာ
မင်းတို့ကားကိုတောင် တင်သွားလို့ရတယ်"

ရှာသားတွေ အတွက်လုပ်ထားသော ဖောင်ဖြစ်နေခြင်းကြော
သူတို့တောင်းယူဖို့တောင်ခက်နေသည်။

"ဖောင်အသစ်တစ်ခုကို လုပ်ရင်ဘယ်လောက်ကြာနိုင်လဲ"

"ခုလိုဖောင်မျိုးကို လုပ်ရင်ပစ္စည်းစုံရင်တော့ တစ်လလော
လုပ်ယူရမယ်၊ ရှာသားတွေက သူပုန်ရန်ကိုကြောက်ပြီး ပြေးနေကြ
တော့လုပ်ပေးမယ့် လူတောင်မရှိဘူးဖြစ်နေတယ် ငါလည်း ဘယ



www.burmeseclassic.com

www.burmeseclassic.com



ဘူညီရမလဲတောင်မသိဘူး ဖြစ်နေတာပဲကွာ…၊ ဒီဖောင်ကို ဆို့ဆိုတာ ဟိုကောင်တွေ ရန်ကနေ ပြေးဖို့ကလည်းရှိသေး သ်”

ဗွတို့ရွေးစရာ ကုန်းလမ်းတစ်ခုပင်ရှိတော့သည်။

“ကုန်းလမ်းက သွားမယ်ဆိုရင် ရွာမှာသုံးည လောက် သွားကြပါလား၊ အိပ်နိုင်းရတာ တခြားကြောင့် မဟုတ်ဘူး ချိန်ကောင်တွေ ဒီတစ်ရက် နှစ်ရက်မှာ ရွာကိုဆက်ကြေး ပြီး တောင်းမှာဆိုတော့ တော်ကြာလမ်းမှာ တိုးနေမှာစိုးလို့ပါ၊ ဆက်ကြေးပေးဖို့ မပြောနဲ့ လူတွေတောင် မနည်းရုန်း ကန်နေ တာ၊ ဝမ်းစာအတွက်ကလွဲပြီး ပေးစရာမရှိကြတော့ဘူး၊ ကြောင့် ရွာကိုစွန့်ပြီးပြေးပုန်းနေကြရတာ”

ရိုးသားစွာ လုပ်ကိုင်စားသောက်နေထိုင်ကြသော တိုင်းရင်း း လူမျိုးစုပေါ်မှာ အနိုင်ကျင့်နေသော သူပုန်အဖွဲ့ကို ဒေါသ ထ်မိကြပေမယ့် ဘာမှမလုပ်နိုင်သလို ဖြစ်နေရသည်။

“ကိုခွန်ပါထူ…သူတို့အင်အားကောင်းလား”



www.burmeseclassic.com

www.burmeseclassic.com



"လူ(၁၀)ယောက်လောက်နဲ့ ဗိုလ်ကျနေတာပါ"

"ရွာမှာ လူက ဘယ်လောက်ရှိလဲ"

"ရွာမှာ စုစုပေါင်း အယောက်(၂၀၀) နီးပါးလောက် ရှိတ

လူငယ်ယောက်ျားလေးက (၅၀) လောက်ရှိတယ်"

"ကိုခွန်ပါထူရယ် ဒီ(၁၀)လောက်ကို လူနဲ့ဖိသတ်တာတေ

ရပါတယ်ဗျာ"

"မှန်တာပေါ့ ငါ့ညီရာ ခက်နေတာက ငါတို့လူမျိုးစု

အရမ်းကိုရိုးပြီး ကြောက်တတ်တာက ခက်နေတာ၊ ခု

လူငယ်(၅)ယောက်လောက်ကို သေနတ်ပစ်သင်ပေးပြီး ပြန်

အောင်တော့စည်းရုံးထားတယ်...တစ်နေ့နေ့တော့ပြန်ခေါ်

မယ်ထင်တာပဲကွာ"

"ကိုခွန်ပါထူတို့မှာ လက်နက်ရှိတယ်ပေါ့"

"လက်နက်ကတော့ အမဲပစ်သေနတ်နဲ့ ဒူးလေးလေ

ပဲရှိတယ်၊ ဪ ... မေ့လို့ ငါ ဟိုတလောက သူပုန်

မြှုပ်ထားတဲ့ သေနတ် (၁၀)လက် ရထားတာ ရှိသေးတယ်



www.burmeseclassic.com

www.burmeseclassic.com



"ကျည်ဆန်တွေရောပဲလား"

"ကျည်ဆန်တင်ဘယ်ကမလဲ လက်ပစ်ဗုံးတောင်ပါသေးတယ်"

ပဥ္စကားဆက်မပြောသေးဘဲ တစ်စုံတစ်ခုကို တွေးလိုက်ပြီး

"ဒီကောင်တွေ မနက်ဖြန်လာမှာသေချာတယ်နော်"

"ငါတို့ရွာကိုချိန်းသွားတာ မနက်ဖြန်ပဲ၊ မပေးရင်ရွာကို

မီးရှို့မှာကွ"

"မင်းမင်းနဲ့ မောင်လတ်"

"ကိုပဥ္စ"

"မင်းတို့ဆော်ရဲလား"

"သိပ်ပြီးဆော်တာပေါ့၊ ဒီလိုကောင်မျိုးတွေကို ကောင်း

ကောင်းကြီးကို ဆော်ချင်တာ မောင်လတ်ရော"

"ဒီကောင်တွေ ရက်စက်ပုံကိုကြားပြီး ကတည်းက ဆော်ချင်

နေတာ ကိုပဥ္စ..."

"ကိုခွန်ပါထူး ကျွန်တော်တို့ ဆော်ပေးခဲ့မယ် ခွင့်ပြုမလား"

"တကယ်ပြောတာလား ငါ့ညီ၊ မင်းတို့ကူညီမယ် ဆိုရင်တော့

www.burmeseclassic.com

www.burmeseclassic.com



ကျေးရူးအထူးပဲကွာ… ငါ့ကောင်(၅)ကောင်ကိုပါ ခေါ်နိုင်းမယ်

ဒီကောင်တွေကို ဦးဆောင်မယ့်လူ မရှိလို့ကွ၊ ဟိုလူ … ဒင်ရာ

အုပ်စုကို သွားပြီးခေါ်လိုက်…

"နေဦးဗျ ကိုခွန်ပါထူရဲ့ ခင်ဗျားလူတွေအတွေ့ အကြုံ

တာမဟုတ်သေးလေဗျာ၊ အဲဒီတော့ ဒီပွဲအတွက် လူများရင်

ကောင်းမယ်ထင်တယ်၊ ခင်ဗျားကရော ဘယ်လိုသဘောရလဲ"

"ငါ သဘောကို မမေးနဲ့ ငါ့ညီတို့လိုအပ်တာကို ပြော-

ခုလူ ဘယ်နှစ်ယောက်လိုချင်သလဲ"

"လူငယ်အယောက် နှစ်ဆယ်ဆို ရပါပြီ"

"အေး လူတော့ရပါတယ် ဒါပေမယ့် သေနတ်တော့ မရှိဘူး

"ရပါတယ် ကိုခွန်ပါထူ သေနတ်ကတော့ (၁၀) ယော

ကိုင်ပေါ့၊ ကျန်လူကတော့ ဒူးလေးကိုင်တာပေါ့ဗျာ ကျန်တေ

တော့သေနတ်ထက် ဒူးလေးကို ပိုကြိုက်တယ်၊ ဪ ဒါ

ကိုခွန်ပါ‥သေနတ်တွေက ဘယ်မှာလဲဗျ ကြည့်ရအောင်ဗျာ၊ ဒူး

နဲ့မြားတွေကတော့အလုံအလောက်ရှိတယ် မဟုတ်လား…"



www.burmeseclassic.com

www.burmeseclassic.com



"ဒူးလေးနဲ့ မြားကတော့ မပူနဲ့ဗျ ဒူးလေးတစ်လက်ကို မြား
အချောင်း၁၅၀/၂၀၀လောက်ရှိတယ်... ကဲလာ..သေနတ်တွေ
သွားကြည့်ရအောင်"

ကိုခွန်ပါထူသည် ကိုပဥ္စတို့ကို သေနတ်များ ဝှက်ထားသော
အိမ်အောက်ဘက်ရှိကောက်ရိုးပုံသို့ ခေါ်သွား၍ လက်နက်
ပစ္စည်းများကို ထုတ်ပြလိုက်ရာ...

"ဟာ...သေနတ်တွေက အကောင်းစားတွေပါလား"

"မသိပါဘူးကွာ ပစ်လို့ရရင်ပြီးရော ဆိုပြီး ယူလာတာပဲ"

"ဟော့ကောင် မောင်လတ် မင်းကသေနတ်တွေ ကိုင် ကြည့်
ရအောင် ပစ်ရောပစ်တတ်ရဲ့လား"

"အောင်မယ် ကိုမင်းမင်းက အထင်သေးလိုက်တာဗျာ ကျွန်
တော်တပ်ထဲမှာ မွေးပြီးကြီးလာတာဗျ၊ လက်နက်တွေနဲ့ ရင်းနှီးသား
ပါ... ဒါထက်ခင်ဗျားကရော..."

"ငါက ဒီလမ်းမှာ ကားမမောင်းခင်ကတည်းက သေနတ်
ကိုင်ပြီး ကျွမ်းကျင်အောင်လုပ်ထားတာတွ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ရွာထဲသို့ လှငယ်များသွားခေါ်သော ဟီလူမှာ ရွာထဲမှ
လူငယ်အုပ်စုတစ်စုနှင့် အတူပြန်ရောက်လာသဖြင့် ကိုခွန်ပါမှ
"ကဲ… ငါ့လူတွေ လာကြပြော့ ထိုင်ကြ မင်းတို့ကို ခေါ်ရတဲ့
အကြောင်းကတော့ ငါတို့ရွာကို ဒုက္ခပေးနေတဲ့ ဟို မါးပြကောင်
မန်ရျော်နီတို့ကို ပြန်ဆော်ဖို့အတွက် မင်းတို့နဲ့ တိုင်ပင်တာပါ
ဘယ်လိုလဲ"
"အား…ချမယ် ချချင်တာကြာနေပြီ"
"အခုလား ဘယ်မှာလဲ ခွေးမသားတွေ"
လူငယ်များ တစ်ယောက် တစ်ပေါက်ပြောဆို၍ လှုပ်လှုပ်ရှ
ဖြစ်ကုန်၏။ ထို့ကြောင့် ကိုခွန်ပါမှ…
"စိတ်ချ မင်းတို့ဆော်ရမယ်၊ အခုတော့ ဒို့ဒီမှာ တိုင်ပင်
လိုက်ဦးမယ်၊ မင်းတို့အိမ်က ဓူးလေးနဲ့မြားတွေ အသင့်ဖြစ်အောင်
ပြင်ပြီး ညနေကိုပြန်လာခဲ့"
"ဟုတ်ကဲ့"
လူငယ်များပြန်သွားပြီးနောက် ကိုပဥနှင့် ကိုခွန်ပါတို့သည်

www.burmeseclassic.com

www.burmeseclassic.com



န်ဖက်မှ စားပြဲအဖွဲ့ကို ဖမ်းဆီးချုပ်နှောင်နိုင်ရန်အတွက် အသေး
ာ်ခွေးနွေးတိုင်ပင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ မနက်စောစောတွင် ကိုပဥ္စအလက်ာနှင့်

ကိုခွန်ပါထူတို့ ဦးဆောင်၍ရွာမှ လူငယ်များပါဝင်သော လူ(၃၀)ဓါ

အဖွဲ့သည် ရွာပြင်သို့ ထွက်လာခဲ့ကြသည်။ ထိုအဖွဲ့သည်

ဓားပြများလာနေကျ လမ်းတွင် အဖွဲ့(၃)ဖွဲ့ခွဲ၍ မိမိတို့လုပ်ရမည်

အလုပ်များဖြစ်သော လမ်းပေါ်တွင် ကြောင့်ထောင်ခြင်း လမ်း

ဖက်တွင် လက်ခုပ်တစ်ဖောင်အနက်ရှိသော မြောင်းငယ်သို့

နှင့်ရွှံ့နွံ့များထည့်ကာ ထောင်ချောက်များပြုလုပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ကြပေါ့ မြန်မြန်လေး၊ ဒါပြီးရင် နားလို့ရပါပြီ"

"ဗျို့ ကိုခွန်ပါ ဓါးပြတွေ ဒီလမ်းက လာမှာသေချာလား"

"သေချာပါတယ်"

"ကိုပဥ္စ ခင်ဗျားဘယ်လိုလုပ်မှာလဲ"

"ကျွန်တော်မနေ့က ပြောထားသလိုပဲ ကျွန်တော်နဲ့ (၉) ယောက်က ဓါးပြတွေကို ရှေ့တည့်တည့်ကနေ ရင်ဆိုင်ထားမယ်၊ ကိုမင်းမင်းနဲ့ ကိုမောင်လတ်တို့က လမ်းရဲ့ညာဘက်မှာ နေရာယူထားပြီး ကပ်လာတဲ့ဓါးပြတွေကိုရှင်း"

"ဒါဆို ကျွန်တော်တို့ကဘယ်ဘက်ခြမ်းကို တာဝန်ယူရမှာပေါ့"

"အဲ့ဒီလိုမဟုတ်ဘူးလေ၊ဘယ်ဘက်မှာမြောင်းနဲ့ ထောင်ချောက်တွေရှိတော့ လူမလိုဘူး သူ့စရိုက်နဲ့ သူသွားလိမ့်မယ်"

"ဟင် ကျွန်တော်တို့က..."

"ခင်ဗျားတို့က နယ်မြေကျွမ်းကျင်တော့ ဟိုကမြင်နေရတဲ့ တောတန်းနေ သွားပုန်းပြီး စောင့်နေ သူတို့လာရင် ဘာမှမလုပ်ပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးလိုက် .... (၁၅) မိနစ်လောက်ကြာမှ နောက်ကလိုက်လာခဲ့၊ ကျွန်တော်တို့ဒီက ပစ်ခတ်သံကြားရင် ဆက်မလိုက်လာနဲ့ အဲဒီနေရာက စောင့်ပြီး ကျွန်တော်တို့ဆီကလွတ်ထွက်ပြီး ပြန်ပြေးတဲ့ ကောင်တွေကို ဖမ်းထားလိုက်တော့"

"ဟူး... တော်သေးတာပေါ့ဗျာ ကျွန်တော်တို့ လူပိုတွေဖြစ်သွားပြီးလားလို့"

"ဖြစ်မလားဗျာ မနေ့ကတည်းက ပြောထားတာပဲ"

"ဒါဆိုရင် ကျွန်တော်တို့ ခုပဲသွားစောင့်နေတော့မယ်"

"ဟုတ်ကဲ့ သွားရင်လည်း သတိနဲ့သွား လူတွေမတွေ့စေနဲ့"

"စိတ်ချပါဗျာ ကျွန်တော်တို့ကအမဲလိုက်နေကျပါ"

ကိုခွန်ပါထူနှင့်အဖွဲ့သည် ပြောပြောဆိုဆို သူတို့ တာဝန်ယူရမည့်နေရာသို့ ထွက်ခွာသွားကြလေသည်။ ကျန်ခဲ့သော အဖွဲ့များလည်း မိမိတို့လုပ်ရမယ့် အလုပ်များလုပ်ရင်း ဓါးပြများကိုစောင့်နေရင်း တဖြည်းဖြည်းညနေသို့ ရောက်လာခဲ့သည်။

"ကိုဟိလူ ခင်ဗျားလူတွေထဲက သစ်ပင်တက်တတ်တဲ့လူ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို အပင်ပေါ်တက်ကြည့်ခိုင်းလိုက်ဗျာ... ဟိုကောင်တွေလာ မလာသိရအောင်..."

"ဟုတ်ကဲ့ ကိုပဥ္စ...ကဲ...ချောက်ရှူး မင်းက သစ်ပင်တက်ကျွမ်းကျင်တယ်၊ မင်းပဲ တက်ကြည့်လိုက်ကွာ"

"ဟုတ်ကဲ့ ကိုဟီလူ"

ချောက်ရှူးသည် ပြောပြောဆိုဆိုပင် သစ်ပင်ပေါ်သို့ ကျွမ်းကျင်လျင်မြန်စွာ တက်သွားပြီးနောက် ခဏအကြာတွင် ပြန်ဆင်းလာခဲ့ပြီး...

"အစ်ကိုတို့ရေ...ဟိုကောင်တွေလာနေပြီဗျို့ အားလုံး (၁၀) ယောက်လောက်ရှိမယ်၊ တစ်ယောက်က မြင်းနဲ့ဗျ"

"ကဲ အားလုံးနေရာယူထား၊ ကျွန်တော်မပစ်ဘဲ ဘယ်သူမှမပစ်ပါနဲ့ ကိုမင်းမင်းတို့ကိုလည်း အချက်ပြလိုက်ပါ ကိုဟီလူ"

ကိုဟီလူမှာ ကိုမင်းမင်းတို့ထံသတ်မှတ်ထားသော သင်္ကေတအလံဖြင့်လှမ်း၍ အချက်ပြလိုက်ပြီး သစ်ပင်တစ်ပင် နောက်တွင်နေရာယူလိုက်သည်။ တစ်ချိန်တည်းတွင် ကိုပဥ္စနှင့် ကျွန်လူများ



www.burmeseclassic.com

www.burmeseclassic.com



လည်း အသီးသီးနေရာယူ၍ပါးပြများကို အသင့်စောင့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

မကြာမီ အချိန်အတွင်း၌ ကိုဖဥတို့နေရာယူထားသော အနားသို့ ဓားပြများရောက်လာကြသဖြင့် ကိုဖဥသည် ဓါးပြ ခေါင်းဆောင်ဟု ထင်ရသော မြင်းပေါ်မှလူအား သေနတ်ဖြင့် သေချာစွာချိန်၍ ပစ်ချလိုက်ရာ…

"ဒိုင်း…"

"အား…"

"ဟာ ပစ်တယ်ဟေ့ ပြန်ပစ်စမ်းကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း.. ဒိုင်း.. ဒိုင်း"

"ဗိုး..ဒုတ်..အား"

"ဗိုး..ဗိုး..ဗိုး"

"ဟာ မြားတွေနဲ့ ပစ်.. အ..ငါ့ထိသွားပြီ"

"လမ်းဘေးဘက်ဆုတ်... ဗွမ်း..အား"

"ဒီဘက်က ပစ်တယ်ကွ"

"ဒိုင်း...ဒိုင်း...ဒိုင်း"

"ဟာ အောက်မှာလည်းမြောင့်ထောင်ထားသေးတယ်

ကျွန်တော်တို့ အဖမ်းခံပါ့မယ် အပစ်ရပ်ပါတော့"

"အားလုံးအပစ်ရပ်ဟေ့... ကဲ.. မင်းတို့အားလုံး လက်ခေါင်း

ပေါ်တင်ပြီး လမ်းပေါ်တက် မတ်တတ်ရပ်နေ"

"ဟုတ်ကဲ့ပါဗျာ"

ခါးပြ(၆)ယောက်သာ လက်မြှောက်ကာ လမ်းပေါ် တက်လာ

ကြသဖြင့်...

"မင်းတို့ အဖွဲ့က ဒီလောက်မကပါဘူးကျုပ်တို့ကောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာယ်မှာလဲ မင်းတို့ကောင်တွေ ဉာဏ်မများနဲ့နော်ငါ ပစ်ထည့်လိုက်မယ်''

''ဟာ…မ…မ…မလုပ်ပါနဲ့ ဗိုလ်ကြီးတို့ရယ် ကျန်တဲ့လူတွေကအားလုံး ဒဏ်ရာရပြီး မလှုပ်နိုင်အောင်ဖြစ်နေကြလို့ပါဗျာ''

''ကဲ မင်းတို့အားလုံး ဒီပုံစံအတိုင်းပဲ ဒီနားလာခဲ့ ငါတို့မျက်စိနောက်အောင်မလုပ်နဲ့ အားလုံးသေကုန်မယ်''

''ဟုတ်… ဟုတ်ကဲ့ပါ''

ထို့နောက် အနားရောက်လာကြသူများအားကြိုးတုပ်၍ ဖမ်းဆီးလိုက်ကြ၏။

''မင်းတို့အားလုံးဘယ်နှစ်ယောက်လဲ''

''အားလုံးဆယ့်သုံးယောက်ပါဗျာ''

ထိုအချိန်တွင် ကိုမောင်လတ်တို့အဖွဲ့နှင့် ကိုခွန်ပါထူတို့ အဖွဲ့မှ လူခုနစ်ယောက်ကို ကြိုးတုပ်ဖမ်းဆီးခေါ်ဆောင်လာခဲ့ကြသဖြင့် …



www.burmeseclassic.com

www.burmeseclassic.com



"ကဲ လူစုံရင် ခဏနားပြီး ရွာကိုပြန်ကြမယ်"

"ကျွန်တော်တို့ ဒီလူတွေကို ဘယ်လိုလုပ်ရမလဲ ကိုပဥ္စ"

"ဘယ်လိုမှမလုပ်နဲ့ ရဲစခန်းအပ်မှာပေါ့ ... အဲဒါတော့ ခင်ဗျား တို့ဘာသာလုပ်တော့ဗျာ ... ပြီးတော့ ခင်ဗျားတို့ရထားတဲ့ လက်နက်တွေကို တစ်ခါတည်းအပ်လိုက်ပါဗျာ"

"ဟုတ်ကဲ့ .. ကိုပဥ္စ ကျွန်တော်တို့ ခင်ဗျားတို့ကို ကျေးဇူး အရမ်းတင်ပါတယ်ဗျာ"

"ရပါတယ် ဒုက္ခရောက်နေသူကိုကူညီရတာမင်္ဂလာပဲမဟုတ် လား ... ကဲ ပြန်ကြရအောင်"

ထို့နောက် ကိုပဥ္စ၊ ကိုခွန်ပါထူနှင့်ရွာသားများသည် ပျော်ရွှင် စွာရွာသို့ဓါးပြများကို ဖမ်းဆီးခေါ်ဆောင်ကာ ပြန်လာခဲ့ကြလေ သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

"ဒီရေကျုနဲ့မျောရင်း ချောင်းဆုံကို ရွက်တင်ပြီး ဆက်သွား ရမယ် မောင်ပဥ္စ"

"ဟုတ်ကဲ့... ကျွန်တော်တို့နဲ့ ဟီလူကိုထည့်ပေးလိုက်မှာ း ကိုခွန်ပါထူး"

"ဟီလူတစ်ယောက်တည်းမဟုတ်ဘူး၊ ရွာက လူငယ် (၂) ကိုပါ ထပ်ပြီးထည့်ပေးလိုက်မယ်..အပြန်ကို ဟီလူအဖော် ည်းရ...ဖောင်ကြီးကို တစ်ယောက်တည်းပြန်ပြီးမျှောဖို့ သိ လွယ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟီလူ.."

"ဗျာ..ကိုခွန်.."

"ရိက္ခာတွေ ပြည့်စုံရဲ့လား‌ကွ"

"ပြည့်စုံတယ် ကိုခွန်၊ ရွာကထည့်ပေးလိုက်တာ မနည်း

ဘူး"

"သွားဖို့ပြင်တော့ အရှေ့လေ‌‌‌ရှဲ့ သွားမှဖြစ်မှာ"

"ဟုတ်ကဲ့.."

ရွာသူရွာသားတွေကို နှုတ်ဆက်ပြီး ဖောင်ကြီးကမ်း

ခွာခဲ့တော့သည်။

"တွေးကြည့်ရင် တကယ်ရင်မောစရာပဲကွ"

"ဦးကျော်စောကဘာကို ရင်မောရတာလဲ"

"ငါတို့သွားရမယ့်ခရီးက တစ်နေရာ..ခုရောက်ပြီးကြုံ

တာတွေက တစ်မျိုး..ဟား..ဟား..ဟား..ဖြစ်မှဖြစ်တတ်

လို့ဟော.."

"ဘဝအတွက်အမှတ်တရအတွေ့အကြုံတွေပဲ ဆိုရမှာ



www.burmeseclassic.com

www.burmeseclassic.com



ရာ..."

"ကိုပဉ္စတို့...ရေနွေးကြမ်းနဲ့တောခြောက်လေး မြည်းကြ ဦးလေ.."

"ကြွေရီ..တောခြောက်ဆိုတာ ဘာကောင်လဲ.."

"ဟီလူပြောတာတော့ ဂျိုကောင်ဖြစ်မယ်..သူတို့ခေါ်နေတာ ကတော့ တောခြောက်ဆိုတာပဲ သိတယ်၊ ရေရေရာရာတော့ ကျွန်မ သိဘူး"

ဖောင်ကြီးမှာ ကျယ်ဝန်းတာမို့ လွတ်လွတ်လပ်လပ်လျှော် ကြသည်။ ညနေခင်းမှာ တောရဲ့အလှတရားများက ရင်ကိုလန်း ဆန်းနေစေသည်။ ချစ်သူတွေဖြစ်သွားတဲ့ မင်းမင်းနှင့်လှဲ့လှဲ့တို့ နှစ်ယောက်ကတော့ အတူတူထိုင်ရင်း အနာဂတ်အတွက် စကား တွေပြောဆိုနေကြသလို၊ ချစ်သူပေါ်မှာ လေးလေးနက်နက်မချစ် သော မဒီကတော့ မောင်လတ်နားမှာ တွတ်ထိုးနေလျက်...



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာဦးမြတ်သာနှင့် နှင်းယုစံကတော့ ထမင်းချက်သော

တဲကလေးနားမှာ စကားကောင်းနေကြသည်။ ကျွန်မတို့နှ

လမ်းပြပါလာသော ဟီလူ၊ ဆူခါး၊ ဘလူတို့ကတော့ ဖောင်ကြ

ထိန်းကျောင်းနေကြသည်။

"ခုလာတဲ့ခရီးတစ်လျှောက်မှာ ဒီတစ်ခါတော့ ဇာကယ်

အရ သာရှိတာပဲ၊ ဖောင်နဲ့တစ်ခါမှ မသွားဘူးလို့လားတော့ မသိ

ဟန်ကျတယ်ကွာ"

တောခြောက်သားလေး စားလိုက်၊ ပတ်ပန်းကျင်ကို



www.burmeseclassic.com

www.burmeseclassic.com



သိုက်နှင့်အန္တရာယ်တွေ၊ အခက်အခဲတွေကိုမေ့ပြီး အပန်းဖြေခရီး
တစ်ခု ထွက်လာသည်နှင့်တူနေကြသည်။

ညနေခင်း အရှေ့လေပြေကြောင့် စိတ်အာရုံတွေ ကင်းစင်
နေသည်။

"ကြွေရီ··· ညနေစာမချက်တော့ဘူးလား"

"ဟင့်အင်း·· ချက်စရာမလိုတော့ဘူး၊ ရွာကညနေစာ
အတွက် ချက်ပြုတ်ပေးလိုက်ကြတယ်"

"ငါတို့ ဟိုကောင် ဂျော်နီကို ကျေးဇူးတင်ရမလို ဖြစ်နေပြီ၊
မောင်ပဥ္စရေ···"

"ဘာကြောင့်လဲ ဦးကျော်စော"

"သူတို့ကိုရှင်းပေးလို့ ခုလို အေးအေးဆောင်းဆောင်း ခရီး
ဆက်ဖြစ်ရတာပေါ့ကွာ၊ ကျေးဇူးရှင်ကြီး ကောင်းသောဘုံဘဝကို
ရောက်ပါစေ"

"ဒီလောက် အကုသိုလ်တရားများတဲ့ကောင် အဝီစိကို တန်း
ပြီးရောက်မှာသေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုပဥ္စရေ… ထမင်းစားကြရအောင်၊ မမှောင်ခင်လေး
စားကြမယ်၊ ဟီလူတို့လည်း ဖိုက်ဆာရောပေါ့"

နှင်းယုစံ လှမ်းပြီးခေါ်လိုက်တာကြောင့် ထမင်းစားမယ့်နေရာ
ဆီသို့ ထသွားခဲ့ကြသည်။

ကျွန်မတို့ စားပြီး ဟီလူတို့(၃)ယောက် တစ်လှည့်စီစားပြီး
ချိန်တွင် ညနေခင်းရဲ့ တာဝန်က ပြီးဆုံးလို့ မှောင်ရီညချမ်းလေး
ကို ပြောင်းရွှေ့သွားခဲ့တော့သည်။

"ဆရာ ပဥ္စ.."

"ဘာများလဲ ဟီလူ.."

"ခု ကျွန်တော်တို့ ရောက်နေတဲ့နေရာက ရေခဲတော တစ်ခု
နားကိုရောက်တော့မယ်၊ သိပ်ပြီးအေးတာနော်၊ စောင်တွေ အနွေး
ထည်တွေ ထူထူဝတ်ထားကြ၊ မီးကို မပြတ်မွေးထားလို့မကောင်း
ဘူး၊ ရေခဲမိကျောင်းကောင်တွေက အလင်းရောင်မြင်တာနဲ့
ထိုးလိုက်တာ.."

"အေး..အေး.."



www.burmeseclassic.com

www.burmeseclassic.com



ပဥ္စ…အားလုံးကို သတိပေးလိုက်ပြီး တဲထဲကို ဝင်နေကြ
ပါ ပြောလိုက်သည်။ အပြင်ဘက်မှာ ပဥ္စနှင့်ဟီလူတို့ (၄)ယောက်
သည်း မီးခဲလေးနှင့်မီးလှုံနေကြသည်။

"ဟီး.. မင်းပြောတဲ့ရေခဲတောကိုရောက်ပြီနဲ့တူတယ်.."

ပဥ္စတို့ကိုယ်ပေါ်တွင် စောင်ထူကြီးတွေကို ခြုံထားတာ တောင်
အအေးက စိမ့်ပြီးဝင်နေသည်။

မိန်းကလေး(၄)ယောက်နှင့်ကိုရဲတို့ ပူးကပ်ပြီးစောင်တွေခြုံ
ထားတာတောင် ချမ်းနေကြတုန်း…

"မောင်လတ်.. ဒီလောက်ကပ်ချင်ရင် မင်း မဒီနားကို သွားပြီး
ကပ်ပါလားကွ"

"ချမ်းလို့ပါကွာ၊ မင်းကဖြစ်နေလိုက်တာ၊ ကိုယ့်ချစ်သူနား
ကပ်ချင်ပေမဲ့ မသင့်တော်ဘူးဟေ့.."

မောင်လတ်၊ မင်းမင်း၊ ဦးကျော်စော၊ ဦးမြတ်သာတို့တစ်တွေ
က နောက်မှာထိုင်လျက်..

"အိပ်လို့ရမှာလည်း မဟုတ်ဘူး၊ ဒီလောက်အအေးတာမျိုးကို



www.burmeseclassic.com

www.burmeseclassic.com



ခုတစ်ခါပဲ ကြုံဘူးတယ်"

"ရေခဲတောဆိုတာ ရေခဲတွေ ရှိနေလို့လား"

"မဟုတ်ဘူး သမီးရဲ့၊ တောကြီးရဲ့သဘာဝအတိုင်းဖြစ်နေတာ

ဒီတောထဲမှာ ပေါက်ရောက်နေတဲ့သစ်ပင်ကြီးတွေက ဓိဝ အအေး

ဓာတ်တွေထွက်ပြီး ရေခဲအမှတ်ကို ရောက်နေကြတာကိုတော

သုတေသနပြုတဲ့သူတွေ မှတ်တမ်းတင်ထားကြတာပဲ"

"ဒီလောက်အေးခဲနေတာ တိရစ္ဆာန်တွေရော နေနိုင်ကြရဲ့ လား

အန်ကယ်.."

"အအေးဒဏ်ကို ခံနိုင်တဲ့ ဝက်ဝံတို့၊ မျောက်ဝံတို့လို အပေါ

မွေးထူထပ်တဲ့ သတ္တဝါကောင်တွေပဲ နေနိုင်ကြတယ်၊ ဒီတောထဲ

မှာ မိကျောင်းတွေ အနေများတယ်၊ ဟီလူပြောတဲ့ ရေခဲမိကျောင်း

တွေကတော့ တခြားမိကျောင်းတွေထက် ကြောက်ဖို့ကောင်းတယ်

အန်ကယ်တော့ မကြုံဖူးပါဘူး၊ ပြောသံကြားဘူးတာတော့ ဒီ

မိကျောင်းတွေက တခြားသတ္တဝါတွေကို မစားရရင် သူတို့ချင်း

တိုက်ခိုက်သတ်ဖြတ်ပြီး စားကြတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်စရာကောင်းလိုက်တာ"

"ဟုတ်ပါ့၊ ပြောသံကြားတာနဲ့တောင် ကြက်သီးထချင်လာပြီ၊ ဟဲ့…ကြွေရီ… နင့်မောင်တော်ကြီးက မအေးတဲ့အတိုင်း အပြင်မှာ ထိုင်နေပြန်ပြီ"

"ဟီလူတို့ချည်းပဲ အပြင်မှာနေရတာကို အားနာလို့နေမှာပေါ့ဟ၊ သူလည်း သူ့ချစ်သူနားမှာနေချင်မှာပေါ့"

"နင်တို့စကားတွေ လျှော့ကြနော်၊ တော်ကြာ တစ်ယောက်မျက်နှာတစ်ယောက် မကြည့်ရဲဘူးဖြစ်မယ်"

"ဒီအတွက် မပူနဲ့ဟေ့၊ ငါတို့မှာ နေကာမျက်မှန်တွေပါတယ်၊ တပ်ပေးထားလိုက်…ဟား…ဟား…ဟား…"

တစ်ဦးနှင့်တစ်ဦး အခက်အခဲတွေ၊ အန္တရာယ်တွေကို ဖြတ်ကျော်ခဲ့ကြတာမို့ ရင်းနှီးမှုတွေက ငယ်ပေါင်းတွေပမာ ခင်တွယ်ခဲ့ကြတော့သည်။

"ဒုန်း…ဟင်…ဟာ…ဟယ်…"

ဖောင်ကြီး သိမ့်ခနဲဖြစ်သွားကာ ရပ်တန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို…ဟီလူရေ…ဖောင်ကြီး ကျောက်ငူနဲ့ ငြိသွားပြီ"

"ဟာကွာ…တကယ့်နေရာကျမှ ဖြစ်ရတယ်လို့၊ ဝါးတွေ ထောက်ပြီးဘေးကို ဆွဲဖယ်…"

ရေစီးကြောင်း အရှိန်ကြောင့် (၄)ယောက်အားနှင့် မရနိုင်တာကြောင့် မင်းမင်းနှင့်မောင်လတ်တို့ပါဝင်ပြီးလုပ်ကိုင်ရတော့သည်။ ဖောင်ကြီးကို ကမ်းဘေးသို့တွန်းပြီး ရေလမ်းကြောင်းကို ရွှေ့နေစဉ်…

"ဗွမ်း"

"ဟီလူ…ဒါ…မိကျောင်းတွေ ရေထဲဆင်းတဲ့အသံမဟုတ်လား…"

"ဟုတ်တယ် ဆရာပဥ္စ…"

ပဥ္စ…ကမ်းဘက်ကို ဓာတ်မီးနှင့်ထိုးကြည့်တော့

"ဟာ…"

"ဘုရား…ဘုရား…ဘုရား…"

ဓာတ်မီးရောင်အောက်တွင် မိကျောင်းအုပ်ကြီးကို ကြောက်



www.burmeseclassic.com

www.burmeseclassic.com



မက်ဖွယ်တွေ့လိုက်ရသည်။

ဖောင်ကြီးမှာ ကျောက်ငူကြီးနှင့်မလွတ်သေး..

ပဥ္စတို့ အရေးကြုံရင် အသုံးပြုဖို့ သေနတ်တွေယူခဲ့ပေမဲ့ မိကျောင်းတွေကို တစ်ကောင်ချင်းပစ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပေ။

"မင်းမင်းရေ... ခွန်ပါထူးပေးလိုက်တဲ့ တောဆီတွေကို သွားပြီးယူလိုက်၊ ဒီကောင်တွေကို ရှင်းဖို့တစ်နည်းပဲရှိတော့တယ်"

မိကျောင်းတွေမှာ ဖောင်ကြီးသေးနားဆီသို့ ကပ်ဖို့ကြိုးစားနေလေပြီ..

"မင်းမင်း..၊တောဆီပုံးကို ပစ်ချလိုက်.."

"ဝုန်း..."

တောဆီပုံးကို မိကျောင်းတွေနှင့်အနီးဆုံးနေရာဆီသို့အားစိုက်ပြီး ပစ်လိုက်သည်နှင့် မိကျောင်းတွေမှာ အစာမှတ်ပြီးတိုက်ဖို့ ဝိုင်းခဲနေကြစဉ်..

"ဒိုင်း....ဝုန်း...ဖောင်း..."



www.burmeseclassic.com

www.burmeseclassic.com



ပဋ္ဌ…သေနတ်နှင့်သေချာစွာချိန်ရွယ်ပြီး ပစ်လိုက်တာကြောင့် တောဆိပ်ပုံးကြီးပေါက်ကွဲပြီး မီးတွေမှာ မိကျောင်းတွေပေါ်ကို လောင်ကျွမ်းကုန်တော့သည်။

"ရပြီ… လွတ်ပြီ…"

"ဝေါ…."

ကျောက်ငူကြီးနှင့်လွတ်သည်နှင့် ဖောင်ကြီးမှာရေစီးကြောင်းအတိုင်း ထိုးဆင်းသွားတော့သည်။ မိကျောင်းတွေမှာ မီးတွေလောင်ပြီး လုံးထွေးနေတော့သည်။

"သေမင်းပါးစပ်ထဲကနေ ထွက်လာရသလိုပါပဲလား"

"ဒီကောင်တွေ ပါးစပ်ထဲရောက်သွားလို့ကတော့ အော်ချိန်တောင်ရလိုက်မှာမဟုတ်ဘူးဟေ့…"

ကျွန်မတို့ကတော့ တဲပေါ်မှ ထိုမြင်ကွင်းကိုကြည့်ပြီးဘုရားတ,နေရသည်။

"ဟူး… ချမ်းတဲ့အရသာလေးတောင် ဘယ်ကိုရောက်သွားမှန်းမသိတော့ဘူး… ချွေးတောင်ပြန်နေပြီ…"



www.burmeseclassic.com

www.burmeseclassic.com



"ဟီလူ…ဘာအန္တရာယ်ကောင်တွေ ကျန်သေးလဲ"

"ရေခဲကောင်တွေလက်ကလွတ်ပြီဆိုရင် သက်သက်သာ သာနဲ့သွားလို့ရပါပြီ ဆရာပဥ္စ…"

"ပြန်ပြီး ချမ်းလာပြီဟေ့၊ တဲပေါ်ပြန်တက်ကြမယ်"

အန္တရာယ်အတွက်ပူပန်စရာမရှိတော့တာကြောင့် စောင်တွေခြုံပြီး ကွေးနေလိုက်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာပဥ္စ...ချောင်းရေကျနေပြီ..ဖောင်မျှောလို့ရမှာ မဟုတ်ဘူး၊ ဒီချောင်းရေက ရေတက်မှ သွားလို့ရတာ၊ ရေကျဆိုရင် ဒူးဆစ်လောက်ပဲရှိတာ"

ကျွန်မတို့ အိပ်ရာနိုးတော့ မိုးစင်စင်လင်းနေလေပြီ၊ ကိုယ်မရောက်ဖူးသော နေရာဖြစ်တာမို့ ဘေးပတ်ဝန်းကျင်ကို မျက်နှာသစ်ရင်း ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းကြီးရဲ့ ကမ်းတစ်ဖက်ဆီမှာ သစ်ပင်တွေထက်၊ ကျောက်တုံးကြီးတွေ၊ ချောက်ကမ်းပါးအမြင့်တွေကိုပဲတွေ့နေရသည်။ တကယ်ကို သာယာလှပသောနေရာလေးတစ်ခု…။

"ရေတက်မှဆက်ပြီး သွားရမှာပေါ့."

"ဟုတ်တယ်..ဖောင်ကို ကမ်းဆွဲကပ်ပြီးရေတက်ကိုစောင့်ရမှာပဲ၊ ဆရာပဥ္စ..ရေထဲကိုဆင်းပြီး ကြိုးနဲ့ဆွဲပြီး ကပ်မှပဲရတော့မယ်.."

"ဒါဆိုလည်း ဆင်းကြတာပေါ့.."

ပဥ္စတို့ (၆)ယောက်လုံး ရေထဲကိုဆင်းပြီး ဖောင်ကြီးကိုဆွဲကပ်ကြသည်။

"လှဲ့လှဲ့ရေ… ငါတို့လည်းရေထဲဆင်းမယ်ဟေ့.."

"ဟယ်… ရေအနက်ကြီးလားမှမသိတာ"

"ဟဲ့..လှဲ့လှဲ့ရယ်..သေသေချာချာကြည့်ပါဦး၊ ကိုပဥ္စတို့ ကြိုးနဲ့ဆွဲနေတာ ရေက ဒူးဆစ်လောက်တောင် မရှိဘူး၊ နင် ကြောက်ရင်မဆင်းနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မမ..သွားလည်း ဆင်းမယ်နော်.."

"အေး...ဆင်းချင်ရင်ဆင်း..အလေးချိန်ပေါ့တော့ ဆွဲရတာ သက်သာတာပေါ့၊ အနံကယ်မြတ်သာနဲ့ဦးကျော်ဇောတို့တောင် ဆင်းပြီး ဝိုင်းဆွဲနေကြပြီ.."

ကျွန်မ ရှေ့ကနေဆင်းပြလိုက်သည်နှင့်လှဲ့လှဲ့တို့ပါ လိုက်ပြီးဆင်းခဲ့ကြတော့သည်။ ရေစီးက သန်သဖြင့် တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ပြီးလျှောက်လာစဉ်..

"အမေ့..."

"ကြွေရီ.."

ကျွန်မ ခြေထောက်အောက်မှ ကျောက်တုံးလေးတစ်ခုကို နင်းမိပြီး ဟန်ချက်ပျက်ကာ လှဲ့လှဲ့ကို ဆုပ်ကိုင်ထားတဲ့လက်မှ လွှတ်ထွက်သွားသည်။

"ကိုပဥ္စရေ..ကယ်..ကယ်ပါဦး.."

ရေစီးကြောင့် ကျွန်မပြန်ပြီး မထနိုင်ဘဲ မျောပါသွားသည်။ ပဥ္စ...ကမ်းပေါ်မှရေထဲသို့အမြန်ဆင်းလာပြီး ကျွန်မ နောက်



www.burmeseclassic.com

www.burmeseclassic.com



ကို လိုက်လာသည်။ ကျွန်မ ဘယ်လိုမှ ပြန်ပြီးထလို့မရအောင် ချစ်းဒဏ်ကိုခံနေရသည်။ ပါးစပ်ထဲ၊ နှားထဲသို့ရေများ ဝင်လာပြီး မှန်းကျပ်လာသည်။ မျက်လုံးတွေပါ ပြာဝေသလို ဖြစ်လာကာ ဘာမှ မမြင်ရတဲ့အပြင် ခြေကုန်လက်ပန်းကျသွားတော့သည်။

"ဟင်...."

ကျွန်မ လက်မောင်းလေးကို တင်းကျပ်စွာ ဆုပ်ကိုင်ခံရပြီး ရင်ခွင်ထဲကို ကျွန်မ ရောက်သွားတာကိုသိလိုက်ရတော့မှ မျက်လုံးကို ဖွင့်ကြည့်မိသည်။

"ကိုပဥ္စ..."

"မင်း..လမ်းလျှောက်လို့ရလား.."

"ဟင့်အင်း..ကျွန်မခြေထောက်တွေ လှုပ်ချင်စိတ်တောင် မရှိတော့ဘူး.."

ကြောက်စိတ်ကြောင့် ရေထဲမှ ပြန်ပြီးထဖို့ရုန်းကန်ခဲ့ခြင်းကြောင့် အားအင်ချိနဲ့သွားသည်။

"ငါ..ပွေ့မယ်နော်.."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ခေါင်းပင်ညိတ်လို့မဆုံး၊ သူ့လက်ပေါ်သို့ ကျွန်မ ကိုယ်လေး ငွေ့ခနဲရောက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မဘဝတစ်သက်တာတွင် ယောက်ျားလေးတစ်ယောက် ရင်ခွင်ထဲကို ရောက်ရှိခဲ့ခြင်းမှာ ဒီတစ်ကြိမ်ဟာ ပထမဦးဆုံးပင် ဖြစ်သည်။

"ဘယ်လိုဖြစ်တာလဲ ကြွေရီ.."

"ရေတိမ်တိမ်လေးနဲ့မျှောပါသွားရတယ်လို့"

ကျွန်မကတော့ ဘာမှမပြောနိုင်၊ ဒေါက်တာဦးမြတ်သာ န်းပွဲဒဏ်ရာတွေကို ဆေးထည့်ပေးနေတာကိုပဲ ခံနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရေစီးကြောင်း ဆင်းတဲ့နေရာကိုရောက်သွားတာပါ"

"တော်သေးတာပေါ့ ကြွေရီရယ်··ဘာမှမဖြစ်လို့"

"ကဲ··သမီး·· အဝတ်အစားလဲပြီး နွေးနွေးထွေးထွေး

လိုက်၊ တော်ကြာ အဖျားဝင်နေမယ်"

"ဟုတ်ကဲ့··"

"နေ့လည်စာ စားဖို့ချက်ပြုတ်ကြတော့ဟေ့"

ကျွန်မတို့ဖောင်ကြီး ကပ်ထားသောနေရာပေါ်တွင် ချော

ကမ်းပါးပြင်ကြီးနှင့် ကျောက်တုံးကြီးတွေ မြေပြင်ပေါ်တွ

ကျောက်တုံးတွေနှင့်···

"ဟီလူ··မင်းဒီနေရာကိုရောက်ဖူးလား··"

"ဖြတ်သွားဖြတ်လာတော့ ဖောင်နဲ့သွားဘူးတယ်၊ ခုလိုတော

မနေဖူးဘူး···"

"ဒီနားမှာ ရွာတွေဘာတွေရောရှိလား"

"မရှိဘူး ဆရာပဥ္စ··· အနောက်ဘက်မှာတောင်ကြီးတွေ

တောင်တွေပဲရှိတယ်၊ ရွာရှိတယ်လို့တော့ တစ်ခါမှ မကြားဘူး



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့လည်း ပင်ပန်းလာပြီ၊ အေးအေးဆေးဆေးအနား ယူလိုက်ကွာ၊ ငါလည်း ကမ်းပေါ်တက်ပြီးလှေ့လာလိုက်ဦးမယ်"

ပဥ္စတစ်ယောက်တည်း ချောက်ကမ်းပါးပေါ်သို့တက်သွား တော့သည်။

မင်းမင်းနှင့် မောင်လတ်တို့ကတော့ နေ့လည်စာစားဖို့ ဝိုင်း ဦးလုပ်ကိုင်နေကြသည်။ ကျွန်မ ရေစိုအဝတ်တွေကို ကျောက် တုံးပေါ်လှန်းပြီး သူတို့နှင့်အတူလုပ်ကိုင်ပေးနေလိုက်သည်။

"ဘုတ်..ဘုတ်..ဘုတ်.."

"ဟာ..ဟင်...အို.."

စက်တပ်လှေတစ်စီးနှင့် သေနတ်ကိုင်ထားသူ (၅)ဦးကို တွေ့လိုက်ရသည်။ ဝတ်ဆင်ထားသော ယူနီဖောင်းတွေမှာ ပြောက်ကျားဝတ်စုံတွေနှင့်ဘယ်လိုအဖွဲ့အစည်းကမှန်းမသိပေ။

"တစ်ယောက်မှ လှုပ်လှုပ်ရှားရှားမလုပ်နဲ့၊ မသာပေါ်သွား ယ်"

မြန်မာစကားပြောတဲ့လူကလွဲပြီး ကျန်(၄)ယောက်က နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



ခြားသားမျက်နှာမျိုးဖြစ်သည်။

"မင်းတို့ ဘယ်သူတွေလဲ"

"ငါတို့က သုတေသနပြုဖို့ထွက်လာကြတဲ့သူတွေ"

ဦးမြတ်သာ ရပ်ပြီးပြောလိုက်သည့်စကားကို ထိုလူမှ ဘာသာ

စကားတစ်မျိုးနှင့်ပြန်ပြီးပြောလိုက်ပေမဲ့

"မင်းတို့ထဲက ဟိုမိန်းကလေး(၂)ယောက်ကိုခေါ်သွားမယ်"

"ရှင်..."

"ဟယ်..."

ထိုလူ လက်ညှိုးထိုးပြီးပြောလိုက်တဲ့(၂)ဦးမှာ ကျွန်မနှင့် မေ

ပင်ဖြစ်သည်။

"မလုပ်ပါနဲ့မောင်ရင်၊ အန်ကယ်တောင်းပန်ပါတယ်"

"ဒီနယ်မြေမှာ တောင်းပန်လို့ရတာ တစ်ခုမှမရှိဘူး၊ ကောင်

ကောင်းမွန်မွန်ခေါ်တာကို မလိုက်ရင် ခပ်ကြမ်းကြမ်းခေါ်ရမယ်

ကျွန်မတို့(၂)ယောက်ကို ဆွဲခေါ်ဖို့လာသည်နှင့်မောင်လ

ရှေ့မှဝင်ပြီး ရပ်ကာ ကာထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက သေချင်တဲ့ကောင်ကိုး..ကဲကွာ.."

"ဒိုင်း..အား.."

"ဟင်..."

မောင်လတ်ကို ပစ်တဲ့သေနတ်သမား နောက်သို့လွင့်စဉ်သွားပြီး

သေနတ်သံတွေက ဆက်တိုက်ပေါ်ထွက်လာသည်။

"ဒိုင်း..ဒိုင်း..ဗိုး..ဗို..."

"အီး..အား..အင်း.."

(၅)ယောက်ထဲမှ (၄)ယောက်တစ်ပြိုင်တည်းကျည်ဆံရော

များတွေပါ ထိမှန်သွားကာ တစ်ယောက်ထဲ ကျန်တဲ့ကောင်ကို

မင်းမင်းပြေးပြီး ခုန်ကန်လိုက်သည်။

"ဖြောင်း...ချွပ်.."

နောက်ပြန်ကျပြီး ခေါင်းနှင့်ကျောက်တုံး ရိုက်မိကာ ပြန်ပြီး

မထနိုင်တော့ပေ..။

"ကိုပဥ္စ...ဟီလူ"

ပဥ္စနှင့်ဟီလူ ချောက်ကမ်းပါးပေါ်မှ ခုန်ဆင်းလာကြပြီး...



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်.. သေကုန်ပြီလား.."

"(၂)ကောင်ကတော့ကြွသွားပြီ၊ (၃)ကောင်ကတော့ မသေ
သေးဘူး၊ ဒီကောင်တွေ တစ်ဖက်နိုင်ငံက ဘိန်းသူပုန်ကောင်တွေ
ကျူးကျော်ပြီး ဝင်ရမ်းတာပဲ"

"ကိုပဥ္စ...ဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်မလဲ.. ကြိုးတုတ်ပြီးထားခဲ့ရမှာပဲ၊ စက်လှေ
နဲ့သေနတ်တွေကတော့ ဖောင်နဲ့သယ်သွားမယ်၊ ငါတို့အတွက်
အသုံး ဝင်နိုင်တယ်.."

"ကျွန်....ကျွန်တော့်ကိုလွှတ်ပေးပါ.."

"ခွေးမသား...မင်းကိုပိုပြီးတောင်သတ်ရမှာ၊ ကိုယ့်လူမျိုး
ပေါ်မှာ သနားစာမရှိဘဲ ယုတ်မာတဲ့ကောင်.."

"မောင်လတ်...သူ့စရိုက်နဲ့သူ သွားလိမ့်မယ် မလုပ်နဲ့၊
ဟီလူ..ရေတက်ဖို့လိုသေးလား.."

"အောက်ရေစပြီးတက်နေပြီ.. သိပ်မလိုတော့ဘူး နောက်
ထပ် (၂)နာရီလောက်ဆိုရင် ခွာလို့ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဦးမြတ်သာ ဒဏ်ရာရတဲ့လူ(၃)ယောက်ကို ဆေး ထည့်ပေးပြီး ကြိုးနှင့်တုပ်နှောင်ထားလိုက်သည်။

"သေသွားတဲ့ကောင်တွေကို မင်းတို့မြှုပ်ပေးလိုက်ပေါ့"

"ကျွန်တော်တို့က ကြိုးတွေချည်ထားတော့ ဘယ်လိုလုပ် ပြီးမြှုပ်လို့ရမှာလဲ"

"ငါတို့ ကမ်းကခွာတာနဲ့ မင်းတို့ကို ကြိုးဖြေပေးခဲ့မှာပါ ကွာ"



www.burmeseclassic.com

www.burmeseclassic.com

၉

ကျွန်မတို့ နေ့လည်စာကို ချက်ပြုတ်ပြီးပေမဲ့ မစားကြသေး ဘဲ ရေတက်ချိန်ကို စောင့်နေခဲ့ကြသည်။ အနိဋ္ဌာရုံမြင်ကွင်း ကြား မှာ ထမင်းမစားချင်တာကြောင့်ပင်ဖြစ်သည်။

"ဒီရေနဲ့ဆို သွားလို့ရပြီဆရာပဥ္စ"

"သွားမယ်ဟေ့ . . မင်းမင်း . . မောင်လတ် . . ဟိုကောင်(၃) ကောင်ကို ကြိုးဖြေပေးလိုက်ပါကွာ"

"ခွေးမသားတွေ ဒီအတိုင်းတောင်ထားခဲ့ချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်လတ်··မင်းချစ်ချစ်ကိုခေါ်လို့ ဒေါ်သတွေထွက်နေတာလား··ဟား··ဟား··ဟား··စိတ်လျှော့လိုက်ပါ သူငယ်ချင်းရာ··"

ကမ်းပေါ်တွင် ထို(၃)ယောက်ကိုထားခဲ့ပြီး ကမ်းမှ ဖောင်ကြီးရေစီးနဲ့အတူဆက်၍မျောလာခဲ့တော့သည်။

စက်လှေကို ဖောင်နှင့်ကပ်တွယ်ပြီး သယ်ဆောင်လာတော့၏။ ကိုပဥ္စကတော့ သူပုန်တွေဆီမှ ယူလာသော မှန်ဘီလူးနှင့်ကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ချောင်းတိုပေမဲ့ မြစ်တစ်ခုနီးပါး ကျယ်ဝန်းလှသော ချောင်းကြီးတစ်ခုဆီသို့ ကျွန်မတို့ဖောင်ကြီး စီးမျောချွနေလေသည်။ ကျွန်မကမ်းဘေးတွင် ငေးကြည့်ရင်း ရင်ထဲတွင် တစ်စုံတစ်ဦးကို သတိရလိုက်မိ၏။ ထိုသူမှာ ကျွန်မ၏ဖခင်ကြီး ဦးဓေယျာမင်းသူပင်ဖြစ်သည်။

ကျွန်မဘဝဟာ တကယ်ဆိုရင် ရွှေခြည်ထိုးနိုင်သော ဘဝကလေးကိုပိုင်ဆိုင်ထားသူဖြစ်သည်။ ဦးဓေယျာမင်းသူနှင့် ဒေါ်မြိုင်ဝေသီတို့မှ တစ်ဦးတည်းသော သမီးလေး ဖြေရှိမင်းသူကို



www.burmeseclassic.com

www.burmeseclassic.com



အဘက်ဘက်မှပြည့်စုံသောဘဝတွင်ထားခဲ့၏။

ဒါပေမယ့် ကျွန်မဘဝမှာ အားနည်းတာလေးတစ်ခုက တော့ မိဘနှစ်ပါးလုံးရဲ့ ဆွေမျိုးအသိုင်းအဝိုင်းဆိုတာကိုမသိ။ ဖေဖေ နှင့်မေမေတို့ဘဝတွင် ဆွေကင်းမျိုးကင်းနေထိုင်ခဲ့ကြသူတွေဖြစ် သည်။ ဘယ်အတွက် ယခုလို နေထိုင်ခဲ့သလဲဆိုတာကို ကျွန်မ မသိ။ တစ်ကြိမ်တစ်ခါမှလည်း ကျွန်မကိုယ်တိုင်မမေးမိခဲ့ပါ။ ကျွန်မအတွက် ဆွေမျိုးဆိုတာ မလိုအပ်သော ဘဝနှင့်နေထိုင်ရသူ မဟုတ်လား..။

ဒါပေမယ့် ကျွန်မဘဝအတွက် ပြောင်းလဲဖို့ကံကြမ္မာက ဖန်တီးခဲ့တာတော့ မမေ ဒေါ်မြိုင်ဝေသီ ကွယ်လွန်ခြင်းက စတင် ခဲ့တယ်လို့ဆိုရမည်။

ဖေဖေဟာ မေမေ့စိတ်နဲ့ နေ့ရောညပါ အရက်တွေကို သောက် ရင်း စိတ်ရဲ့ပျော်ပါးရာနောက်တွင် အချိန်ကုန်နေတော့သည်။

ဒီ့အပြင် အပေါင်းအသင်းများတွေနဲ့ဆုံခဲ့ပြီး လောင်းကစား ဘက်ကိုပါ ရောက်ခဲ့၏။ ကျွန်မတို့စီးပွားရေးကကမ်းပြိုသလို

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းထိုးကျသွား၏။ မေမေ့လက်ထက်က ပိုင်ဆိုင်ထားခဲ့သော ကုမ္ပဏီရှယ်ယာတွေ၊ ကိုယ်ပိုင်သစ်စက်တွေအပြင် ကျွန်မတို့နေထိုင်သော အိမ်၊ မြေ၊ ကားတွေပါ သူများလက်ထဲကို ထိုးအပ်လိုက်ရတဲ့အပြင် ဖေဖေဟာ လောင်းကစားမှုတွေနဲ့ထောင်ထဲကို ရောက်ခဲ့တယ်။ ကျွန်မ ဘွဲ့ယူမည့်နှစ်တွင် ကျွန်မဘဝဟာ အိမ်ငှားနှင့်နေခဲ့ရလေ၏။

တစ်ချိန်က ကျွန်မဘဝဟာ အိပ်မက်တစ်ခုလိုပင်ပျောက်ကွယ်သွားခဲ့ရပြီ။ ငွေအတွက် တစ်ဖက်နိုင်ငံဆီသို့အလုပ်ထွက်ပြီးလုပ်ခဲ့ရသူဖြစ်သည်။ မိန်းကလေးတစ်ဦးအတွက် ကိုယ့်ရပ်ကိုယ့်မြေမဟုတ်သောနေရာတွင် ဘဝဟာ လုံခြုံမှုမရှိခဲ့ပါ။ သူတို့ စရိုက်၊ သူတို့ယဉ်ကျေးမှုတွေဟာ ကျွန်မတို့အတွက် အန္တရာယ်ကြီးတာကို လက်တွေ့ကြုံခဲ့ရပြီး ကိုသိုက်ဆိုတဲ့လူတစ်ယောက်၏ ကူညီမှုဖြင့်အောက်လမ်းကနေ ပြန်ပြီးထွက်ခဲ့ရာက ခုလိုအဖြစ်တွေနဲ့ကြုံတွေ့နေရခြင်းဖြစ်တယ်။

---



www.burmeseclassic.com

www.burmeseclassic.com

"ကြွေရီ.."

"ခြော်..ကိုပဥ"

"ဘာတွေ အတွေးများနေတာလဲ၊ အိမ်ကိုလွမ်းနေပြီလေ"

"မဟုတ်ရပါဘူး ကိုပဥရယ်.. ကျွန်မအတွက် အိမ်ထိုက်ချင်စိုဆိုတာ မရှိပါဘူး၊ အိမ်ဆိုတာလည်း ဘာကိုပြောရမှန်းတောင် မသိပါဘူး.."

"မိဘတွေကရော.."

"မေမေက ဆုံးသွားပါပြီ၊ ဖေဖေကတော့ ထောင်ထဲမှာ"

www.burmeseclassic.com



"သြော်.."

"လောင်းကစားမှုနဲ့ထောင်(၂)နှစ်ကျသွားတာလေ၊ ကျွန်မ တစ်ဖက်နိုင်ငံကိုမထွက်ခင်နှစ်ကလေ.."

"ကြွေရီ ဟိုမှာဘယ်လောက်ကြာခဲ့လို့လဲ"

"တစ်နှစ်ဝန်းကျင်လောက်ပါ"

"အတွေ့အကြုံတွေတော့ အများကြီးရခဲ့မှာပေါ့"

"အတွေ့အကြုံထက်ကြောက်စရာကောင်းတဲ့ လောကတစ်ခု ကိုရောက်ခဲ့တယ်ပဲ ဆိုရမှာပေါ့"

"ပဥ္စလက်မြိုင်ထက် ကြောက်စရာကောင်းလား"

"ပဥ္စလက်မြိုင်လိုပါပဲလေ၊ ရမ္မက်၊ လောဘသားကောင်တွေ ရဲ့ ပဥ္စလက်တွေကပိုပြီးကြောက်စရာကောင်းနေမလားမသိပါဘူး ကျွန်မတို့က ရုန်းထွက်နိုင်ခဲ့ပေမဲ့ တချို့သူတွေကတော့ ရမ္မက် ရဲ့သားကောင်တွေဘဝကို ရောက်ခဲ့ကြတယ်လေ"

"အေးဗျာ..ငွေအရများတယ်၊ ချောင်တယ်ဆိုပြီး သွား ရောက်လုပ်ကိုင်နေကြပေမဲ့ တကယ်ဆိုရင် ကိုယ့်ရပ်ကိုယ့်မြေ



www.burmeseclassic.com

www.burmeseclassic.com



ဟာက် ဘဝကို ကာကွယ်ပေးနိုင်ဖို့ သိပ်ပြီးခက်ပါတယ်၊ တရား
င်သွားရောက်တဲ့သူတွေတောင် ဒုက္ခနဲ့ကြုံရသလို အောက်လမ်း
ာ သွားကြရတဲ့သူတွေဆိုရင် ဒုက္ခတွေ၊ အန္တရာယ်တွေက ကျော
င်းကပ်နေတာပဲလေ၊ ဒီကြားထဲ ကိုယ့်လူမျိုးအချင်းချင်းပေါ်
ာ ငွေရမွက်နောက်လိုက်ပြီး ရက်စက်ယုတ်မာတဲ့သူတွေ ရှိနေ
တော့ ပိုပြီးဆိုးတယ်လေ၊ ကြွေရီတို့ ခုလို ပြန်လာတာ အကောင်း
ဆုံးပါပဲ..."

"ကိုပဥ္စကရော တစ်ဖက်က ပြန်လာတာမဟုတ်ဖူးလား"

"ကိုယ်က တစ်ဖက်နိုင်ငံကိုသွားတာ အလုပ်သွားပြီးလုပ်တာ
တော့ မဟုတ်ဘူး၊ လူတစ်ယောက်ကို သွားပြီးရှာတာပါ"

"တွေ့ခဲ့လား"

"တွေ့ခဲ့ပြီဆိုရမှာပေါ့"

"ဆရာပဥ္စရေ... ရှေ့ချောင်းဆုံကြီးမှာ လှိုင်းဖြူတွေ ထနေ
တယ်"

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



ဟီလူ လှမ်းပြီးအော်လိုက်တာကြောင့် မှန်ဘီလူးနှင့် ကြည့်
လိုက်တော့ ရေစမဝဲကြီးတစ်ခုလို့ထင်ရသော အရာတစ်ခုကိုတွေ့
လိုက်ရ၏။

"ဟီလူ..ဒါ ဝဲဂယက်ကြီးတစ်ခုဖြစ်နိုင်တယ်ကွ"

"ဖြစ်နိုင်တယ် ဆရာပဋ္ဌ.."

ဖောင်ကြီးနှင့်ဝဲနေရာမှာ သိပ်ပြီးမဝေးတော့တာကြောင့်..

"ကမ်းဘက်နေ ကပ်သွားရင်ရမလားဟီလူ.."

"မရနိုင်ဘူး၊ ဆရာပဋ္ဌ.. ကမ်းဖက်မှာ ကျောက်တုံးကြီး
တွေရှိနေတယ်၊ ရေတက်နေလို့မတွေ့ရတာ၊ တောင်ပေါ်မှာ ရေအေ
များရင် ခုလိုပဲ ဝဲဂယက်ကြီးတွေဖြစ်တတ်တယ်၊ တစ်ရ
လောက်ဆိုရင် ရေတွေမြစ်ထဲကို ထိုးဆင်းသွားပြီးရင် ပြန်
ပျောက်သွားတတ်တယ်"

ဖောင်ကြီးနှင့်ဝဲကြီး၏ နေရာမှာ တဖြည်းဖြည်း နီး
တာကြောင့်..

"မောင်လတ်ရေ.. စက်လှေနဲ့ကမ်းဘက်ကို ကြိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



ထပ်ပြီး ဖောင်ကိုဆွဲထားမှဖြစ်မယ်"

"ဆရာပဥ္စ ပြောသလိုလုပ်မှရမယ်၊ နို့မို့ဆိုရင် ဝဲဂယက်ထဲမှာ
အစ်စစီဖြစ်သွားနိုင်တယ်"

"ကြွေရီတို့(၄)ယောက်အရင် စက်လှေပေါ်ကို တက်၊
မောင်လတ်၊ မင်းမင်းနဲ့ငါ အရင်ကမ်းကိုသွားမယ်၊ မင်း စက်လှေ
မောင်းတတ်တယ်နော်"

"မောင်းတတ်ပါတယ်"

"သွားကြမယ်.."

ကျွန်မတို့ မိန်းကလေး(၄)ယောက်ကို စက်လှေပေါ်အရင်
တင်ပြီးကမ်းဆီသို့မောင်းထွက်ခဲ့သည်။

"မောင်လတ်..မင်းဖောင်ဆီကို ပြန်မောင်းပြီး ကျန်တဲ့လူ
တွေကိုခေါ်ခဲ့၊ ငါကြိုးနဲ့ဖောင်ကိုထိန်းထားမယ်.."

"ဟုတ်ကဲ့.."

ပဥ္စနှင့်ကျွန်မတို့(၄)ယောက် ကြိုးကြီးကိုဝိုင်းကိုင်ပေးပြီး
ကမ်းနံဘေးသစ်ပင်ကြီးမှာ ချည်နှောင်ထားကာ ဖောင်ကြီးရှေ့



www.burmeseclassic.com

www.burmeseclassic.com



ဆက်မပျောအောင် ဆွဲထားလိုက်သည်။ စက်လှေနှင့်ဖောင်ပေါ်မှ
လူအားလုံး ကမ်းပေါ်သို့ရောက်လာတော့မှ ဖောင်ကြီးကိုဆွဲ
ရသည်။

တစ်နာရီကျော်မျှ ဖောင်ကြီးကို ခက်ခက်ခဲခဲ ဆွဲပြီးကမ်း
ဆွဲကပ်နိုင် ခဲ့တော့သည်။

"ဟူး...ငါတို့ စမ်းသပ်မှုတွေကတော့ တစ်ခုပြီးတစ်ခု
လားကွ.."

"ဦးမြတ်သာရေ...ကျုပ်ကတော့ အန္တရာယ်တွေနဲ့တွေ့ရ
များလို့လားတော့မသိဘူး၊ သည်းထိပ်ရင်ဖို စွန့်စားမှုလေး
ကို သဘောကျနေပြီဗျ.."

"ခင်ဗျား လွယ်အိပ်ကြီးရော.."

"ဟိုတိုင်မှာပဲချည်ထားလိုက်တော့တယ်၊ မက်မက်
မောလည်းမရှိတော့ပါဘူးဗျာ၊ ကျုပ်စိတ်ထဲမှာ တစ်ခုခုပြော
သွားသလိုပဲ"

"ဘယ်လိုပြောင်းလဲသွားတာလဲ လုပ်စမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဘဝတစ်လျှောက်လုံးကလောဘစိတ်တွေနဲ့ပဲ ဖြတ်သန်းလာခဲ့တာ၊ ခု ဒီစိတ်တွေကင်းဝေးသွားသလို ဖြစ်သွားတယ်၊ ကျုပ်ကိုယ်ကျုပ်တောင် အံ့ဩမိတယ်"

"ကျွတ်ချိန်တန်လို့ နေမှာပေါ့ဗျာ"

"ဟုတ်မယ်ဗျို့...အိမ်ကိုအသက်ရှင်လျက်နဲ့ပြန်ပြီး ရောက်ခဲ့ရင် ဘာသာရေးဘက်ကို ကူးတော့မယ်၊ အင်း...တစ်ခုတော့စိတ်ထဲမှာ စဉ်းစားမိတာလေးတော့ရှိထားတယ်၊ အဲဒါဘာလဲဆိုတော့ ဟိုစုံတွဲ(၃)တွဲကို ကျုပ်ကိုယ်တိုင် မင်္ဂလာဆောင်ပေးပြီး ကျုပ်ပိုင်ဆိုင်တဲ့ ဥစ္စာတွေကို ထိုက်ထိုက်တန်တန် လက်ဖွဲ့ဦးမှာ"

"ခင်ဗျားမှာ..သားတွေသမီးတွေ မရှိဘူးလား"

"ကျုပ်ဆိုတဲ့ကောင်ဟာ ဘယ်လောက်ထိ လောဘနဲ့ အတ္တကြီးသလဲဆိုတော့ မိန်းမတောင်မယူခဲ့ဘူး၊ ကျုပ်ရှာဖွေထားတာတွေကို ခွဲပြီးပေးရမှာကြောက်လို့ ဟား..ဟား..ဟား.."

"ခုနေများ တောထဲမှာသေသွားရင် ကပ်စားနေတဲ့ ဆွေမျိုးတော်တွေက အလုအယက်ကို ယူကြမှာသေချာတယ်၊ ဒီမှာတွေ့



www.burmeseclassic.com

www.burmeseclassic.com



လား..."

"ဒိုင်ယာရီစာအုပ်ပါလား"

"ဟုတ်တယ်... ဒီစာအုပ်က ပထမတော့ ကျုပ်အာရုံ မဟုတ်ဘူး၊ ဝယ်ခဲ့တာခုတော့ အသုံးတည့်သွားပြီ၊ ဒီစာအုပ်ထဲမှာ ကျုပ်ရဲ့ သေတမ်းစာကို ရေးထားတယ်၊ ကျုပ်သေသွားခဲ့ပြီ ကျန်တဲ့ကျုပ်အပိုင်ပစ္စည်းတွေကို ဟိုစုံတွဲ(၃)တွဲကို ထိပ်ဆုံး စားပေးမှာပါ"

"ခင်ဗျား စိတ်ကူးကောင်းပါတယ်၊ သွားကြရအောင်၊ ကလေး တွေနဲ့ကြုံတုန်း စကားပြောကြရတာပေါ့"

"အင်း.."

ကျွန်မတို့ ရောက်နေတဲ့နေရာ ပတ်ဝန်းကျင်ကို ဟီလူနှင့် ပဥ္စတို့ အခြေအနေလေ့လာဖို့ထွက်သွားကြပြီး ပြန်ရောက်လာကြ သည်။

"မောင်ပဥ္စ ဘာတွေ ထူးခြားလဲဟေ့"

"အန်ကယ်ရေ..ကျွန်တော်တို့ခု ရောက်နေတဲ့ နေရာထ



www.burmeseclassic.com

www.burmeseclassic.com



ချောင်းကျဉ်းလက်တက်လေးတစ်ခု၊ ဘေးဘက်တွေမှာ ခုလို ချောင်းတွေနဲ့လေ၊ တောရဲ့တိရစ္ဆာန်အန္တရာယ်ကတော့ သိပ်ပြီး ရှိဘူး၊ တစ်ခုပဲ စိုးရိမ်စရာရှိတယ်၊ ကျွန်းရဲ့အရှေ့ဘက်တောအုပ် မှာ စွန်ခြေရာတွေကိုတွေ့ရတယ်..."

"စွန်တွေက လူကို အန္တရာယ်သိပ်မပေးလောက်ပါဘူး"

"ခုတွေ့ရတဲ့ စွန်ခြေရာတွေက သာမန်စွန်ခြေရာတွေထက် (၃)ဆလောက်ကြီးနေတယ်"

"ဟော...ဟယ်..ဟာင်.."

"ကျွန်တော့်စိတ်ထဲမှာ သိပ်ပြီးမသင်္ကာတာနဲ့ ဟိုလူနဲ့ တော ထဲဘက်ကိုသွားကြည့်တော့ အရိုးစုတွေကို ထပ်ပြီးတွေ့လိုက်ရ တယ်"

"ဘာအရိုးစုတွေလဲ ကိုပဥ္စ"

"အရိုးစုတွေကတော့ စုံနေတာပဲ၊ လူအရိုးစုတွေရော၊ တခြား တိရစ္ဆာန်အရိုးစုတွေရော.."

"ဘုရား..ဘုရား..ဘုရား.."



www.burmeseclassic.com

www.burmeseclassic.com



"သူတို့စားထားကြတာလား..."

"ဒီကောင်တွေလက်ချက်ပဲဖြစ်ဖို့များတယ်"

"ကိုယ့်ဘက်ကနေ ပေါ့ဆလို့မဖြစ်ဘူး၊ ပြီးတော့ ဒီနေရာ

က နေရာကောင်းပေမဲ့ အကာအကွယ်မရှိဘူး၊ မြောင်ကြီးဖြစ်နေ

တယ်၊ ကျွန်တော် နေရာတစ်ခုကိုတွေ့ခဲ့တယ်၊ အဲဒီမှာ စခန်းချ

မယ်.."

"ဒါဆို သွားကြမယ်လေ"

"တစ်ညတာအတွက်ပဲ ရိက္ခာကို သယ်ခဲ့ပြီး ကျန်တာတွေကို

ဒဲမှာပဲထည့်ထားကြ၊ လက်နက်တွေကတော့ အကုန်ယူသွားမယ်"

သယ်စရာကိုသယ်၊ သိမ်းစရာတွေကိုသိမ်းပြီး ပဥ္စ ခေါ်ဆောင်

တဲ့နောက်ကိုလိုက်ခဲ့ကြသည်။

"ဟယ်...လှလိုက်တာ"

ကျောက်ထပ်ကြီးနှစ်ထပ်နှင့်ဂူပေါက်ကြီးတစ်ခုကို တွေ့လိုက်

ရခြင်းဖြစ်သည်။

"မသိရင် လူတွေလာပြီး ဆောက်ထားသလိုပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ကြွေရှိရယ်·· နေချင်စရာလေး"

"မောင်ပဋ္ဌ··ဂူထဲကိုဝင်ကြည့်ပြီးပြီလားကွဲ့"

"ဟုတ်ကဲ့··ကြည့်ပြီးပါပြီ၊ ဂူမျက်နှာဝနှစ်ဖက်အထဲမှာ လူ အယောက် (၂၀)လောက်တောင်နေလို့ရတယ်··"

ကျွန်မတို့ လှေကားသဖွယ်ဖြစ်နေသော ကျောက်တုံး ကလေးတွေအတိုင်း တက်ခဲ့ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"အီး..ဂီး..ဂီး..."

"ဟင်...နည်းတဲ့အကောင်ကြီးမဟုတ်ဘူး"

ကျွန်မတို့အားလုံး စားသောက်ပြီး ညနေခင်းအလှ ကလေး ကိုခံစားနေတုန်း စွန်နက်ကြီး(၂)ကောင် ကျောက်ဂူပေါ်နားက ဖြတ်ပြီးပျံတက်သွားလေသည်။

"တော်တော်ကြီးတဲ့စွန်တွေပဲ"

"ဒါ..ဒီကောင်တွေ ကျွန်တော်တို့ကိုလာပြီး အမြဲအနှေ ကြည့်တဲ့ကောင်တွေဖြစ်မယ် ဆရာပဥ္စ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟီလူပြောတာ ဖြစ်နိုင်တယ်၊ သေချာပေါက် ငါတို့ကို ဆော်မှာ..."

"ကိုပဥ္စ..ကျွန်တော်တို့မှာရှိတဲ့သေနတ်တွေနဲ့ ဆော်ရင် မနိုင်ဘူးလား.."

"အကောင်နည်းရင်ကိုတော့ သေနတ်လောက်နဲ့ဆော်လို့ရနိုင်တယ်၊ အကောင်ရေများရင် မလွယ်ဘူး.."

"မင်မင်း.. မောင်ပဥ္စ.. ဘယ်လိုစဉ်းစားထားလဲ"

"ထောင်ချောက်တွေဆင်ပြီး တိုက်ခိုက်ဖို့ပြင်ထားချင်တယ်၊ ဟီလူ..မင်း..မုဆိုးထောင့်ချောက်တွေကို မကျွမ်းကျင်ဘူးလား"

"ကျွမ်းကျင်ပါတယ်ဆရာ ပဥ္စ၊ လူညီညီနဲ့အမြန်လုပ်မှဖြစ်မယ်၊ ဟိုတောစပ်မှာ ဝါးပင်တွေသွားခုတ်ပြီး အားချင်းလုပ်မယ်"

ကျွန်မတို့ကလွဲပြီး ဦးမြတ်သာ၊ ဦးကျော်ဇောတို့ထောင်ချောက်တွေကိုဝိုင်းပြီးလုပ်ကိုင်နေတော့သည်။

ဟီလူက အရှေ့ဘက်၌ ထောင်ချောက်တွေကိုဆင်ပြီး ကိုပဥ္စကတော့ အနောက်ဘက်တွင်ထောင်ချောက်တွေကိုဆင်ရင်း..



www.burmeseclassic.com

www.burmeseclassic.com



"မောင်လတ်ရေ… စက်လှေစက်ကိုဖြုတ်ကွာ၊ မင်းမင်းတဲထဲမှာ ပစ္စည်းတွေရှိတယ်၊ မင်းမင်းပါ လိုက်သွားပြီး သံကြိုးတွေပါ သယ်ခဲ့ကွာ၊ ခက်သွက်သွက်လေးသွား၊ အလင်းရောင်လေးရှိတုန်း လုပ်ကြရမှာ.."

မင်းမင်းနှင့်မောင်လေတ်.. သေနတ်ကိုယ်စီကိုင်ပြီး ဖောင်ဆီသို့ထွက်သွားကြသည်။ ကျွန်မ..ချွေးတရွှဲရွှဲဖြင့်လုပ်ကိုင်နေသော ကိုပဋ္ဌ..နားကိုသွားပြီး…

"ကိုပဋ္ဌ..ချွေးတွေသုတ်လိုက်ဦးလေ"

ကျွန်မ အဝတ်ပိုင်းလေးကို လှမ်းပေးလိုက်သည်။

"ကျေးဇူးပဲ ကြွေရီ.."

"ချွေးလေး သုတ်ဖို့ပေးတာကို ကျေးဇူးစကားပြောရတယ်လို့.."

"ယဉ်ကျေးမှုအရလေ.."

"ကျွန်မကတော့ ယဉ်ကျေးမှုလို့မထင်ဘူး"

"ဘယ်လိုထင်လို့လဲ ကြွေရီ.."



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဦးနဲ့တစ်ဦးကြားမှာ အစိမ်းရောင်လွင်ပြင်တစ်ခု ခြားနေသလိုပဲ ထင်မိတယ်"

"ဒီလောက်ကြီး မဝေးပါဘူး ကြွေရီရယ်.."

"အနီးဆုံးကပ်ပြီး ဝေးနေကြတာပါ"

"ဘယ်လို အနီးဆုံးလဲပြောပါဦး"

ကျွန်မ...ကိုပဋ္ဌပြောမည့်စကားကို ရင်ထိတ်စွာနှင့်နား စွင့်နေသလို သူပြောနိုင်ဖို့ အားယူနေသည်။

"ကိုပဋ္ဌရေ..သယ်လာပြီ.."

"ဟင်.."

ကျွန်မတို့(၂)ယောက်အတွက် အနှောင့်အယှက်လေးက ရောက်လာတယ်လို့ပဲပြောရတော့မည်။ အပြစ်တင်ဖို့တော့ မဖြစ်နိုင်။

"မင်းမင်းရေ...ဟိုမှာ ဝါးကြောတွေကို ချဲ့ပြီး နိုင်အောင်ချည်ဟော့၊ ပြီးရင် ငှဝနားက ကျောက်တုံးကြားမှာထားရယ်၊ ဝါးကြောတွေကိုကြည့်ကိုင်နော်.. ဓားထက် ထက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖြင်ဆင်မှုထောင်ချောက်တွေကို (၃)နာရီလောက် လုပ်ပြီး တော
မှောင်ရီပျိုးချိန်ကို ရောက်ခဲ့ကြလေပြီ။

ကျွန်မတို့ မိန်းကလေး(၄)ယောက်နှင့်ကိုရဲတို့ကို ဝူကြီး၏
အလယ်တွင်နေခိုင်းပြီး ဝူပေါက်နှစ်ဖက်မှာ ကိုပဥ္စတို့ ကင်းစောင့်
နေရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝူပေါက်တစ်ဖက်ဆီမှာတော့ ဟီလူနှင့်တစ်ဖွဲ့၊ ကိုပဥ္စနှင့် တစ်ဖွဲ့ စောင့်နေရခြင်းဖြစ်သည်။ ချောင်း၏ရေစီးသံတွေနှင့်လေ တိုးသံတွေကလွဲပြီး ဘာသံကိုမှတော့ မကြားရသေးပေ၊ ကောင်း ကင်ထက်တွင် လဆန်းရက်ကလေးမို့လားတော့မသိ၊ လခြမ်း ကလေးထွက်နေတာမို့ လရိပ်အလင်းရောင်လေးက မှုန်တဝါး ဝါးလင်းလက်နေတော့သည်။

"မောင်ပဥ္စ..တိတ်နေပါလားကွ"

"ဒါ...ထူးခြားမှုတစ်ခုပဲအန်ကယ်...ဒီကောင်တွေ သတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်စားသောက်ကြတာများပြီ၊ ကျွမ်းကျင်နေတဲ့အခြေအနေမျိုး တော့ရှိနေတယ်၊ ဒါကြောင့် အပိုင်ချောင်းပြီးတိုက်ခိုက်မှာ"

"ညဘက် ရန်ရှာတဲ့ခွန်ကို ခုတစ်ခါပဲကြားဖူးတော့မယ် ထင်တာပဲဟော့"

"ဦးကျော်အေး ကြားဖူးရုံတင်မကဘူး၊ မြင်ကိုမြင်တွေ့ရမှာ၊ စောင့်ကြည့်နေ၊ လူတွေ အိပ်မောကျချိန်ကိုစောင့်ပြီးတော့ တိုက်ခိုက်လိမ့်မယ်"

ကျွန်မတို့ပင် မျက်လုံးလေးတွေ စင်းနေလေပြီ။ ကိုရဲက တော့ ကလေးပီပီ အိပ်နေလေပြီ။

"ဟီလူရေ… မင်းကောင်တွေကို အိပ်မပျော်ခိုင်းနဲ့ဦး"

"စိတ်ချ‥ကိုပဒ္ဒရေ‥မျက်လုံးကိုပြူးနေတာပဲ‥"

မင်းမင်းမှာ ဟီလူဘက်တွင်နေပြီး မောင်လတ်မှာ ကိုပဒ္ဒ ဘက်တွင်နေလေသည်။

"မောင်လတ် ဘယ်နှစ်နာရီထိုးပြီလဲ"

"(၁၂:၀၀)နာရီကျော်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ရှပ်..ရှပ်..ရှပ်.."

"ဟာင်.."

"ဘာဖြစ်လို့လဲ ကိုပဥ္စ.."

ကျောက်တုံးတွေပေါ်ကို နင်းပြီးလာနေသောခြေသံသဲ့သဲ့ကို ဘြားလိုက်ရခြင်းဖြစ်သည်။

"ဟီလူ.."

"ဆရာပဥ္စ.. ကျွန်တော်သိတယ်.."

ဟီလူ.. မုဆိုးဗီဗီ နားပါးသည်။ ကျွန်တဲ့သူတွေကတော့ ခြေသံကို မကြားသလို..

"မောင်လတ်..မီးတုတ်ကို မီးရှို့ပြီး ပစ်ဖို့ပြင်ထားတော့"

"ဟုတ်ကဲ့.."

"ဖြောင်း...ဂီး...ဝူး...

ကိုပဥ္စဘက်မှ ဝါးထောင်ချောက်ကိုတိုးဝင်သွားပြီး စွန်နက်ကြီးတွေ ဝါးလုံးကြီးနှင့်ရိုက်မိပြီး လွင့်စဉ်ကာ အော်သံတွေကို တေင်ပြီးကြားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝှန်း…"

မောင်လတ် မီးတုတ်ကိုမီးရှို့ပြီး ဝူအပြင်ဘက်လောင်စာ

လုပ်ထားသော ထင်းပုံဆီသို့ ပစ်လိုက်တော့သည်။

"ဟာ…စွန်…စွန်အုပ်ကြီး"

မီးရောင်နှင့်ကြက်သီးထစဖွယ် စွန်အုပ်ကြီးကိုတွေ့လိုက်ရ

တော့သည်။

"ပစ်…ဒိုင်း…ဒိုင်း…ဒိုင်း…"

သေနတ်သံတွေနှင့်ထောင်ချောက်တွေမှ ရိုက်ခတ်သံတွေ

ပွက်လောရိုက်သွားသလို စွန်အုပ်ကြီးမှာ အတော်ကို အထိန

ပေမဲ့ ဆက်ပြီးတိုက်ခိုက်ဖို့ အားမာန်ခဲဆဲဖြစ်သည်။

"မောင်လတ်… စက်ကိုသွားပြီးနှိုး…ငါဒီကနေပစ်ထားပေးမယ်"

"ထောက်…ထောက်…ဝူး…"

"ဖောင်း…ဖောင်း…ဒုတ်… ဂီ…ဂီ…ဂါး…ဂါး…"

ဝါးကြောတွေ ကပ်ထားသော ပန်ကာအောက်တွင် စွန်တွေ

အပိုင်းပိုင်းပြတ်လျက် သေဆုံးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူဝဆီသို့ဖောက်ပြီး ဝင်နိုင်ခြင်းမရှိတော့ဘဲ နောက်ဆုတ်သွားကြပြီဖြစ်သည်။

"ဟီလူ..မင်းဘက်. အခြေအနေကော.."

"ဒီကောင်တွေ အတော်ကိုအီသွားပြီဆရာပဠ... တစ်ကောင်မှ အသံမကြားတော့ဘူး၊ တွေ့လည်းမတွေ့တော့ဘူး"

ကျွန်မတို့ ဓာတ်မီးနဲ့ထိုးပြီးအပြင်ဘက်ကိုကြည့်တော့...

"ဘုရားရေ..."

ကျောက်ထပ်ကြီးတစ်ပိုက်တွင် ဓွန်အသေကောင်တွေကိုမြင် ကောင်းအောင်တွေ့နေရသည်။

"သေနတ်နဲ့သာပစ်ရင် ဘယ်လိုမှ လွယ်မှာမဟုတ်ဘူး၊ ထောင်ချောက်တွေကြောင့် သက်သာသွားတာ"

"ဂိ..."

"ဟယ်..ဟိုမှာ.."

ဓာတ်မီးရောင်ရှေ့တွင် ဓွန်ဖြူကြီးတစ်ကောင် ကျောက်တုံးကြီးပေါ်တွင် ဝဲပျံပြီးနားနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ကို ရန်မူမည့်အသွင်တော့မဟုတ်ပါ…။



www.burmeseclassic.com

www.burmeseclassic.com

"ဟယ်...ဟိုမှာစွန်အဖြူကြီးလိုက်လာတယ်"

ကျွန်မတို့ဖောင်ကြီး ကမ်းမှခွာပြီး သိပ်မကြာ.. ဖောင်ဘက်ကို စွန်အဖြူတစ်ကောင်ပျံဝဲပြီး လိုက်လာခြင်းဖြစ်သည်။

"အန္တရာယ်ပြုမယ့်ပုံတော့မပေါက်ဘူး.."

စွန်အဖြူကြီးမှာ ကျွန်မတို့ဖောင်ကြီးနောက်မှ ဝဲပျံလာပြီး ...င်ဝါးတန်းပေါ်တွင် နားခိုတော့၏။

"ငါတို့နဲ့လိုက်ချင်လို့နဲ့တူပါတယ်ကွာ..နေပါစေတော့.."



www.burmeseclassic.com

www.burmeseclassic.com



ဖောင်ကြီးမှာ ချောင်းရိုးအတိုင်း မျောပါလာရင်း စိမ်းညို့နေသော တောကြီးတစ်ခုထဲသို့ရောက်ရှိလာတော့သည်။ ချောင်းကမ်းမှာဖောင်နှင့်သိပ်ပြီးမကွာသဖြင့် သစ်ပင်ကြီးတွေ၏ အကိုင်းအခက်တွေ၊ ဝါးပင်တွေကို ဖယ်ရှားပြီး သွားနေရတော့သည်။

"ဆရာပဋ္ဌရေ.. သတိတော့ထားကြ၊ ဒီတောက မြွေဆိုးတွေ သိပ်ပြီးပေါတယ်.."

"ကြွေရီတို့ တဲပေါ်မှာနေကြပါလား.."

"ဟုတ်ကဲ့.."

ကျွန်မတို့ (၅)ယောက်ဖောင်ပေါ်မှ တဲလေးထဲဝင်ပြီးဆောဘက်သို့ငေးကြည့်တော့ သစ်ပင်ချုံနွယ်တွေက ပိတ်ဆို့နေပြီးတစ်ဖက်ကို လုံးလုံးမမြင်ရပေ။ တစ်ခါတစ်ခါ မျောက်ဖြူရှဉ့်တွေ ပြေးလွှားနေတာတွေ့နေရသည်။

"ဟီလူ...ဒီချောင်းရိုးက ရှည်လား.."

"ဆရာပဋ္ဌ... ဒီချောင်းရိုးကထွက်ရင် သဲမြစ်ကိုရောက်လေ.."



www.burmeseclassic.com

www.burmeseclassic.com



"ဒီချောင်းထဲမှာ ညတော့မအိပ်တော့ပါဘူး"

"ညနေမစောင်းခင် သဲမြစ်ကို ရောက်မှာပါ"

"ဖူး...ဖူး...ဟူ..."

"ဟာ...ဟိုက်.."

ဖောင်ကြီးအရှေ့ သိပ်မဝေးသောနေရာတွင် ရေပန်းတွေ ထွက်နေတာကိုတွေ့ရသဖြင့် အံ့အားသင့်စွာကြည့်နေမိသည်။

"ဘာ...ဘာဖြစ်တာလဲ ကိုပဥ္စ..."

"ရေသတ္တဝါတစ်ကောင်တော့ဖြစ်မယ်.."

"ဟီလူရေ... ဝါးကိုင်းတွေဆွဲပြီး ဖောင်ကိုတန့်ထားရအောင် ကွာ.."

ချောင်းထဲသို့ကိုင်းကျနေသော ဝါးကိုင်းတွေဆွဲပြီး ကြိုးနှင့် ဝါး ချည်နှောင်ထား၊ ဖောင်ကြီးရှေ့ဆက်မသွားရအောင် တန့် ထားလိုက်သည်။ ပြီးမှ အခြေအနေအကဲခတ်ကြည့်တော့...

"မင်း...ဘာကောင်လို့ထင်လည်း ဟီလူ.."

"ကျွန်တော် ဒီလိုမျိုးကို ခုတစ်ခါပဲတွေ့ဖူးတာ ဆရာပဥ္စ..



www.burmeseclassic.com

www.burmeseclassic.com



ခက်တော့ခက်နေပြီ၊ အကောင်ကိုမမြင်ရတော့ ဘယ်လိုပြောရ
မှန်းတောင်မသိဘူး..''

''ရေထဲဆင်းကြည့်ရင် မကောင်းဘူးလား''

''ဟီလူ... မဆင်းနဲ့ဘာကောင်မှန်းမသိဘဲ အန္တရာယ်ကြီး
မယ်..''

ဦးမြတ်သာ...ဟီလူကိုလှမ်းတားပြီးရေပန်းတွေကို သေချာစွာ
ကြည့်ရင်းနှင့်...

''မောင်ပဉ္စ.. ဟိုဘက်ကမ်းကိုကြည့်စမ်း၊ ချုံကြီးတွေ လှုပ်
ရမ်းနေသလားလို့''

ဦးမြတ်သာပြလိုက်သော ချုံကြီးကို ပဉ္စသေချာစွာကြည့်ပြီး

''ဟာ...ရောမမြွေနက်ကြီးအန်ကယ်.. သစ်ပင်ကြီးကို ရစ်
ပတ်ပြီးနေတာ..''

''ဟယ်....ဟင်..ဟာ..''

အမှတ်တမဲ့ကြည့်ရင် သစ်ပင်ရောင်နှင့်ရောယှက်ပြီးခွဲခြား
လို့မရပေမယ့် မှန်ဘီလူးနှင့်အနီးကပ်ခွဲကြည့်တော့မှ မြွေနက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင် သစ်ပင်ပေါ်ဆီသို့ ရစ်ပတ်ထားတာကိုတွေ့လိုက်ရသည်။

ချောင်းတစ်ဖက်ကိုကြည့်ပြန်တော့ မြွေနက်ကြီး၏အမြီးပိုင်းမှာသစ်ပင်ကြီးကို ရစ်ပတ်ထားလေသည်။

"ချောင်းကိုဖြတ်ပြီး ကာထားတာပဲ"

"ဒါ ထောင်ချောက်ပုံစံလုပ်ထားတာဖြစ်မယ် ဆရာပဒ္မ"

"သေနတ်လောက်နဲ့ဘာမှဖြစ်မယ့်ပုံတော့မပေါ်ဘူး"

"ဘယ်လို ကျော်ဖြတ်ကြမလဲ"

"ဖြန်း..ဖြန်း.ဖြန်း.."

"ဟာ...ရေတွေ.."

ချောင်းရေတွေကွှိခပ်ပြီး ပက်လိုက်သလိုရေတွေ ဖောင်ထဲသို့ရောက်လာတော့သည်။ မြွေနက်ကြီး ပခက်လွှဲသလို ရမ်းနေခြင်းဖြစ်သည်။ အကောင်ကြီးတာကြောင့်ဖောင်မှာလှိုင်းပုတ်သလိုဖြစ်သွားတော့သည်။

"ရှူး..ရှူး.."



www.burmeseclassic.com

www.burmeseclassic.com



"မြွေနက်.."

သစ်ပင်ကြီးမှလျှောပြီး ဆင်းလာသောမြွေနက်ကြီးမှာ ရန်မူဖို့ပြင်နေသည်။

"ကျောင်း.."

ပဍ္ဍ....သေနတ်မောင်းကိုတင်လိုက်ပြီး...

"ဟီလူ..မင်းဒူးလေးကို မီးစလုပ်ပြီးပစ်ကွာ၊ ငါသေနတ်နဲ့တော့ ပစ်ကြည့်မယ်"

"ဟုတ်ကဲ့"

ဟီလူ..မြားတံမှာအဝတ်စနှင့်မီးစလုပ်ပြီး...

"ပြိုင်တူပစ်မယ်..ပစ်.."

"ဒိုင်း...ဝှီး..."

"ရှူး...ရှူး...ဖြန်း...ဖြန်း.."

မြွေကြီးမှာ သေနတ်ကျည်ဆံရော၊ မီးမြားတံပါစိုက်ဝင်သွားတာကြောင့် ဒေါသတွေဖြစ်ကာ ဖောင်ကြီးဘက် တစ်ရှိန်ထိုး တိုက်ခိုက်ဖို့ပြင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း..ဒိုင်း...ဝိုး..ဝိုး...ဒုတ်..ဒုတ်.."

ပဥ္စ ကျည်ဆံမှာ မြွေကြီးပါးစပ်ဆီသို့ဖောက်ဝင်သွားပြီး.. ဟိုလူမြားတွေမှာ မျက်လုံးအိမ်ကို စိုက်ဝင်တော့မှပဲ မြွေနက်ကြီး တောထဲဘက်ကိုဝင်ပြီးပြေးသွားတော့သည်။ ဒါပေမဲ့ တောဆီသို့ ခေါင်းပိုင်းရောက်သွားပြီး ချောင်းထဲတွင် တစ်ဝက်ကျန်နေသော အမြီးကြီးမှာ ရပ်တန့်သွားတော့သည်။

"ငြိမ်သွားပါလား..မောင်ပဥ္စ.."

"ဒီကောင်ကြီး အထိနာသွားတော့ မသေရင်တောင် အတော်ကို ခံစားနေရတဲ့ပုံပဲ၊ ပြန်ပြီး ရန်မူနိုင်တဲ့အခြေအနေတော့ မရှိနိုင် တော့ပါဘူး.."



www.burmeseclassic.com

www.burmeseclassic.com

မြေနုကြီးကို ဝါးလုံးတွေနှင့်ထိုးဖယ်ပြီး ခရီးဆက်ခဲ့ရ ပြန်သည်။

"ဒီခရီးမဆုံးသရွေ့ကတော့ ခုလို ကြုံတွေ့မှုကို ရင်ဆိုင်နေကြရမှာပဲလေ‥"

"သဲမြစ်ကိုရောက်ရင်တော့ ဆရာပဥ္စကို ကားနဲ့ မြို့ဘက်ကို သွားလို့ရပြီလေ‥"

"ဟီလူ့‥မင်းတို့ဒီဖောင်နဲ့ပြန်မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီပုံစံအတိုင်းဆိုရင်တော့ တောလမ်းကပဲ ခြေလျင်ဖြန်တော့မယ် ဆရာပဥ္စရေ… ဖောင်နဲ့ခရီးကို ကြောက်သွားပြီ… ဟာ.."

"ဘာဖြစ်တာလဲ ဘီလူး.."

"ချောင်းဝ နှစ်ခုဖြစ်နေတယ်၊ အရင်ဒီနေရာမှာ ချောင်းဝ တစ်ခုပဲရှိတာ ဆရာပဥ္စ"

"ဟီလူး..လမ်းများမှားနေပြီလား.."

"မမှားပါဘူးဆရာပဥ္စ..ဒီလမ်းက ကျွန်တော်သွားနေကျပါ၊ မရောက်တာ တစ်နှစ်လောက်ပဲရှိသေးတာပါ"

"မင်းချောင်းဝကို မမှတ်မိဘူးလား.."

"အရင်ချောင်းဝထိပ်မှာ ကျွန်းပင်ကြီး(၂)ပင်ရှိတယ်၊ အခု တစ်ပင်မှ မရှိတော့ဘူး.."

ချောင်းဝ(၂)ခုက ပုံစံတူဖြစ်နေတာကြောင့် ဟီလူး ဝေခွဲရခက်နေတော့သည်။

"ကျွန်တော်တို့ကပဲ ချောင်းဝတစ်ခုကိုရွေးပြီး သွားရတော့ မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆရာပဥ္စ··"

"ဒီအတိုင်းကြီးရပ်ထားလို့ ဘာမှမထူးမယ့် အတူတူ ချောင်းဝတစ်ခုထဲကို ဝင်မယ်ကွာ၊ မင်းအနီးစပ်ဆုံးရွေးချယ်လိုက်"

"ဒီဘက်ချောင်းဝထဲကနေ သွားမယ်"

ဟီလူရွေးချယ်တဲ့ချောင်းထဲသို့ ဖောင်ကိုရွေ့ပြီးဝင်ခဲ့ကြ တော့သည်။ ဟီလူဘေးဘက်တွေကို သူမှတ်မိသလောက် ကြည့်ရင်း··

"ဆရာပဥ္စရေ··ဒီချောင်းကတော့ သေချာသလောက်ပါပဲ၊ ဒါပေမဲ့ ရေစီးကြောင်းစီးပုံကြီးက ကြမ်းနေသလားလို့၊ အရင်ဒီချောင်းမှာ ရေဒီလောက်စီးတာမကြမ်းဘူး"

"ရေဘယ်လောက်နစ်သလဲဆိုတာ ဝါးနဲ့ထောက်ကြည့်စမ်း ဟီလူ··"

ဟီလူ··ဝါးနှင့်ရေအနက်ကိုထောက်ကြည့်တော့···

"ဆရာပဥ္စရေ··· ခါးလောက်ပဲရှိတယ်··"

ပဥ္စ··ဝါးလုံးထိပ်မှ သဲတွေကိုကိုင်ကြည့်ရင်း···

"ဒီသဲတွေက ရေထဲက သဲမျိုးတွေမဟုတ်ဘူးကွ၊ သဲသောင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုဆီက ရေစီးကြောင်းနဲ့မျောပါလာတဲ့သဲတွေဖြစ်မယ်၊ ဟီလူ..ကမ်းဘောင်တွေ ပြိုကျနေသလိုပဲနော်.."

"မောင်ပဉ္စရေ...ကမ်းတွေပြိုနေတယ်ကွ"

"ဝုန်း...ဖိုင်း.."

ကမ်းပြိုမှုတွေမှာ တစ်စတစ်စ ကြီးထွားလာနေသည်ကို တွေ့ရ၏။

"ဟာ...ဖောင်ကြီး အနိမ့်ပိုင်းကိုရောက်သွားသလိုပဲ"

"မောင်ပဉ္စ...ဘာတွေတွေ့နေပြီလဲ"

"အန်ကယ်..ကျွန်တော်တို့ သဲတွေနဲ့မျောနေပြီ.."

"ငါ တစ်ချက်သတိလစ်သွားတယ်"

"ဘာကိုလဲ အန်ကယ်.."

"ဒီချောင်းပုံစံက ချောင်းကောကြီးတစ်ခုဖြစ်နေသလိုပဲ၊ ဟိုဘက်ချောင်းသစ်ကနေ ရေလမ်းကြောင်းပြောင်းပြီး ဒီချောင်းကသဲတွေပြိုဝင်နေတာဖြစ်ရမယ်၊ အပေါ်ယံရေနည်းနည်းလောက်နဲ့ပြိုဝင်နေတာ.."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရှေ့မှာ ချိုင့်ဝှမ်းကြီးတစ်ခုရှိနိုင်ပြီ"

"ဖြစ်နိုင်တယ်..ကမ်းကိုအားကိုးပြီးကပ်လို့လည်း မရနိုင်တော့ဘူး"

ကမ်းပေါ်မှာ သစ်ပင်ကြီးတွေ တစ်ပင်မှမရှိတဲ့အပြင် ချုံကလေးတွေကလည်း ကမ်းပြိုမှုကြောင့်မျောပါနေကြပြီဖြစ်သည်။

"ဒီတစ်ခါ အန္တရာယ်ကတော့ အသက်ရှင်လမ်းတောင် မရှိနိုင်တော့ဘူးထင်တယ်"

"နောက်ဆုံးချိန်ထိတော့ ကြိုးစားရမှာပဲလေ.."

ကျွန်မတို့အားလုံးအတွက်တော့ နောက်ဆုံးထွက်သက်ကို စောင့်နေရသလို တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ထားကြရသည်။

ကိုပဥ္စကတော့ ရေထဲကိုဝါးဖြင့်ထောက်ပြီး စိုက်ကြည့်နေသည်။

"အောက်ကိုဆင်းလို့ရနိုင်မလား ဆရာပဥ္စ"

"မရဘူး ဟီလူ..ရေက တိမ်ပေမဲ့ သဲတွေက လူတစ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



လောက်မြုပ်နေတယ်၊ ဆင်းတာနဲ့ရေနစ်မှာမဟုတ်ဘူး၊ သဲနစ်ပြီး သေမှာ၊ ကူးလို့လည်းရမှာမဟုတ်ဘူး"

"ဟိုမှာချောင်းဝလေးတစ်ခု…"

ကျွန်မတို့စီးမျောနေတဲ့ သဲချောင်းကြီး၏အဝေးခပ်လှမ်းလှမ်း ၌ချောင်းဝလေးတစ်ခုကို တွေ့ရပေမဲ့ ဘယ်လိုမှ သွားဖို့မလွယ် ပေ…။

"ဟီလူ…မင်း ဖောင်ကိုဝါးလုံးတွေနဲ့ထောက်ပြီးထိန်းထား၊ ငါစက်လှေနဲ့ချောင်းဝကိုရောက်အောင်သွားမယ်၊ ငါတို့ကြိုးနဲ့မှီ နိုင်သလောက်ထိတော့ ကြိုးစားရမှာပဲ"

"ကိုပဥ္စ…ကျွန်တော်လိုက်ခဲ့မယ်"

"အေး…"

"ကြွေရီတို့ (၅)ယောက်ကိုခေါ်သွားမလား"

"ခေါ်သွားလို့မဖြစ်ဘူး၊ စက်လှေနဲ့ချောင်းဝထိစွန့်စားရမှာ"

"ကိုပဥ္စ…သတိမပေါ့နဲ့"

ကိုပဥ္စနှင့်မင်းမင်း စက်လှေကို စက်နှိုးပြီး သဲချောင်းကို ဖြတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျော်နေတော့သည်။ ပန်ကာမှာ အောက်ကသဲတွေကြောင့် ရုပ်ရုပ်သွားသဖြင့် အပေါ်ယံရှုပ်ပြီးမောင်းနေရသည်။ ဖောင်ကြီး ပေါ်မှာ ကျန်နေတဲ့သူတွေကတော့ ဝါးလုံးတွေဖြင့်ဖောင်ကို ထိန်း နိုင်အောင်ကြိုးစားနေရသည်။

"ဂျွိ...ဂျွိ...ဂျွိ..."

သဲတွေရဲ့ ထိုးစီးပြီးတိုက်နေမှုကြောင့် ဝါးလုံးတွေမှာ သိပ်ပြီး ကြာကြာခံနိုင်ရည်မရှိတော့ပေ..။

"ဗွီး..."

စက်လှေပန်ကာမှာ ထစ်ငေါ့ခြင်း သဲနှင့်တိုက်ခြင်းမရှိ တော့ဘဲ လွတ်လွတ်ကျွတ်ကျွတ်မောင်းလို့ရသွားသည်။

"ဒီချောင်းက သီးသန့်စီးနေတာ.."

"ကိုပဥ္စ..ကြိုးကကုန်တော့မယ်"

ပဥ္စ..ချောင်းကမ်းဘက်ကို ကြိုးပစ်တင်လိုက်ပြီး ကြိုး... မှီနိုင်သောသစ်ပင်ကိုရှာရတော့သည်။ သစ်ပင်ကြီးတွေ...စ်ပင်မှ မတွေ့ဘဲ လဲနေသော သစ်ပင်ကြီးမှာကြိုးကိုချည်နှောင်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဖြောင်း..ဝုန်း..ဒုန်း.."

"အမေ့...အိ...ဟော့.."

ဖောင်ကြီးကိုထိန်းထားသော ဝါးလုံးတွေကျိုးကာ ဖောင်ရှေ့သို့စိုက်ပြီးဆင်းသွားပေမယ့် ပဒ္မ...ကြိုးကိုသစ်ပင်ကြီးတွင် ဦးအောင်ချည်နှောင်ထားနိုင်တာကြောင့် ဆက်ပြီး မျောပါမသွားချေ..

"မင်းမင်းရေ ဒီဘက်ကနေကြိုးကိုထပ်ပြီးခိုင်အောင်လုပ်ထားတော့..ငါ လှေနဲ့သွားပြီးခေါ်ရမယ်.."

"ဟုတ်ကဲ့.."

ပဒ္မ...စက်လှေကို စက်မနှိုးတော့ဘဲ ကြိုးကိုဆွဲပြီး ဖောင်ဆီသွားရသည်။

"အရင်ဆုံး ကြွေရီတို့ (၅)ယောက်အရင်တက်"

ဖောင်ကြီးကို ဆွဲကပ်ဖို့ကြိုးစားပေမဲ့ ဘယ်လိုမှမရ။

"ငါတို့လူအင်အားနဲ့ကတော့ မရနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဖောင်ကြီးကို ဆုံးရှုံးဖို့ကတော့ များနေပြီ"

"ပစ္စည်းတွေ ရသလောက်သယ်ထားရင်ကောင်းမယ်၊ ဘယ် တတ်နိုင်မလဲကွာ၊ လူ့အသက်ထက်ဘာမှ အရေးမကြီး ပါဘူး‥"

ဖောင်ကြီးကို ကမ်းပေါ်မှလှမ်းကြည့်ပြီး အားမတန်လို့ လက် လျှော့လိုက်ကြပြီဖြစ်သည်။

"ဟယ်‥ရေ‥‥ရေ‥မရှိတော့ဘူး‥"

ဖောင်ကြီးအောက်တွင် ရေလုံးဝမရှိတော့ဘဲ သဲတွေကိုသာ တွေ့လိုက်ရတော့သည်။ ပြီးတော့ ကျွန်မတို့ရောက်နေသော ချောင်း ထဲမှ ရေများလည်း ချက်ချင်းကြီးထိုးကျသွားတော့သည်။

"သဘာဝဖြစ်စဉ်တွေက အံ့ဩဖို့ကောင်းလိုက်တာ"

"ဟုတ်ပါ့ကွာ‥"

သဲချောင်းနှင့်ရေချောင်းနှစ်ခုဟာ ရေကျသွားမှ တစ်လမ်း ကြောင်းစီဆိုတာကို ပေါ်ထွက်နေသည်။

ရေတက်ရင် တစ်ခုထဲလို့ထင်ရတာ၊ ရေကျသွားတော့ ကြား သဲသောင်ကြီးတစ်ခု ခြားနေတာကိုတွေ့ရ၏။ ဖောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုချည်ထားသော ကြိုးမှာတင်းပြီး မရှိတော့ဘဲလျှော့သွားပြီဖြစ်သည်။ ဖောင်ကြီးမှာ သဲတွေ မြုပ်လုလုဖြစ်သွား၍ ဆက်၍ မမျောတော့ပေ။

"မောင်လတ်…မင်းဘေးက ဝါးလုံး ငါ့ကိုပေး.."

မောင်လတ်ပေးသော ဝါးလုံးရှည်နှင့်သဲသောင်ဘက်ကို လျှောသွားလိုက်တော့ သဲတွေမှာ မာကြောနေပြီး ခြေထောက် တောင်နစ်မြုပ်ခြင်းမရှိတော့ပေ။

"ရှူ…အူ…"

"ဟာ…ဟယ်.."

ဆင်တွေအော်သံကြောင့် ကျွန်မတို့လှည့်ကြည့်လိုက်တော့ ဆင်ကြီး(၂)ကောင်ကို စီးလာသော လူ(၂)ယောက်ကိုတွေ့လိုက်ရသည်။

ကျွန်မတို့ အခက်အခဲတွေကိုပြောပြပြီး အကူအညီတောင်းကြရသည်။

"ခင်ဗျားတို့အားလုံးကံကောင်းတဲ့နေ့ပဲ… သစ်တောဝိုင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ညအိပ်ပြီး မနက်ကျမှ ခရီးဆက်ကြပေါ့ဗျာ၊ မြို့ကို (၃) နာရီလောက်သွားရင်ရောက်ပါပြီ..''

ကျွန်မတို့အတွက် ခရီးတာဝန်ကြီးက ပြီးဆုံးသွားခဲ့လေပြီ ဟု ထင်လိုက်တော့သည်။

ကျွန်မ နှုတ်ဆက်ခြင်းစကားတွေကို အင်အားမဲ့စွာနှင့် ဝေအေ မီးလေးတွေ လောင်ကျွမ်းနေတော့သည်။

''မောင်ပဥ္စက ဘယ်ထိပြန်ရမှာလဲကွ''

''ကျွန်တော်က လူတစ်ယောက်ကို အိမ်ထိလိုက်ပို့ပေးရဦး မှာ အန်ကယ်''

''ဘယ်သူ့ကိုလဲကွ''

''ကြွေရီမင်းသူဆိုတဲ့ မိန်းကလေးတစ်ယောက်ပါ''

''ရှင်..''

''ကျွန်မ အံ့အားသင့်စွာနှင့် ကိုပဥ္စကိုလှမ်းကြည့်မိသည်။

''ကြွေရီ..အံ့ဩနေမှာပေါ့၊ ကိုယ်က ပဥ္စလက်မြို့ကြီးထဲ မှာ သဘာဝတောထိန်းသိမ်းရေးနဲ့သုတေသနလုပ်ဖို့တာဝန်ကျနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူလေ"

"ဒါကြောင့် ပဥ္စလက်မြိုင်တောကြီးအကြောင်းကို သိနေတာ တို ဆက်ပြီးပြောပါဦး"

"တစ်နေ့ ကိုယ့်ဆီကို ကိုယ့်ရဲ့မွေးစားဖေဖေရောက်လာတယ်၊ သူက ကြွေရီဖခင်ကြီး ဖေယျာမင်းသူရဲ့ညီ..ဦးသူရမောင်ပါ"

"ကျွန်မဘဝမှာက ဆွေမျိုးသားခြင်းဆိုတာ တစ်ယောက်မှ မသိခဲ့ဘူး ကိုပဥ္စ.."

"ဟုတ်ပါတယ်..ကြွေရီ ဖေဖေနဲ့မေမေဟာ ဆွေမျိုးသား ချင်းတွေကို နာကြည်းချက်တွေနဲ့အားလုံးကို အဆက်အသွယ် ဖြတ် ပြီး သူတို့ဘဝကို တည်ဆောက်ခဲ့ကြတာလေ.."

"ဒါကလည်း သူတို့ရဲ့မာနတရားတွေကြောင့်ပါ.."

"ဘာကြောင့် နာကြည်းခဲ့ရတာလဲ"

"ကြွေရီမေမေကို ယူလို့ ဆွေမျိုးတွေကသဘောမတူဘဲ သူတို့ကို ဥပေက္ခာပြုထားလို့လေ"

"မေမေက ဆင်းရဲလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"အကြော်သည် မုဆိုးမကြီးရဲ့သမီးဖြစ်တဲ့အပြင်ကြွေရှိဘိုးဘိုး က လူဆိုးလူမိုက်ကြီးဆိုတဲ့အပေါ်မှာ·· အထင်သေးခဲ့ကြတာပါ၊ နောက်တော့လည်း သူတို့ရဲ့ အမှားတွေပေါ်မှာနောင်တရပြီး ကြွေရှိ ဖခင်နဲ့ မိခင်ကို ပြန်ရှာတော့အားလုံးနောက်ကျနေပါပြီ၊ ကြွေရှိ မေမေဆုံးပြီး ဖေဖေ ထောင်ထဲကိုရောက်တော့မှပြန်ပြီးတွေ့ခဲ့ကြ တာ၊ ဒီအချိန်မှာ ကြွေရှိက တစ်ဖက်နိုင်ငံကိုရောက်နေပြီ··"

"ကိုပဥ္စရဲ့မိဘအရင်းတွေကရော··"

BURMESE CLASSIC

"ကိုယ့်ရဲ့ဖေဖေနဲ့မေမေက (၈)တန်းကျောင်းသားဘဝမှာ ဆုံးသွားခဲ့ပြီလေ၊ မွေးစားဖခင်ကြီး ဦးသူရမောင်ကဆက်ပြီး မွေး စားခဲ့တာလေ၊ သူ့ရဲ့တူမလေး တစ်ဖက်နိုင်ငံကို ရောက်နေတာ ကို ရှာဖို့ ကိုယ့်ကိုတာဝန်ပေးခဲ့တာပဲ၊ ကိုယ်ဝင်ရှာတော့ သူငယ် ချင်းကိုသိုက်နဲ့တွေ့ပြီး သူက တစ်ဖက်ကနေ ထုတ်ပေးပြီး၊ ဒီဘက် ကမ်းကို တာဝန်ယူခိုင်းခဲ့တာလေ··"

"ကိုပဥ္စ··ကျွန်မကို ဘယ်လိုလုပ်ပြီးသိလဲ"

"မင်းဦးလေးဆီမှာ မင်းရဲ့ဓာတ်ပုံလေးတစ်ပုံပါလာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သိပြီ...ကျွန်တော့်ကားကို လူ(၂)ယောက်လာမယ်ဆို တာ ကြွေရီတို့ကိုဗျ"

"ကျွန်မတို့ ထမင်းဆိုင်မှာ ကိုမင်းမင်းနဲ့မဆုံရင်ဘယ်လို လုပ်မလဲဟင်..."

"ဒီတော့လည်း အတင်းဆွဲခေါ်ရမှာပေါ့လေ"

"မောင်ပဒ္မ.."

"ဗျာ..ဦးကျော်ဇော.."

"မင်း..ကြွေရီကို လိုက်ပို့တာတော့ဟုတ်ပါပြီ..မင်္ဂလာပွဲကို ငါက ဘယ်တော့မှ လုပ်ပေးရမှာလဲ.."

"ခင်ဗျာ.."

"ရှင်..."

"ကဲပါ..ကြွေရီရယ်..ခုကျမှတော့ မူမနေပါနဲ့တော့ဟာ၊ မင်္ဂလာရက်ကိုပြောလိုက်.."

"ဟဲ့..ကောင်မစုတ်..ငါတို့နှစ်ယောက်က ပြောမနေနဲ့ တော့၊ ပဒ္မလက်မြိုင်ကြီးရဲ့ ဖူးစားရှင်တွေထဲမှာ မင်းတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဂန္ထဝင်မြောက်တဲ့စုံတွဲပဲ..”

“မချစ်လည်း ချစ်ရမှာပဲ..”

ကျွန်မတို့ (၂)ယောက် ဘာမှ ပြောင်းဆိုခြင်းမရှိတော့ဘဲ ငြိမ်သက်စွာဝန်ခံလိုက်တော့သည်။ ဘယ်သူမှမသိအောင်တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်လျက်.....

*ပရိသတ်များကိုအစဉ်လေးစားလျက်*

ရွှေဘဝင်

www.burmeseclassic.com